# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ ပထမဝါဆိုလပြည့်ကျော် (၁၄) ရက်၊ တနင်္ဂနွေနေ့ ၊ (16-7-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၀၇၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံကုန်ထုတ်လုပ်မှုမြှင့်တင်ရေး အစည်းအဝေးကျင်းပ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံကုန်ထုတ်လုပ်မှုမြှင့်တင်ရေးအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၁၅**

နိုင်ငံကုန်ထုတ်လုပ်မှုမြှင့်တင်ရေးအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် ဒုတိယဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့အစည်းအဝေးတွင် လူဦးရေအရများပြားသည့်၊ အဓိကသီးနှံများစိုက်ပျိုးထုတ်လုပ်သည့်၊ မွေးမြူရေးလုပ်ငန်းများနှင့် MSME ကုန်ထုတ်လုပ်ငန်းများတွင် အားအကောင်းဆုံးဖြစ်သည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များကိုဖိတ်ခေါ်၍ အစည်းအဝေးတက်ရောက်စေခြင်းဖြစ်ကြောင်း၊ ယခုတက်ရောက်လာသည့် တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် နေပြည်တော်ကောင်စီနယ်မြေတို့၏ စုစုပေါင်းလူဦးရေမှာ သန်း ၄၀ ကျော်(နိုင်ငံလူဦးရေ၏ ၅ ပုံ ၄ ပုံ)ရှိပြီး

စာမျက်နှာ ၁၆ ကော်လံ ၁ သို့


ASEAN-OSHNET AWARD တွင် Best Practices Award ရရှိခဲ့သော ရွှေဖီဦး

သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ရွှေဖီဦး

FDA အမှတ် ၀၄/ ၁၄၀၉၁/ထလ

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၈၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မရမ်းကုန်း၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာတော်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၅၁၀၀၉၀၇၇



ရတနာပုံ
၂၀၂၃ ခုနှစ် ဇူလိုင် ၁၆ ရက်
အယ်ဒီတာ့အာဘော်

# အာဇာနည်ခေါင်းဆောင်ကြီးများကို ကြည်ညိုလေးစားလျှင်

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ မြန်မာ့အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ကို အထိမ်းအမှတ်ပြုပြီး နှစ်စဉ် ဇူလိုင် ၁၉ ရက်နေ့တိုင်းကို အာဇာနည်နေ့အဖြစ် ကျင်းပလျက်ရှိသည်။ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂုဏ်မာန်၌ နိုင်ငံတော်အကြီးအကဲကိုယ်တိုင်ဦးဆောင်၍ နိုင်ငံတော်၏လွမ်းသူ့ပန်းခွေကိုချ၍ အလေးပြုသည်။ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များ၊ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ပြည်သူများကလည်း အာဇာနည်နေ့တွင် အထိမ်းအမှတ်ဂုဏ်မာန်အသီးသီး၌ လွမ်းသူ့ပန်းခွေချ ဂါရဝပြု မေတ္တာပို့သ အမျှပေးဝေကြ၊ အလေးပြုကြသည်။

အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် နှစ်ပေါင်း ၁၀၀ ကျော် နယ်ချဲ့လက်အောက်တွင် သူ့ကျွန်ဘဝကျရောက်နေသော မြန်မာနိုင်ငံကို လွတ်လပ်ရေးရရှိအောင် သက်စွန့်ကြိုးပမ်းခဲ့သည်။ လွတ်လပ်ရေးကို အနုနည်းနှင့်မရလျှင် မဖြစ်မနေတိုက်ယူရန် ဆုံးဖြတ်ဦးဆောင်ခဲ့သူဖြစ်သည်။ နယ်ချဲ့တို့၏ သွေးခွဲမှုခံထားရသည့် တိုင်းရင်းသားခေါင်းဆောင်များကို စည်းရုံးသည်။ ပြည်သူအပေါင်းကို မျိုးချစ်စိတ်ဓာတ်နိုးကြားလာအောင် ကိုယ်ပိုင်အုပ်ချုပ်ခြင်းနှင့် လွတ်လပ်ရေးရရှိခြင်း၏ ဂုဏ်သိက္ခာရှိမှုအပေါင်းတို့ကို နားလည်အောင် ပြင်းပြင်းထန်ထန် ကြိုးစားစည်းရုံးလှုပ်ရှားခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ကြိုးပမ်းမှုအပေါင်းကြောင့် အမျိုးသားစည်းလုံးညီညွတ်မှု မှတ်တိုင်ကြီးဖြစ်သော ပင်လုံစာချုပ်ကို တိုင်းရင်းသားများနှင့်အတူ စုပေါင်းလက်မှတ်ရေးထိုးကာ ၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး လွတ်လပ်ရေးရရှိခဲ့သော်လည်း လွတ်လပ်ရေး၏ အကျိုးကျေးဇူးကို ဗိုလ်ချုပ်အောင်ဆန်း မခံစားခဲ့ရပါ။ လွတ်လပ်ရေးရရှိခါနီး ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ရန်ကုန်မြို့အတွင်းဝန်ရုံး၌ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ သခင်မြ၊ ဒီးဒုတ်ဦးဘချို၊ ဦးရာဇတ်၊ ဦးဘဝင်း၊ မန်းဘခိုင်၊ မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်း၊ အတွင်းဝန် ဦးအုန်းမောင်၊ ရဲဘော်ကိုထွေးတို့သည် မသမာသူလူတစ်စု၏ လုပ်ကြံပစ်ခတ်မှုကြောင့် ကျဆုံးခဲ့ကြရပါသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးတို့ တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ရသည့် ဇူလိုင် ၁၉ ရက်ကို အာဇာနည်နေ့အဖြစ်သတ်မှတ်ကာ အထိမ်းအမှတ်အခမ်းအနားများ၊ အလေးပြုအမျှဝေခြင်းများကို နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုနှစ်ဆိုပါလျှင် ၇၆ နှစ်မြောက်ကာလသို့ပင် ရောက်ရှိလို့လာပြီဖြစ်ပါသည်။

ထိုသို့ အာဇာနည်ခေါင်းဆောင်ကြီးများကို ကြည်ညိုလေးစားလျှင် တစ်နှစ်တစ်ကြိမ် သတိတရ၊ လွမ်းဆွတ်ကြရုံမျှဖြင့် အမှန်တကယ်ကျေးဇူးဆပ်ရာမရောက်ပါ။ ဗိုလ်ချုပ်အောင်ဆန်း အသက်ပေးဆောင်ရွက်ခဲ့သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တစ်နိုင်ငံလုံးငြိမ်းချမ်းသာယာဝပြောပြီး အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုမပြိုကွဲရေးတို့ကို လွတ်လပ်ရေးအမွေနှင့်အတူ အစွန့်ရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရပါမည်။ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့်အတိုင်း မိမိတို့တိုင်းရင်းသားအားလုံး၊ မျိုးချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် စည်းလုံးညီညွတ်ကြပြီး နိုင်ငံတော်အတွက် ကျရာအခန်းကဏ္ဍမှ တာဝန်ကျေပွန်သူ နိုင်ငံ့သားကောင်းများဖြစ်အောင် လိုက်နာဆောင်ရွက်နေထိုင်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဇူလိုင် ၁၅**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေဠုဝန်ကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့် ပြည်သူစုစုပေါင်း ၄၀၅၄၄၁ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"မဟာမုနိရုပ်ရှင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ နေ့စဉ်လာရောက်ဖူးမြော်ကြပါတယ်။ ရာသီဥတုသာယာတာကြောင့် မြို့ပေါ်နဲ့ နယ်တွေက လာရောက်ဖူးမြော်သူတွေ စည်ကားနေပါတယ်။ ဝါဆိုခြင်းအလှခတ်ပွဲတော်လဲရှိတာကြောင့် ဘုရားဖူးတွေ၊ လာရောက်ကြည့်ရှုတဲ့ ခြင်းဝါသနာရှင်တွေနဲ့ စည်ကားနေတာကို တွေ့ရပါတယ်။ ပြတိုက်က သမိုင်းဝင်ပြခန်းတွေကိုလဲ ဝင်ရောက်လေ့လာကြတာ တွေ့ရပါတယ်။ ဘုရားဖူးတွေဟာ ငါးကန်၊ လိပ်ကန်ကိုသွားပြီး ငါးစာ၊ လိပ်စာတွေ ကျွေးကြပါတယ်။ ရှုခင်းကောင်းတဲ့နေရာတွေမှာလဲ အလှဓာတ်ပုံရိုက်သူတွေနဲ့ စည်ကားနေပါတယ်။ ဆိုင်ခန်းတွေလဲ ဖွင့်လှစ်ရောင်းချနေပြီး ဘုရားဖူးတွေက အမှတ်တရပစ္စည်းတွေ ဝယ်ယူနေတာကို တွေ့ရပါတယ်။ နေ့ထူးနေ့မြတ်ရက်တွေဆိုရင် ဘုရားဖူးဦးရေ များပါတယ်"ဟု မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူးဦးရေ ၄၀၃၃၀၃ လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း သိရသည်။

ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၁၆၀၇ ဦး လာရောက်ဖူးမြော်ကြောင်း ဝေဠုဝန်ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၅၃၁ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်တွင် ပဲနီပြား အရောင်းအဝယ်ကောင်းမွန်ပြီး သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀ ပေါက်ဈေးရှိလာ

**မန္တလေး ဇူလိုင် ၁၅**

မန္တလေးဈေးကွက်တွင် ပဲနီပြား အရောင်းအဝယ် ကောင်းမွန်ပြီး သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိတွင် ပဲနီပြားကို ပြည်ပနိုင်ငံများက ဝယ်ယူမှုများရှိသည့်အပြင် ပြည်တွင်း၌ပါ အရောင်းအဝယ်ကောင်းလာခြင်းကြောင့် ပဲနီပြားများ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"ပဲနီပြားတွေက မန္တလေးဈေးကွက်ထဲမှာ အခုလတ်တလော အရောင်းအဝယ်ကောင်းတဲ့အမျိုးအစားထဲမှာပါတယ်။ အခုလက်ရှိမှာတော့ ပဲနီပြားတွေကို ဈေးကောင်းပေးပြီး ဝယ်ယူနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ဇူလိုင်လပထမပတ်က ပဲနီပြားဈေးနှုန်းမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၅၅၀၀၀ သာပေါက်ဈေးရှိခဲ့သော်လည်း ဇူလိုင် ၁၄ ရက်တွင် ပဲနီပြားဈေးနှုန်းမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀ ထိ ပေါက်ဈေးရှိနေပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။

"မန္တလေးဈေးကွက်ထဲမှာ အခုက ပဲနီပြားတွေ ပြန်ပြီးအဝယ်လိုက်လာတယ်။ ပဲအမျိုးအစားထဲမှာတော့ အရောင်းအဝယ်အကောင်းဆုံးအမျိုးအစားမဟုတ်ပေမဲ့ အဝယ်ပြန်လိုက်လာတာကြောင့် ဈေးကောင်းပြန်ရလာပါတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

# မင်းကွန်းအနီး ဧရာဝတီမြစ်အတွင်း ဧရာဝတီလင်းပိုင် ၁၉ ကောင် အုပ်စုလိုက်ပြောင်းရွှေ့နေထိုင်ကျက်စားလျက်ရှိ

**မန္တလေး ဇူလိုင် ၁၅**

မင်းကွန်းအနီး ဧရာဝတီမြစ်အတွင်း ဇူလိုင် ၁၃ ရက်မှစ၍ ဧရာဝတီလင်းပိုင် ၁၉ ကောင် အုပ်စုလိုက် ပြောင်းရွှေ့နေထိုင်ကျက်စားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ဧရာဝတီမြစ်အတွင်း လင်းပိုင်ထိန်းသိမ်းရေး ဇရိယာဖြစ်သည့် မန္တလေးမှ ကျောက်မြောင်းကြားတွင် ဧရာဝတီလင်းပိုင်များ နေထိုင်ကျက်စားလျက်ရှိကြောင်း၊ ဧရာဝတီလင်းပိုင်များ နေထိုင်ကျက်စားသည့်နေရာကို အတိအကျသိရှိနိုင်ရန် ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများသည် စက်လှေဖြင့် ဧရာဝတီလင်းပိုင်များကို သွားရောက်ကြည့်ရှုခဲ့ရာ မင်းကွန်းအနီးတွင် အုပ်စုလိုက်ပြောင်းရွှေ့နေထိုင်ကျက်စားလျက်ရှိသည်ကို တွေ့ရှိခဲ့ကြောင်း သိရသည်။

"အခုက ဧရာဝတီမြစ်အတွင်း ရေများချိန်ကာလဖြစ်တာကြောင့် လင်းပိုင်တွေ အစာပေါတဲ့နေရာတွေကို မကြာခဏပြောင်းရွှေ့နေထိုင်ကျက်စားကြတယ်။ ဇူလိုင် ၁၃ ရက်မနက်ပိုင်းက လင်းပိုင်ထိန်းသိမ်းရေးဇရိယာထဲသွားကြည့်တော့ ဧရာဝတီလင်းပိုင်တွေ မင်းကွန်းအနီးမှာ ၁၉ ကောင်လောက် နေထိုင်ကျက်စားနေတာကို တွေ့ခဲ့ရတယ်"ဟု ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြသည်။

ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဇရိယာဖြစ်သည့် မန္တလေးမှ ကျောက်မြောင်းကြားတွင် နေထိုင်ကျက်စားလျက်ရှိသည့် ဧရာဝတီလင်းပိုင်များကို ရေလုပ်သားများအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# နေပြည်တော်၌ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းဆင်း

**နေပြည်တော် ဇူလိုင် ၁၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခရိုင်၊ မြို့နယ်တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများရုံးလုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေလွယ်ကူစေပြီး စွမ်းဆောင်ရည်ပိုမိုမြင့်မားလာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သည့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ ငွေစာရင်းထိန်းသိမ်းနည်း သင်တန်းဆင်းပွဲကို ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးသန်းဦးက သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းကသင်ကြားပို့ချပေးခဲ့သည့် သင်ခန်းစာများကို လက်တွေ့လုပ်ငန်းခွင်တွင် အကျိုးရှိရှိ ပြန်လည်အသုံးချရန်နှင့် မိမိတို့၏ စွမ်းဆောင်ရည်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင်ကြိုးစားရန် ပြောကြားသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက သင်တန်းဆင်း လက်မှတ်များကို သင်တန်းသား၊ သင်တန်းသူများထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါသင်တန်းသို့ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လယ်ဝေးခရိုင်၊ ပျဉ်းမနားခရိုင်၊ ဇေယျာသီရိခရိုင်၊ ဥတ္တရခရိုင်၊ လယ်ဝေးမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့မှ သင်တန်းသား၊ သင်တန်းသူ ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ဘဏ္ဍာရေးဆိုင်ရာ အခြေခံအချက်များ၊ (၃၈)ပုံစံများ ရေးသွင်းနည်း၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှု စည်းမျဉ်းစည်းကမ်းများနှင့် စီမံကိန်းဆိုင်ရာ ငွေစာရင်းထိန်းသိမ်းနည်း စသည့် သာသာရပ်များကို ကျွမ်းကျင်ဆရာ၊ ဆရာမများက ဇူလိုင် ၁၀ ရက်မှ ၁၄ ရက်ထိ ငါးရက်ကြာ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ရှိုးသန်းညွန့်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓမ္မဝိတာဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင်မန္တလေးမြို့နေ ဦးကျော်ဇွာမိုး-ဒေါ်ခင်နွဲ့ဘာမိသားစုက မနွေးရတာသန့် မွေးနေ့အထိမ်းအမှတ်အဖြစ် ဆွမ်းအလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ မဟာသဒ္ဓမ္မဇောတိကဓဇ ဂရိတ်ဦးမြဝင်း၊ ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်နှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# ယခုနှစ် ဇန်နဝါရီလမှ ဇွန်လထိ ပြည်ပနိုင်ငံများသို့ ကြိမ်အချောထည်ပစ္စည်း ၂၇၅၀၀၀၊ ကြိမ်လုံးရေ ၁၄၀၀၀၀ တင်ပို့ထား



**နေပြည်တော် ဇူလိုင် ၁၅**

ယခုနှစ် ဇန်နဝါရီလမှ ဇွန်လထိ ပြည်ပနိုင်ငံများသို့ ကြိမ်အချောထည်ပစ္စည်း ၂၇၅၀၀၀၊ ကြိမ်အလုံးရေ ၁၄၀၀၀၀ တင်ပို့ထားကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလင်းထင်ထံမှ သိရသည်။

ကြိမ်အချောထည်ပစ္စည်းများ တင်ပို့ရာတွင် တင်ပို့သည့် ကြိမ်အချောထည်ပစ္စည်း အမျိုးအစားများမှာ လေးထောင့်ပုံကြိမ်ခြင်း၊ ကြိမ်ဆန်ခါ၊ အဝိုင်းပုံနှင့် လေးထောင့်ပုံအောက်ခံပြား၊ ကြိမ်မီးအုပ်ဆောင်း စသည့်ကြိမ်လက်မှုအချောထည်ပစ္စည်းများ ဖြစ်ကြောင်း၊ ပုဂ္ဂလိကကဏ္ဍမှ အများဆုံးတင်ပို့ထားခြင်းဖြစ်ပြီး ကြိမ်လက်မှုပစ္စည်းများ ထုတ်လုပ်ရာတွင် ရေကြိမ်၊ ကြိမ်နီနှင့် ကြက်ဥကြိမ်တို့ကို အများဆုံးအသုံးပြုကြကြောင်း သိရသည်။

"ကြိမ်အချောထည် တင်ပို့နိုင်မှုကတော့ အခုနှစ် ဇန်နဝါရီလကနေ ဇွန်လအတွင်း ကြိမ်အချောထည်ပစ္စည်းပေါင်း ၂၇၅၀၀၀ တင်ပို့နိုင်ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ နိုင်ငံတွေကတော့ အာဆီယံဒေသတွင်းမှာဆိုရင် စင်ကာပူနိုင်ငံ၊ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံ၊ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေ၊ အမေရိကန်နိုင်ငံနဲ့ အာဖရိကနိုင်ငံတွေ ဖြစ်ပါတယ်။ ကြိမ်လက်မှုအချောထည်တွေအပြင် ကြိမ်အလုံးလိုက် တင်ပို့မှုလဲရှိပါတယ်။ ကြိမ်လုံးရေ ၁၄၀၀၀၀ တင်ပို့ထားတယ်။ သစ်တောဦးစီးဌာနအနေနဲ့ ကြိမ်ကိုအချောထည် ပစ္စည်းတွေအဖြစ် ထုတ်လုပ်ပြီး ပြည်ပတင်ပို့မှုကို ဆောင်ရွက်နေပါတယ်"ဟု ဒုတိယညွှန်ကြားရေးမှူး ဦးလင်းထင်က ပြောပြသည်။

မြန်မာနိုင်ငံတွင် ပေါက်ရောက်သော ကြိမ်အမျိုးအစားများမှာ သိုင်းကြိမ်၊ နွံကြိမ်၊ ကြိမ်ခါး၊ လက်ပံကြိမ်၊ ရေကြိမ်၊ ကြိမ်နီ၊ ကြိမ်ဖြူလေးခေါ် ထားဝယ်ကြိမ်၊ ရမထာကြိမ်၊ ကပေါင်းကြိမ်၊ သာပေါင်းကြိမ်၊ လက်မဲကြိမ်၊ ကြိမ်ပုတ်၊ ဂရေလီကြိမ်၊ ဝါးပိုးကြိမ်၊ ကြိမ်ဖန်၊ အူပွကြိမ်၊ ဆင်ကြိမ်၊ ဝါးအူကြိမ် စသည်တို့ဖြစ်ကြောင်း သိရသည်။

ASH

# အမရပူရမြို့နယ်၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မန္တလေး ဇူလိုင် ၁၅**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဆောင်ရွက်မည့် ဝဲကြီးဆင်ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ မိတ်ဆက်ရှင်းလင်းခြင်း၊ ကော်မတီဖွဲ့စည်းခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများနှင့် ပတ်သက်၍ ပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးနှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ၁၁ ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အမရပူရမြို့နယ် ဝဲကြီးဆင်ကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် VDP စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ကျေးရွာ၏ ပကတိလိုအပ်ချက်များ ဖော်ထုတ်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးက ပြောပြ၍ သိရသည်။

**ကျော်ဦး**

# မိတ္ထီလာမြို့နယ် ညောင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ်ထုတ်ချေး

**မိတ္ထီလာ ဇူလိုင် ၁၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မကျီးစုကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ်ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိတ္ထီလာခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမင်းလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယခင်က စီမံကိန်းကျေးရွာများတွင် ရန်ပုံငွေထုတ်ချေးခြင်း၊ အရင်း၊ အတိုး ပြန်လည်ပေးဆပ်ခြင်းလုပ်ငန်းစဉ်များကို Manual Cash - based စနစ်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ လုပ်ငန်းစဉ်များ ပိုမိုအဆင်ပြေချောမွေ့စေရန်အတွက် Mobile Financial Payment စနစ်သို့ ပြောင်းလဲအသုံးပြုနိုင်ရေး ရှေ့ပြေး စမ်းသပ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက Digital နည်းပညာကိုအသုံးပြု၍ Mobile Phone မှတစ်ဆင့် ညောင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း နဝမအကြိမ်အဖြစ် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၁၁၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦး၊ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၂၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၆၁ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **မြိုးထက်အောင်(ပျော်ဘွယ်)**



# ဈေးရောင်းခြင်းနည်းဗျူဟာ

မျိုးသူ(ကုန်သွယ်မြှင့်)

ဈေးရောင်းပြီဆိုသည်နှင့် ရောင်းရမည့်ကုန်ပစ္စည်းရှိရမည်၊ ရောင်းမည့်နေရာရှိရမည်၊ ဈေးနှုန်းတစ်ခုရှိရမည်၊ ရောင်းကုန်ကို အရောင်းမြှင့်တင်ပေးရမည်ဆိုသည့် ဈေးကွက်ဖော်ထုတ်ရေးလုပ်ငန်းစဉ်ကိုအများသိရှိပြီးဖြစ်သည်။ ဈေးကွက်ဖော်ဆောင်သူများက 4-P(Product, Place, Price and Promotion) ဟုခေါ်သည့် အထက်ပါအကြောင်းအရာများကို သိရှိပြီးဖြစ်ကြသည်။ ဖီးလစ်ကော့တ်လာဆိုလျှင်လည်း ဈေးကွက်ဖော်ထုတ်ရေးဘုရင်ဟု သိကြသည်။

မြန်မာနိုင်ငံတွင် လက်တွေ့ဈေးရောင်းခြင်းလုပ်နေသည့် သူများကိုကြည့်လျှင် ပစ္စည်းသေးသေးမှ အကြီးမားဆုံးပစ္စည်းများထိ ရောင်းသူများရှိကြသည်။ ထိုအထဲမှ မြန်မာသူဌေးကြီးတစ်ဦးက ကုန်ရောင်းချရေးနည်းဗျူဟာတစ်ခုကို လက်တွေ့ကျကျ အတိုတောင်းဆုံးရှင်းပြသည်ကို ထပ်ဆင့်ဖော်ပြလိုသည်။ အချက်အလက်များ အများအပြားရှိသော်လည်း အဓိကအချက် ငါးချက်သာရှိသည်။ အဆိုပါအချက်ငါးချက်မှာ သိအောင်လုပ်၊ ယုံအောင်လုပ်၊ ကြိုက်အောင်လုပ်၊ ဝယ်အောင်လုပ်၊ ထပ်ဝယ်အောင်လုပ်တို့ဖြစ်သည်။

**သိအောင်လုပ်ပါ**

ရောင်းချမည့်ကုန်ပစ္စည်းအကြောင်းကို ရောင်းမည့်သူကိုယ်တိုင်က ကောင်းစွာသိနားလည်ထားရမည်။ မိမိရောင်းမည့်ကုန်ပစ္စည်းကို ကိုယ်တိုင်က ယုံကြည်မှုရှိရမည်။ အရည်အသွေးနှင့် အရေအတွက်၊ အလေးချိန်၊ စသည်များကို ကောင်းစွာသိနားလည်ထားရန် လိုအပ်သည်။ ရောင်းမည့်ကုန်ပစ္စည်းအကြောင်းကို မရောင်းမီ ကောင်းစွာ ကျေညက်နားလည်နေရန် လိုအပ်သည်။ ကုန်ပစ္စည်းထုတ်လုပ်သူအနေဖြင့်လည်း ထုတ်ကုန်ကို ကောင်းစွာသိနားလည်နေရန် လိုအပ်သည်။ ထို့အတူ ရောင်းမည့်သူများဖြစ်သော လက်လီနှင့် လက်ကား ကုန်သည်များ၊ ပွဲစားများသည်လည်း သိနေရန် လိုအပ်သည်။ ထို့ပြင် မိမိကုန်ပစ္စည်းကို ဝယ်ယူမည့်သူ သို့မဟုတ် စားသုံးမည့်သူက ကောင်းစွာသိရှိရန် လိုအပ်သည်။

ဈေးကွက်အသစ်ထိုးဖောက်သည့်အခါတွင်လည်းကောင်း၊ ကုန်ပစ္စည်းအသစ်ကို ဈေးကွက်ရှာဖွေဖော်ထုတ်သည့်အခါတွင်လည်းကောင်း အစဦးစွာ လုပ်ဆောင်ရမည့်အလုပ်မှာ လူများသိအောင်လုပ်ခြင်းဖြစ်သည်။ ထို့ကြောင့် ကုန်ပစ္စည်းကြော်ငြာခြင်း၊ ဈေးကွက်ရှာဖွေခြင်း၊ ဈေးကွက်ဖော်ထုတ်ခြင်းများကို ငွေကြေးများစွာ အကုန်အကျခံ၍ ဆောင်ရွက်ကြခြင်းဖြစ်သည်။ ယနေ့ခေတ်တွင် မြန်မာနိုင်ငံ၌ အလွယ်ဆုံးသော ဈေးကွက်ထိုးဖောက်သည့်ဗျူဟာကို Facebook ဖြင့် ကောင်းစွာပြုလုပ်နိုင်ပြီဖြစ်သည်။

ကုန်ပစ္စည်းအကြောင်းကို ထုတ်လုပ်သူက ကောင်းစွာသိနားလည်သော်လည်း တစ်ခါတစ်ရံတွင် အရောင်းတာဝန်ခံများ၊ ဈေးကွက်ဖော်ထုတ်ရေးသမားများက ကောင်းစွာနားမလည်သည်များကိုလည်း တွေ့ရှိနေရသည်။ ထိုသူများ မသိနားမလည်လျှင် နားလည်ကျွမ်းကျင်အောင် ရောင်းချမည့်ကုန်ပစ္စည်းနှင့်ပတ်သက်၍ မည်သည့်ဘက်ကစမ်းစမ်း အစမ်းခံနိုင်သည်၊ အမေးခံနိုင်သည်၊ ကောင်းစွာနားလည်သဘောပေါက်သည်ကို ပြသနိုင်ရမည်ဖြစ်သည်။ ထို့ကြောင့် ကုန်ပစ္စည်းတစ်ခုကို ရောင်းချမည်ဆိုလျှင် ကိုယ်တိုင်သိအောင်လုပ်ပါ။ ကိုယ့်လူများဖြစ်သော ဝန်ထမ်းများ၊ အရောင်းသမားများ သိအောင်လုပ်ပါ။ နောက်ဆုံးတွင် ဝယ်ယူမည့်သူများသိအောင်လုပ်ရမည်ဖြစ်သည်။ ထို့ပြင် အရောင်းမြှင့်တင်ရေးသမားများသည် ကျွမ်းကျင်သည်ထိသိနားလည်ပြီး စားသုံးသူနှင့်ဝယ်ယူသူများက မိမိရောင်းကုန်ကို ကောင်းစွာသိနားလည်သည်ထက် နားလည်စေရန် လုပ်ဆောင်ရမည်ဖြစ်သည်။ ရောင်းချသူများကလည်း ဝယ်ယူသူများသိရှိအောင်လုပ်ရမည့်အချက်များတွင် ကုန်ပစ္စည်းအရည်အသွေးမှန်ကန်ကြောင်း၊ ကုန်ပစ္စည်းအလေးချိန်မှန်ကန်ကြောင်း၊ ဈေးနှုန်းမှန်ကန်ကြောင်း၊ မှန်ကန်သစ္စာရှိသည့်ရောင်းချသူဖြစ်ကြောင်းသိစေရန် စသည်တို့ ဆောင်ရွက်နေရန်လိုသည်။

**ယုံအောင်လုပ်ပါ**

ဝယ်ယူသူများသည် ကုန်ပစ္စည်းအုပ်စုများ၊ ကုန်ပစ္စည်းအမျိုးအစားတူရာများကြားမှ ကုန်အမှတ်တံဆိပ်များကိုကြည့်ပြီး ရွေးချယ်ကြရခြင်းမျိုးဖြစ်သည်။ မြန်မာနိုင်ငံတွင် လက်လီဆိုင်များ၌ ရောင်းချတတ်သည့်ဆန်ကိုအလွတ်ရောင်းချခြင်းနှင့် စားသုံးဆီကိုအလွတ်ရောင်းချခြင်းမျိုးတွင်မူ ဆိုင်ရှင်နှင့် ဆိုင်နာမည်တို့ကို ကြည့်၍ စားသုံးသူများက ဝယ်ယူတတ်သည်။ တစ်နည်းအားဖြင့်ပြောရလျှင် ဝယ်ယူသူများသည် ကုန်အမှတ်တံဆိပ်အသစ်အဆန်းများနှင့်စာလျှင် ဝယ်နေကျပစ္စည်း၊ ဝယ်နေကျအမှတ်တံဆိပ်တို့ကိုသာ ဦးစားပေးရွေးချယ်တတ်ကြသည်။ ထိုသို့သော ဈေးကွက်အခြေအနေထဲသို့ တိုးဝင်ရသည့်အခါတွင် ဝယ်ယူသူများဘက်က ရောင်းချမည့်ကုန်ပစ္စည်းကို ကောင်းစွာသိရှိအောင်ဆောင်ရွက်ပြီးသည့်အခါတွင် အဆိုပါကုန်ပစ္စည်းကို ဝယ်ယူချင်စိတ်ဖြစ်ပေါ်သည်ထိ ယုံကြည်မှုရှိလာစေရန် လိုအပ်သည်။

ကုန်ပစ္စည်းအသစ်ကို မိတ်ဆက်ခြင်း၊ ကြော်ငြာခြင်း၊ နမူနာများပေး၍ အရောင်းမြှင့်တင်ခြင်း၊ မက်လုံးများပေးခြင်း စသည့်အချက်များဖြင့်ဆောင်ရွက်ခြင်းများသည် စားသုံးသူ၊ ဝယ်ယူသူများဘက်က ယုံကြည်မှုရရှိလာစေရန်ဆောင်ရွက်နေခြင်းဖြစ်သည်။ အိုင်ဖုန်းအသစ်ကိုကြော်ငြာသည်နှင့် ဝယ်ယူလိုသူများ တန်းစီနေပြီး ကြိုတင်ငွေများပေး၍ ဝယ်ယူရန်စာရင်းပေးနေသည်မှာ ယုံကြည်မှုရှိခြင်းကြောင့်ပင်ဖြစ်သည်။ ထို့ကြောင့် ကုန်ပစ္စည်းအသစ်ကို ဝယ်ယူသုံးစွဲခြင်းမပြုမီကပင် မိမိဝယ်ယူမည့်ပစ္စည်းသည် ကောင်းသည်၊ လှသည်၊ ခေတ်မီသည်၊ အသုံးတည့်သည်ဟူသော ယုံကြည်မှုများရရှိစေရန် ဆောင်ရွက်နိုင်ရန်လိုသည်။ ဝယ်ယူပြီးလျှင်လည်း ခိုင်ခံ့ခြင်း၊ ကြာရှည်စွာအရည်အသွေးမကျဆင်းခြင်း၊ ဆန်းသစ်လှပခြင်းနှင့် ကြာရှည်စွာအသုံးကျခြင်း စသည့်အချက်များဖြင့် ယုံကြည်မှုခိုင်မာလာစေရမည်ဖြစ်သည်။

ထို့ပြင် ရောင်းပြီးနောက်ပိုင်းဝန်ဆောင်မှုပေးခြင်းများကလည်း ယုံကြည်မှုကို ပိုမိုခိုင်မာစေသည်။ ထို့ကြောင့် ရောင်းချသည့်ကုန်ပစ္စည်းအပေါ်တွင် မဝယ်မီကလည်း ယုံကြည်ရမည်၊ အားထားရမည်၊ အားကိုးရမည်။ ဝယ်ယူသုံးစွဲပြီးနောက်တွင်လည်း ပိုမိုယုံကြည်မှုတိုးလာစေရန် ဆောင်ရွက်နိုင်ရမည်ဖြစ်သည်။

**ကြိုက်အောင်လုပ်ပါ**

မည်သည့်ပစ္စည်းကိုရောင်းသည်ဖြစ်စေ Customer Satisfaction ဟုသည့် ဖောက်သည်စားသုံးသူများကြိုက်နှစ်သက်ရန်က အရေးအကြီးဆုံးဖြစ်သည်။ ဖောက်သည်များကြိုက်နှစ်သက်ပြီဆိုလျှင် နောက်ထပ်ဖောက်သည်များ တိုးပွားလာစေရန် ဝယ်ယူသူအချင်းချင်းကပင် ဆောင်ရွက်ပေးတတ်သည်။ မည်သည့်ကုန်ပစ္စည်းမဆို ကြိုက်နှစ်သက်အောင် ဆောင်ရွက်နိုင်ပါက ဖောက်သည်များတိုးတက်လာပြီး ရောင်းချရမှုတိုးတက်လာမည်သာဖြစ်သည်။ ဝယ်ယူမည့်သူများအနေဖြင့် ၎င်းတို့မျှော်လင့်ထားသည့်အချက်နှင့်ကိုက်ညီသည့်အခါတွင် ကြိုက်နှစ်သက်မှုကို ဖြစ်စေသည်။ ထို့ကြောင့် ရောင်းချမည့်သူဘက်က ဝယ်ယူသူအတွက် လျင်မြန်စွာဆောင်ရွက်ပေးနိုင်မှု၊ သက်သောင့်သက်သာဖြစ်အောင် ဆောင်ရွက်ပေးနိုင်မှု၊ ဝယ်ယူသူတစ်ဦးချင်းကို ကျေနပ်နှစ်သက်အောင်ဆောင်ရွက်ပေးနိုင်မှုနှင့် စေတနာထားဆောင်ရွက်ပေးမှုများကိုပြုလုပ်ခြင်းဖြင့် ဝယ်ယူသူ၏ကြိုက်နှစ်သက်မှုကို ရရှိနိုင်သည်။ ဝယ်ယူသူကြိုက်နှစ်သက်အောင် ဆောင်ရွက်ပေးနိုင်သည့်နည်းလမ်းများကို ဖော်ပြရမည်ဆိုပါက အောက်ပါအတိုင်းဖြစ်ပါသည်။

- ဖောက်သည်များ၏ သဘောထားကို ကောင်းစွာနားလည်ခြင်း၊ နားလည်အောင်ဆောင်ရွက်ခြင်း၊
- ဖောက်သည်ဗဟိုပြုသည့် ယဉ်ကျေးမှုမျိုး ဖန်တီးပေးခြင်း၊
- ဖောက်သည်ဆန္ဒရှိနိုင်သည့် အချက်များနှင့် အနီးဆုံးဖြစ်အောင် ကြိုးစားပေးခြင်း၊
- ကိုယ်ချင်းစာတရား၊ စာနာမှုများဖြင့် အစဉ်အမြဲရောင်းချခြင်း၊
- ရောင်းချသည့်ပစ္စည်းနှင့်ပတ်သက်ပြီး ဝယ်ယူသူ၏ အမြင်နှင့် အကြံဉာဏ်ကို အမြဲတောင်းခံခြင်း၊
- ဝယ်ယူသူ၏ အမြင်နှင့် အကြံပေးချက်များအတိုင်း လိုက်ပါဆောင်ရွက်ပေးခြင်း၊
- အထောက်အကူပြုအဖွဲ့ထားရှိပြီး ဖောက်သည်လိုအပ်ချက်များကို သိအောင်လုပ်ခြင်း၊
- ဖောက်သည်များ၊ ဝယ်ယူသူများ၏ အမြင်များကို ပြန်လည်ဖြေရှင်းပေးခြင်း၊
- မိမိ၏လုပ်ငန်းနှင့်ဖောက်သည်များ လွယ်ကူစွာထိတွေ့ဆက်ဆံနိုင်အောင်ဆောင်ရွက်ခြင်း၊
- ဖောက်သည်နှင့် လွယ်ကူစွာထိတွေ့ဆက်ဆံနိုင်သည့် နည်းလမ်းပေါင်းစုံထားရှိခြင်း၊
- မည်သည့်ကိစ္စကိုဖြစ်စေ လျင်မြန်စွာတုံ့ပြန်ခြင်း၊ ချက်ချင်းဖြေကြားပေးခြင်း၊
- ဝယ်ယူသူကို အထောက်အပံ့ဖြစ်စေသည့် အပြုအမူမျိုးပြုမူခြင်း၊
- ဝယ်ယူသူပြောသမျှကို ကောင်းစွာနားထောင်သည့်အလေ့အထကို မွေးမြူခြင်း၊
- ရေရှည်ဝယ်ယူသည့်ဖောက်သည်များအတွက် သီးသန့်အစီအစဉ်များကို ဖန်တီးပေးထားခြင်း၊
- ဖောက်သည်များ၏ ကိုယ်ရေးကိုယ်တာကိစ္စများကိုပါ အရေးတယူပြုလုပ်ပေးခြင်း၊
- ဝယ်ယူသူများအတွက် ကိုယ်တိုင်ဆောင်ရွက်ရသည့်ကိစ္စမျိုးကို ဖန်တီးပေးခြင်း၊
- မတော်တဆမှားယွင်းမှုများအဆင်မပြေမှုများဖြစ်လျှင် ရိုးသားစွာရှင်းပြခြင်း၊ တုံ့ပြန်ခြင်း တောင်းပန်ခြင်းများဆောင်ရွက်ခြင်း၊
- အခြားလုပ်ငန်းတူပြိုင်ဘက်များက မည်သို့ဆောင်ရွက်နေသည်ကို လေ့လာသုံးသပ်မှုပြုလုပ်ခြင်း၊
- ဖောက်သည်များအကျိုးအတွက် မည်သို့ဆောင်ရွက်လျက်ရှိသည်ကို ကောင်းစွာသိနားလည်နေစေရန် ရှင်းပြခြင်း၊
- ဝယ်သူများအစဉ်ကျေနပ်မှုရှိစေရန် ကြိုးစားလျက်ရှိကြောင်းနှင့် နောင်ဆက်လက်ပြုလုပ်မည့်အစီအစဉ်များကို ရှင်းလင်းပြောဆိုထားခြင်း၊ ရှင်းပြခြင်း။

မည်သည့်နည်းလမ်းများကို သုံးစွဲသည်ဖြစ်စေ၊ ရောင်းသူသည် ရိုးသားမှုရှိရမည်၊ ဖောက်သည်များအပေါ် သစ္စာရှိရမည်ဆိုသည့်အချက်ကို အခြေခံထားပြီး ဆောင်ရွက်သွားခြင်းဖြင့် မိမိရောင်းကုန်ကို ဝယ်ယူသူများကြိုက်နှစ်သက်အောင် ဆောင်ရွက်သွားရန်လိုအပ်သည်။

**ဝယ်အောင်လုပ်ပါ**

မိမိကုန်ပစ္စည်းနှင့်ပတ်သက်၍ ဝယ်လိုသောဆန္ဒရှိလာပြီး အမှန်တကယ်ဝယ်ယူသွားရန်မှာ အဓိကအချက်ဖြစ်သည်။ ထို့ကြောင့် ကုန်ပစ္စည်းအပေါ်တွင် သက်ဝင်ယုံကြည်မှုရှိပြီး အမှန်တကယ်ဝယ်ယူသွားနိုင်ရေး ဆောင်ရွက်နိုင်ရန်လည်းလိုအပ်သည်။ ဈေးနှုန်းမှန်ကန်ခြင်း၊ ဈေးနှုန်းသက်သာခြင်းများသည် အမှန်တကယ်ဝယ်ယူသွားနိုင်သည့်အချက်များတွင် အရေးပါသောအချက်ဖြစ်သည်။ ကုန်ကို များများရောင်းချနိုင်ရန်မှာ ဝယ်သူများများရှိရန်နှင့် တစ်ဦးချင်းကလည်း အရေအတွက်များများဝယ်ယူသွားရန် လိုအပ်သည်။ ထို့ကြောင့် ဝယ်ယူသွားရန်အတွက် ဝယ်ယူပြီးသည့်အချိန်တွင်လည်း ဖောက်သည်ကောင်းများဖြစ်လာစေရန်၊ ဆက်သွယ်မှုမပြတ်ရန် ဆက်လက်ပြီးဆက်ဆံရေးလမ်းကြောင်းဖွင့်ထားရန်လိုအပ်သည်။

ရောင်းချသည့်အခါတွင် ကုန်ပစ္စည်းနှင့်ပတ်သက်သည့် အရည်အသွေးပိုင်းတွင် ကောင်းမွန်ရန်အပြင် ဆက်ဆံရေးဝန်ဆောင်မှုပိုင်းတွင်လည်း ကောင်းမွန်ရန် လိုအပ်သည်။ အချို့သော ကုန်စုံဆိုင်များတွင် ဖြတ်သွားဖြတ်လာတစ်ဦးက တစ်စုံတစ်ခုဝယ်ယူရန် ဝင်ရောက်လာပြီး ရွေးချယ်နေသည့်အချိန်တွင် ရောင်းချသူက ကောင်းမွန်သောဆက်ဆံရေးများဖြင့်လည်းကောင်း၊ တစ်စုံတစ်ခုကို ဝယ်ယူချင်စိတ်ပေါ်ပေါက်လာအောင်လည်းကောင်း ရောင်းချသူဘက်က စွမ်းဆောင်နိုင်ရန်များစွာအရေးကြီးသည်။ လမ်းခရီးယာဉ်ရပ်နားစခန်းတစ်ခုသည် လူတစ်ဦးချင်းဝင်ကြေး အနည်းငယ်ကောက်ခံထားပြီး အဆိုပါယာဉ်ရပ်နားစခန်းရှိ ဆိုင်တစ်ဆိုင်မှပစ္စည်းတစ်ခုခုဝယ်ယူသည်ဆိုပါက ကောက်ခံထားသည့်ဝင်ကြေးကို ပြန်အမ်းသည့်စနစ်ထားရှိသည့်အခါ ယာဉ်ပေါ်ရှိသူများသည် ဝင်ကြေးကို ပြန်လည်ရယူလိုသည့်စိတ်ဆန္ဒဖြစ်ပေါ်လာပြီး စခန်းက ပစ္စည်းတစ်ခုခုကို မဖြစ်မနေဝယ်ယူတတ်ကြသည်ဟုဆိုသည်။ ထိုကဲ့သို့ ဝယ်ယူချင်စိတ်ကို နည်းအမျိုးမျိုးဖြင့် ပေါ်ပေါက်လာအောင်ဆောင်ရွက်ပြီး အမှန်တကယ်ဝယ်ယူသွားစေရန် ဆောင်ရွက်နိုင်ရမည်ဖြစ်သည်။

> ❖ ရောင်းချမည့်ကုန်ပစ္စည်းအကြောင်းကို ရောင်းမည့်သူကိုယ်တိုင်က ကောင်းစွာသိနားလည်ထားရမည်။ မိမိရောင်းမည့်ကုန်ပစ္စည်းကို ကိုယ်တိုင်က ယုံကြည်မှုရှိရမည်။ အရည်အသွေးနှင့် အရေအတွက်၊ အလေးချိန်၊ စသည်များကို ကောင်းစွာသိနားလည်ထားရန်လိုအပ်သည်။ ရောင်းမည့်ကုန်ပစ္စည်းအကြောင်းကို မရောင်းမီ ကောင်းစွာကျေညက်နားလည်နေရန် လိုအပ်သည်။ ကုန်ပစ္စည်းထုတ်လုပ်သူအနေဖြင့်လည်း ထုတ်ကုန်ကို ကောင်းစွာသိနားလည်နေရန် လိုအပ်သည်။ ထို့အတူ ရောင်းမည့်သူများဖြစ်သော လက်လီနှင့်လက်ကား ကုန်သည်များ၊ ပွဲစားများသည်လည်း သိနေရန်လိုအပ်သည်။ ❖

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# တစ်မိုးသစ်ပြန် တို့အားမာန်

- မိုးမှန်ရင် သည်တစ်နှစ်
ရွှေဖြစ်ပေါ့ မုတ်သုံရေ၊
ရောင်စုံမြေ ခြယ်ကာသ
အလှဖြာဝေ၊
တို့ဘဝ လယ်ယာမြေ
ထည်ဝါနေ ရွှင်ပျော်ထူး၊
တောင်ပြန်လေ မိုးစက်သွန်း
ရွှန်းကျော့ကျော့မြူး။

- စိတ်ကူးတွင် မြင်ယောင်ကြွား
ငရုတ် ပဲ စပါး နှမ်းနဲ့ ဝါ၊
တို့လယ်ယာ သည်မြေကြီးက
ရွှေသီးကြမှာ၊
မိုးဦးကျ ကျိုးထူးစရာ
ပျိုးဦးသာ စိမ်းလွှာမို့၊
တို့တစ်တွေ တို့မြေချစ်ကာ
အားသစ်တည်စို့။ ။

အကျော်ပင်

# ယခုဘဏ္ဍာနှစ် ဧပြီလမှ ဇွန်လထိ မြဝတီကုန်သွယ်ရေးဇုန်မှ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄၇၁ ဒသမ ၅၅ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့



**နေပြည်တော် ဇူလိုင် ၁၅**

ယခုဘဏ္ဍာနှစ် ဧပြီလမှ ဇွန်လထိ မြဝတီကုန်သွယ်ရေးဇုန်မှ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄၇၁ ဒသမ ၅၅ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

ယခုဘဏ္ဍာနှစ် ဧပြီလမှ ဇွန်လကုန်ထိ ထိုင်းနိုင်ငံက လယ်ယာထွက်ကုန်များဖြစ်သည့် ဂေါ်ဖီထုပ်၊ ငရုတ်၊ ကြက်သွန်နီ၊ ပြောင်း၊ နနွင်း၊ ဆီးဖြူသီးခြောက်၊ မန်ကျည်းသီးနှင့် ရေထွက်ကုန်ပစ္စည်းများဖြစ်သည့် ကဏန်းအရှင်၊ သဲကဏန်းစသည်တို့ကို တိုးမြှင့်ဝယ်ယူနေကြောင်း၊ ထို့ကြောင့် မြဝတီကုန်သွယ်ရေးဇုန်အနေဖြင့် ယခုဘဏ္ဍာနှစ် ဧပြီလမှ ဇွန်လထိ ပို့ကုန်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၁၄၄ ဒသမ ၃၃၇ သန်းဖိုးနှင့် သွင်းကုန်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၃၂၇ ဒသမ ၂၁၃ သန်းဖိုး စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄၇၁ ဒသမ ၅၅ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

မြဝတီကုန်သွယ်ရေးဇုန်အနေဖြင့် ဇွန် ၂၄ ရက်မှ ၃၀ ရက်ထိ ထိုင်းနိုင်ငံသို့ လယ်ယာထွက်ကုန်များဖြစ်သည့် ပြောင်းတန်ချိန် ၃၀၂၀၂ ဒသမ ၉၂၇ တန်၊ ကြက်သွန်နီ ၁၄၂၆ ဒသမ ၈ တန်၊ ကွမ်းသီးတန် ၁၈၀၊ ဂေါ်ဖီထုပ် ၁၄၆၄ ဒသမ ၁ တန်၊ ငရုတ်သီးခြောက် ၄၆၀ ဒသမ ၁၄ တန်၊ ငရုတ်သီးစိမ်း ၂၈ ဒသမ ၁၇၈ တန်နှင့် ရေထွက်ပို့ကုန်များဖြစ်သည့် ကဏန်း ၁၁ ဒသမ ၆၇၉ တန်နှင့် ငါးမျိုးစုံ ၄၈ ဒသမ ၁၈၇ တန် တင်ပို့ရောင်းချပေးခဲ့ရကြောင်း သိရသည်။

ထို့ပြင် ဇူလိုင် ၁ ရက်မှ ၇ ရက်ထိ တစ်ပတ်တာကာလအတွင်း၌ ပို့ကုန်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၉ ဒသမ ၈၉၃ သန်းဖိုးနှင့် သွင်းကုန်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၅၂၅ သန်းဖိုး စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၄၁၈ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

SKL

# သံတောင်ကြီးမြို့နယ်၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**သံတောင်ကြီး ဇူလိုင် ၁၅**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဆောင်ရွက်မည့် ငှက်ပျောတောကျေးရွာအုပ်စု ငှက်ပျောတော(အောက်)ကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကော်မတီဖွဲ့စည်းခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက စီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

သံတောင်ကြီးမြို့နယ် ငှက်ပျောတော(အောက်)ကျေးရွာတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ကျေးရွာ၏ပကတိလိုအပ်ချက်များကိုဖော်ထုတ်ပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းထံမှ သိရသည်။

သုသု



➤ စာမျက်နှာ ၄ မှအဆက်

**ထပ်ဝယ်အောင်လုပ်ပါ**

မိမိထံမှကုန်ပစ္စည်းတစ်ခုကို တစ်ကြိမ်တစ်ခါတည်း ဝယ်ယူဖူးရုံဖြင့် ဖောက်သည်ဟုဖြစ်မလာနိုင်သေးပေ။ အကြိမ်ကြိမ်အခါခါ ဝယ်ယူလာသည့်အခါတွင်မှ ဖောက်သည်ဟုဖြစ်လာသည်။ ထို့ပြင် မိမိ၏ကုန်ပစ္စည်းအရည်အသွေးကို စွဲလမ်းနေသည်ထိ ကြိုက်နှစ်သက်ပြီး မည်သည့်အခြေအနေမျိုးတွင်မဆို ရအောင်ဝယ်ယူသုံးစွဲတတ်သည့် Loyal Customer သစ္စာရှိဖောက်သည်များ အများအပြားရှိလာအောင် ဆောင်ရွက်နိုင်ရန် လိုအပ်လာသည်။ ထိုသို့ ထပ်မံဝယ်ယူလာစေရန်အတွက် ရောင်းသူဘက်က ဆောင်ရွက်ချက်များသည် ကောင်းမွန်သောဈေးကွက်ဖော်ဆောင်ရေးနည်းလမ်းများဖြစ်ရန်လိုအပ်သည်။

အထူးသဖြင့် ရောင်းပြီးနောက်ပိုင်း ပေးအပ်သည့်ဝန်ဆောင်မှုများသည် များစွာအရေးပါလာသည်။ ထို့ပြင် ပစ္စည်းဝယ်ယူသူကို ထပ်ဆောင်းပေးနိုင်သည့်အထောက်အပံ့များသည်လည်း အရေးပါလာသည်။ အထူးသဖြင့် ရောင်းချသူ၏ နွေးထွေးစွာဆက်ဆံမှု၊ ယဉ်ကျေးပျူငှာမှုများသည် များစွာအရေးပါသည်ကို တွေ့နိုင်သည်။ ထပ်မံဝယ်ယူရေးသည် ရောင်းချသူ၏ဆက်ဆံရေးနှင့် တိုက်ရိုက်သက်ဆိုင်နေသည်ကို တွေ့နိုင်သည်။

ထို့ပြင် မိမိ၏ရောင်းချမှုနှင့် ရောင်းကုန်သည် ပြိုင်ဘက်များထက် မသာလျှင် ဝယ်သူက ထပ်မံလာရောက်ရန်ခဲယဉ်းသည်ကို သတိပြုရန် လိုအပ်သည်။ တစ်ခါဆက်ဆံ ရာသက်ပန်မဖြစ်ဘဲ တစ်ခါဆက်ဆံ ဆယ်ခါလန်ဆိုသကဲ့သို့ဖြစ်မသွားရန်လိုအပ်သည်။ ကုန်ပစ္စည်း၏အရည်အသွေးပိုင်းကို ကြိုက်နှစ်သက်၍ဝယ်ယူပြီး နှစ်သက်သော်လည်း ကိုယ့်ဆိုင်၊ ကိုယ့်ပစ္စည်းထံ ထပ်မံလာရောက်ဝယ်ယူရန်မှာ ရောင်းသူ၏တာဝန်များဖြစ်လာသည်။

ထို့ကြောင့် ဈေးရောင်းတတ်ရန် များစွာကြိုးစားဆောင်ရွက်ရန် လိုအပ်ပြီး ထပ်မံဝယ်အောင်လုပ်နိုင်ရန်မှာ ရောင်းသူ၏ စေတနာ၊ သစ္စာရှိမှု၊ ရိုးသားကြိုးစားမှု၊ ဈေးနှုန်းနှင့် အလေးချိန်မှန်ကန်မှု၊ ဆက်ဆံရေးကောင်းမွန်မှု၊ နေရာအနေအထား အကွက်အကွင်းကျနမှု၊ သက်သောင့်သက်သာဖြစ်မှု၊ ရောင်းချပြီးနောက်ပိုင်းတွင်လည်း ဝန်ဆောင်မှုပေးနေမှု စသည့်အချက်ပေါင်းများစွာနှင့် သက်ဆိုင်လျက်ရှိသည်ကို သတိပြုပြီး ဈေးရောင်းချသူများ ကောင်းစွာဈေးရောင်းနိုင်ရေး ရေးသားလိုက်ရပါသည်။

## နိုင်ငံတကာ သတင်းများ

# ရုရှားရေနံသွင်းကုန်ငွေပေးချေမှုအချို့အတွက် အိန္ဒိယကုမ္ပဏီများ တရုတ်ယွမ်ငွေကို အသုံးပြုခဲ့



**ဒေလီ ဇူလိုင် ၁၅**

အိန္ဒိယအခြေစိုက် ရေနံချက်လုပ်ငန်းများသည် ရုရှားရေနံသွင်းကုန်များအတွက် ငွေပေးချေမှုအချို့ကို တရုတ်ယွမ်ငွေဖြင့် ပေးချေခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဇူလိုင် ၁၄ ရက်တွင် ဖော်ပြခဲ့သည်။

သို့သော် ရုရှားရေနံသွင်းကုန်များအတွက် ငွေပေးချေမှုပြုလုပ်ရာတွင် အမေရိကန်ဒေါ်လာကို အဓိကငွေကြေးစနစ်အဖြစ် ဆက်သုံးနေဆဲဖြစ်ကြောင်း အိန္ဒိယအစိုးရထိပ်တန်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယူကရိန်းပြဿနာကို အကြောင်းပြု၍ ရုရှားနိုင်ငံအပေါ် အနောက်အုပ်စုနိုင်ငံများက စီးပွားရေးအရ အရေးယူပိတ်ဆို့မှုများ ပြုလုပ်ခဲ့ပြီးနောက် အိန္ဒိယနိုင်ငံသည် ရုရှားရေနံစိမ်းအများဆုံး ဝယ်ယူတင်သွင်းသည့် နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့သည်။

သို့သော် တစ်ချိန်တည်းမှာပင် အိန္ဒိယနိုင်ငံသည် ရေနံသွင်းကုန်ငွေပေးချေမှုများအတွက် အမေရိကန်ဒေါ်လာနေရာတွင် အခြားငွေကြေးစနစ်များအစားထိုး အသုံးပြုနိုင်ရေးအတွက်လည်း ကြိုးစားခဲ့သည်။

သို့သော် အိန္ဒိယရေနံချက်လုပ်ငန်းများအနေဖြင့် ရုရှားရေနံသွင်းကုန်ငွေပေးချေမှု အချို့အတွက် တရုတ်ယွမ်ငွေကို အသုံးပြုခဲ့ကြကြောင်း အိန္ဒိယတာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

သို့သော် အိန္ဒိယနိုင်ငံအနေဖြင့် ယွမ်ငွေပမာဏ များများစားစား လက်ဝယ်မရှိမှုကြောင့် ရုရှားရေနံသွင်းကုန်များအတွက် ငွေပေးချေရာတွင် တရုတ်ယွမ်ငွေအသုံးပြုမှုမှာ အကန့်အသတ် ဆက်ရှိနေဦးမည်ဟုအိန္ဒိယတာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

KKO

# ဟေတီလုံခြုံရေးဆိုးဖြစ်ချက်မှုကြမ်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ အတည်ပြု

**နယူးယောက် ဇူလိုင် ၁၅**

လက်နက်ကိုင် ဒုစရိုက်ဂိုဏ်းများကို ဟေတီနိုင်ငံရင်ဆိုင်ရာတွင် အကူအညီပေးရေးအတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်ကို လုံခြုံရေးကောင်စီက ဇူလိုင် ၁၄ ရက်တွင် တိုက်တွန်းခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

ဒုစရိုက်ဂိုဏ်းများအားရင်ဆိုင်ရာတွင် ဟေတီအမျိုးသားရဲတပ်ဖွဲ့ကို အကူအညီပေးရေးအတွက် လိုအပ်မည့် နည်းလမ်းများကို ရက်ပေါင်း ၃၀ အတွင်း ဖော်ထုတ်တင်ပြရန် ကုလသမဂ္ဂအကြီးအကဲအား တောင်းဆိုထားသည့်ဆုံးဖြတ်ချက်မူကြမ်းကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဇူလိုင် ၁၄ ရက်တွင် အတည်ပြုခဲ့သည်။

အဆိုပါ ဆုံးဖြတ်ချက်မူကြမ်းအရ ကုလသမဂ္ဂအကြီးအကဲအနေဖြင့် ဟေတီနိုင်ငံ၏ လုံခြုံရေးအခြေအနေကို မြှင့်တင်ပေးမည့် လမ်းစဉ်များကို ရက်ပေါင်း ၃၀ အတွင်းလုံခြုံရေးကောင်စီသို့တင်ပြရမည်ဖြစ်သည်။

လက်နက်ကိုင် ဒုစရိုက်ဂိုဏ်းများကို တားဆီးရေးအတွက် လက်နက်ကိုင် နိုင်ငံတကာအထူးတပ်ဖွဲ့တစ်ဖွဲ့ ဖြန့်ကြက်ပေးရန် ဟေတီဝန်ကြီးချုပ် အေရီယယ်လ်ဟင်နရီက ပြီးခဲ့သည့်နှစ်အောက်တိုဘာလကပင် ကုလသမဂ္ဂကို မေတ္တာရပ်ခံထားသည်။

၂၀၂၁ ခုနှစ် ဇူလိုင်လအတွင်း ဟေတီသမ္မတ ယိုဗီနယ်လ်မွိုင်ဆီ လုပ်ကြံခံခဲ့ရပြီးနောက်ပိုင်း ဟေတီနိုင်ငံ၌ လက်နက်ကိုင်ဒုစရိုက်ဂိုဏ်းများအားကောင်းလာခဲ့သည်။

လက်ရှိအချိန်တွင် ဒုစရိုက်ဂိုဏ်းများသည် ဟေတီနိုင်ငံ ပေါ်တိုပရင့်စ်မြို့၏ ၈၀ ရာခိုင်နှုန်းထိကို ထိန်းချုပ်ထားကြောင်း သိရသည်။

KKO



# ၂၀၁၂ ခုနှစ် လူသတ်မှုအတွက် ဗင်နီဇွဲလားသံအရာရှိဟောင်းကို ကင်ညာတရားသူကြီးများ ထောင်ဒဏ် နှစ် ၂၀ ချမှတ်

**နိုင်ရိုဘီ ဇူလိုင် ၁၅**

၂၀၁၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် လူသတ်မှုတစ်ခုအတွက် ဗင်နီဇွဲလားအဆင့်မြင့် သံအရာရှိဟောင်းတစ်ဦးကို ကင်ညာတရားရုံးတစ်ရုံးက ဇူလိုင် ၁၄ ရက်တွင် ထောင်ဒဏ်နှစ် ၂၀ ချမှတ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဒွိုက်ဆာဂါရေးအမည်ရှိ အဆိုပါ ဗင်နီဇွဲလားသံအရာရှိသည် ကင်ညာနိုင်ငံဆိုင်ရာ ဗင်နီဇွဲလား ယာယီသံအမတ်ကြီးကို သတ်ဖြတ်ခဲ့မှုဖြင့် တရားစွဲဆိုခံထားရသူဖြစ်သည်။

ဒွိုက်ဆာဂါရေးနှင့် အခြားကင်ညာနိုင်ငံသားသုံးဦးကို ကင်ညာနိုင်ငံဆိုင်ရာ ဗင်နီဇွဲလားယာယီသံအမတ်ကြီး အော်လ်ဂါဖွန်ဆီကာ အသတ်ခံရမှုအတွက် အပြစ်ရှိကြောင်း ကင်ညာတရားသူကြီးများက ယခုနှစ် ဇန်နဝါရီလကပင် ကြေညာထားပြီးဖြစ်သည်။

ဒွိုက်ဆာဂါရေးသည် နိုင်ရိုဘီမြို့တော် ဗင်နီဇွဲလားသံရုံး၌ ပထမအတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်နေစဉ်အတွင်းသံအမတ်ကြီး အော်လ်ဂါဖွန်ဆီကာကို သံအမတ်ကြီးနေအိမ်မှာပင် သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လူသတ်မှု ဖြစ်ပွားခဲ့ပြီးနောက် ဒွိုက်ဆာဂါရေး၏ တရားစွဲဆိုမှုမှ ကင်းလွတ်ခွင့် ရုပ်သိမ်းခံထားရသည်ဖြစ်ရာ ၎င်းကို တရားစွဲဆိုနိုင်ကြောင်း ကင်ညာတရားသူကြီးများက ယခုနှစ် ဇန်နဝါရီလတွင် စီရင်ချက်ချခဲ့သည်။

သံအမတ်ကြီးဖွန်ဆီကာမရောက်မီ သံရုံးကို ကြီးကြပ်ခွင့်ယာယီရထားသော ဒွိုက်ဆာဂါရေးသည် သံရုံးအား ဆက်လက်ကြီးကြပ်လိုသော အနေဖြင့် သံအမတ်ကြီး ဖွန်ဆီကာကို သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်ဟု ကင်ညာတရားသူကြီးများက ပြောကြားခဲ့ကြောင်း သိရသည်။ KKO

# လေယာဉ်ပျက်ကျပြီးနောက် အသက်ရှင်ကျန်ရစ်ခဲ့သည့် ကိုလံဘီယာကလေးငယ်လေးဦး ဆေးရုံမှပြန်ဆင်း

**ဘိုဂိုတာ ဇူလိုင် ၁၅**

အမေဇုန် သစ်တောဒေသ၌ လေယာဉ် ပျက်ကျခဲ့သော်လည်း တစ်လကျော်ကြာအသက်ရှင်ခဲ့ကြသည့် ကိုလံဘီယာဌာနေတိုင်းရင်းသားလူမျိုးစုဝင် ကလေး လေးဦးတို့မှာ ဇူလိုင် ၁၄ ရက်တွင် ဆေးရုံမှ ပြန်ဆင်းလာပြီဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အသက် ၁၂ လနှင့် ၁၃ နှစ်အရွယ်ကြား အသီးသီးရှိသော အဆိုပါကလေးလေးဦးကို ကိုလံဘီယာတပ်ဖွဲ့ဝင်များနှင့် ဌာနေတိုင်းရင်းသားတောကျွမ်းသူများက ပြီးခဲ့သည့်လအတွင်းက အမေဇုန်တောတွင်းမှ ပြန်လည်ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကလေးများသည် ပြန်လည် ရှာဖွေတွေ့ရှိခဲ့ပြီးနောက် ဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုများခံယူခဲ့ရာ ယခုအခါဆေးရုံမှ ပြန်ဆင်းလာနိုင်ပြီ ဖြစ်ကြောင်း ကိုလံဘီယာ တာဝန်ရှိသူများက သတင်းထုတ်ပြန်ထားသည်။

၎င်းကလေးလေးဦးနှင့် လူကြီးသုံးဦးလိုက်ပါလာသော လေယာဉ်ငယ်သည် ယခုနှစ် မေ ၁ ရက်တွင် အမေဇုန်သစ်တောဒေသ၌ ပျက်ကျခဲ့သည်။

လေယာဉ် ပျက်ကျမှုကြောင့် လူကြီးသုံးဦးစလုံး သေဆုံးခဲ့ရသော်လည်း အဆိုပါကလေးလေးဦးမှာ အသက်ရှင်လွတ်မြောက်ခဲ့ပြီး ရိုးရာတောတွင်းဗဟုသုတများကို အသုံးချ၍ ရက်သတ္တပါတ်ပတ်ကျော်ကြာသည့်တိုင် အသက်ရှင်နိုင်ခဲ့ကြသည်။

လက်ရှိအချိန်တွင် အဆိုပါကလေးလေးဦးကို ကိုလံဘီယာအစိုးရကလေးများ စောင့်ရှောက်ရေးအင်စတီကျူက အုပ်ထိန်းသူအဖြစ် ယာယီတာဝန်ယူပေးထားကြောင်း သိရသည်။

KKO

# ဟော်မုဇ်ရေလက်ကြားသို့ အက်ဖ်-၁၆ တိုက်လေယာဉ်များ စေလွှတ်ရန် အမေရိကန်အစိုးရစီစဉ်ထား

**ဝါရှင်တန် ဇူလိုင် ၁၅**

အရပ်ဘက် ကုန်တင်သင်္ဘောများအား အီရန်နိုင်ငံက သိမ်းယူနေမှုကိုကာကွယ်ရေးအတွက် မဟာဗျူဟာမြောက် ဟော်မုဇ်ရေလက်ကြားဒေသ၌ အက်ဖ်-၁၆ တိုက်လေယာဉ်များ အသုံးပြုမှုမြှင့်တင်ရန် အမေရိကန်နိုင်ငံကစီစဉ်ထားကြောင်း အေပီသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ယခု ရက်သတ္တပတ်ကုန်တွင် ဟော်မုဇ် ရေလက်ကြားဒေသသို့ အက်ဖ်-၁၆ တိုက်လေယာဉ်များ စေလွှတ်ရန် စီစဉ်ထားကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာန ထိပ်တန်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါ အက်ဖ်-၁၆ တိုက်လေယာဉ်များသည် ဟော်မုဇ်ရေလက်ကြားဒေသ၌ ပြီးခဲ့သည့် ရက်သတ္တပတ်ကျော်ကပင် ကင်းလှည့်တာဝန်များ ထမ်းဆောင်နေသော အေ-၁၀ အမျိုးအစားတိုက်ခိုက်ရေး လေယာဉ်တစ်စင်းကို အကူအညီပေးမည် ဖြစ်ကြောင်း သိရသည်။

အက်ဖ်-၁၆ တိုက်လေယာဉ်များအနေဖြင့် ဟော်မုဇ်ရေလက်ကြားရေလမ်းကြောင်းများ၌ သွားလာနေသည့်သင်္ဘောများကိုဝေဟင်မှတစ်ဆင့် အကာအကွယ်ပေးနိုင်မည်ဖြစ်ကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။




ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း ဟော်မုဇ် ရေလက်ကြားဒေသ၌ ရေနံတင်သင်္ဘောနှစ်စီးကို ဖမ်းဆီးသိမ်းယူရန် အီရန်ကကြိုးစားခဲ့ပြီးနောက် ယင်းရေလက်ကြားဒေသသို့ အက်ဖ်-၁၆ တိုက်လေယာဉ်များ စေလွှတ်ရန် အမေရိကန်အစိုးရက စီစဉ်ထားခြင်းဖြစ်သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း အီရန်နိုင်ငံက ရေနံတင်သင်္ဘောနှစ်စီးအား ဖမ်းဆီးသိမ်းယူရန်ကြိုးစားမှုကို အမေရိကန်ရေတပ်သင်္ဘောတစ်စီးက ကြားဝင်တားဆီးခဲ့ရကြောင်း အမေရိကန်တာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## ဂျေးနပ်စ်ဂြိုဟ်သိမ်လေ့လာရေးအာကာသမစ်ရှင် လွှတ်တင်ရေးအစီအစဉ်ကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ ဖျက်သိမ်း



**ဝါရှင်တန် ဇူလိုင် ၁၅**

ဂျေးနပ်စ်(Janus) အမည်ရှိ ဂြိုဟ်သိမ်လေ့လာရေးအာကာသမစ်ရှင် လွှတ်တင်ရေးအစီအစဉ်ကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေး အေဂျင်စီ(နာဆာ)က ဖျက်သိမ်း လိုက်ပြီဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၁၄ ရက်တွင် ရေးသားတင်ပြထားသည်။

အချိန်ကိုက် လွှတ်တင်ရမည့်အချိန် လွဲချော်ခဲ့ရပြီးနောက် ဂျေးနပ်စ်ဂြိုဟ်သိမ်လေ့လာရေးမစ်ရှင်ကို ဖျက်သိမ်းလိုက်ခြင်းဖြစ်သည်ဟု နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

နာဆာအဖွဲ့သည် မူလက ဂျေးနပ်စ်မစ်ရှင်ကို ဆိုက်ခီအမည်ရှိ အာကာသယာဉ်နှင့်အတူ Space-X အာကာသနည်းပညာကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် လွှတ်တင်ရန် စီစဉ်ထားသည်။

သို့ရာတွင် ဆိုက်ခီအာကာသယာဉ် ကွန်ပျူတာစနစ် ပြဿနာများကြောင့် ဂျေးနပ်မစ်ရှင် လွှတ်တင်ရေးအစီအစဉ် နှောင့်နှေးခဲ့ရကြောင်း သိရသည်။

လွှတ်တင်ရေး အစီအစဉ် နှောင့်နှေးခဲ့ရမှုကြောင့် ဂျေးနပ်စ်မစ်ရှင်တွင်ပါဝင်သည့် အာကာသယာဉ်များအနေဖြင့် ပစ်မှတ်ဂြိုဟ်သိမ်စနစ်များရှိရာသို့ ရောက်ရှိတော့မည်မဟုတ်ဟု နာဆာအဖွဲ့က ပြောကြားထားကြောင်း သိရသည်။

နာဆာအဖွဲ့သည် ဂျေးနပ်စ်မစ်ရှင်ဖြင့် ကမ္ဘာမြေအနီးရှိ နှစ်စင်းတွဲဂြိုဟ်သိမ်စနစ်နှစ်ခုကို လေ့လာရန် စီစဉ်ထားကြောင်း သိရသည်။

KKO

## အင်္ဂါဂြိုဟ်ပေါ်ရှိ ရှေးဟောင်းမြစ်ကြီးများက သက်ရှိများရှင်သန်နိုင်လောက်သော ပတ်ဝန်းကျင်မျိုးဖန်တီးနိုင်လောက်သည့်တိုင် အချိန်ကြာကြာစီးဆင်းခဲ့

**ဝါရှင်တန် ဇူလိုင် ၁၅**

အင်္ဂါဂြိုဟ်ပေါ်ရှိ ရှေးဟောင်းမြစ်ကြီးများသည် သက်ရှိများရှင်သန်နိုင်လောက်သော ပတ်ဝန်းကျင်မျိုး ဖန်တီးနိုင်လောက်သည့်တိုင် အချိန်ကြာကြာ စီးဆင်းခဲ့ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ Space.com သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၁၄ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ မက်ဆာချူးဆက် နည်းပညာအင်စတီကျူမှ ဘူမိဗေဒပညာရှင်များသည် ဂြိုဟ်တုဓာတ်ပုံများအသုံးပြု၍ အင်္ဂါဂြိုဟ်ရှေးဟောင်းမြစ်များ၏သဘာဝကို လေ့လာစူးစမ်းခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသောရလဒ်များအရ အင်္ဂါဂြိုဟ် ဂေးလ်ဥက္ကာချိုင့်ဝှမ်း နယ်မြေအတွင်းရှိ အင်္ဂါဂြိုဟ်ရှေးဟောင်းမြစ်များသည် အနည်းဆုံးနှစ်ပေါင်း ၁၀၀၀၀၀ ကြာ စီးဆင်းခဲ့ကြောင်း သိရသည်။



အလားတူ ဂျီဇီရိုးဥက္ကာချိုင့်ဝှမ်း နယ်မြေအတွင်းရှိ ရှေးဟောင်းမြစ်ကြီးများမှာလည်း အနည်းဆုံး နှစ်တစ်သန်းထိ စီးဆင်းနိုင်ခဲ့ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါအင်္ဂါဂြိုဟ်ရှေးဟောင်းမြစ်ကြီးများ စီးဆင်းနိုင်ခဲ့သောကာလသည် ၎င်းဂြိုဟ်ပေါ်၌သက်ရှိများဖြစ်ထွန်းရေးအတွက် လိုအပ်သည့်ပတ်ဝန်းကျင်မျိုး ပေါ်ထွက်လာလောက်အောင် လုံလောက်မှုရှိကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

ကမ္ဘာမြေမှအပ မြစ်ကြီးများရှိခဲ့ဖူးသည့်၊ ရှိနေဆဲဖြစ်သည့် နေအဖွဲ့အစည်းနယ်မြေနှစ်ခုမှာ အင်္ဂါဂြိုဟ်နှင့်စနေဂြိုဟ်၏ တိုက်တန်ဂြိုဟ်ရံလတို့ဖြစ်ကြောင်း သိရသည်။

KKO

## ချန်ဒရာယန်း-၃ အမည်ရှိ လကမ္ဘာစူးစမ်းလေ့လာရေးအာကာသယာဉ်ကို အိန္ဒိယအာကာသအေဂျင်စီက ဇူလိုင် ၁၄ ရက်တွင် လွှတ်တင်ခဲ့

**နယူးဒေလီ ဇူလိုင် ၁၅**

ချန်ဒရာယန်း-၃ အမည်ရှိ လကမ္ဘာစူးစမ်းလေ့လာရေးအာကာသယာဉ်ကို အိန္ဒိယအာကာသအေဂျင်စီက ဇူလိုင် ၁၄ ရက်တွင် လွှတ်တင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ရေးသားတင်ပြထားသည်။

အိန္ဒိယအာကာသအေဂျင်စီသည် ချန်ဒရာယန်း-၃ ကို အယ်လ်ဗွီအမ်-၃ အမည်ရှိ ဒုံးပျံဖြင့် ဆာတစ်ဒါဝန် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၁၆ မိနစ်ခန့်အကြာတွင် ချန်ဒရာယန်း-၃ အာကာသယာဉ်သည် အယ်လ်ဗွီအမ်-၃ ဒုံးပျံမှ အောင်မြင်စွာခွာထွက်နိုင်ခဲ့ကြောင်း အိန္ဒိယအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

လပတ်လမ်းအတွင်းဝင်ရောက်ပြီးနောက် ယခုနှစ် ဩဂုတ် ၂၃ ရက် သို့မဟုတ် ၂၄ ရက်တွင် ချန်ဒရာယန်း-၃ ၏ လဆင်းယာဉ်သည် လကမ္ဘာပေါ်သို့ ဆင်းသက်ရန်ကြိုးစားမည်ဖြစ်သည်။

ချန်ဒရာယန်း-၃ လဆင်းယာဉ် လပေါ်သို့ အောင်မြင်စွာဆင်းသက်နိုင်ခဲ့ပါက အိန္ဒိယနိုင်ငံသည် လပေါ်သို့ လဆင်းယာဉ်စေလွှတ်နိုင်သည့် စတုတ္ထမြောက် ကမ္ဘာ့နိုင်ငံဖြစ်လာလိမ့်မည်ဖြစ်သည်။

လက်ရှိအချိန်တွင် အမေရိကန်နိုင်ငံ၊ ရုရှားနှင့်တရုတ်နိုင်ငံတို့ကသာ လပေါ်သို့ လဆင်းယာဉ်များ စေလွှတ်ထားနိုင်ကြောင်း သိရသည်။

KKO

# HEALTH

## Cisplatin ဆေးက သုက်ရည်ဂလင်းအိတ် ကင်ဆာလူနာများအတွက် ကုထုံးသစ်တစ်ရပ်ဖြစ်လာနိုင်

**နယူးယောက် ဇူလိုင် ၁၅**

ပဏာမစမ်းသပ်ဆဲအဆင့်တွင် ရှိနေဆဲဖြစ်သည့် ဓာတုကုထုံးဆေးဝါးသစ်တစ်မျိုးသည် သုက်ရည်ဂလင်းအိတ် ကင်ဆာလူနာအမျိုးသားများအတွက် ကုထုံးသစ်တစ်ရပ်ဖြစ်လာနိုင်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၁၄ ရက်တွင် ရေးသားတင်ပြထားသည်။

Cisplatin အမည်ရှိအဆိုပါဆေးသစ်သည် သုက်ရည်ဂလင်းအိတ်ကင်ဆာဆဲလ်များ၏ ဇီဝဓာတု ပြောင်းလဲမှုများကို ထိန်းချုပ်ပေးနိုင်ကြောင်း အမေရိကန်နိုင်ငံ မိုင်ယာမီတက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

ထို့ပြင် Cisplatin သည် ကုထုံးကိုတုံ့ပြန်မှုမရှိသည့် ကင်ဆာဆဲလ်များဆီသို့ ဆေးများကိုတိုက်ရိုက်ပို့ဆောင်ပေးနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

ပဏာမအဆင့် လေ့လာတွေ့ရှိချက်များအရ Cisplatin ဆေးသည် ကုထုံးကိုတုံ့ပြန်နိုင်မှုမရှိတော့သည့် သုက်ရည်ဂလင်းအိတ်ကင်ဆာလူနာများအတွက် မျှော်လင့်ချက်ဖြစ်လာနိုင်သည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အဆိုပါဆေးကို ဓာတ်ခွဲခန်းအတွင်း၌ သုက်ရည်ဂလင်းအိတ်ကင်ဆာဆဲလ်များဖြင့်စမ်းသပ်ခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

KKO

## Fibromyalgia ရောဂါရှိသူများ အခြားရောဂါကြောင့် အသက်ဆုံးပါးနိုင်ခြေမြင့်မား

**ဂျေရုဆလင် ဇူလိုင် ၁၅**

Fibromyalgia ခေါ် ရှားပါးသည့်ရောဂါတစ်မျိုး ခံစားနေရသူများသည် အခြားရောဂါဘယများနှင့် အကြောင်းတရားများကြောင့် အသက်ဆုံးပါးနိုင်ခြေ ပုံမှန်ထက် မြင့်မားနေနိုင်ကြောင်း Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၁၄ ရက်တွင် ရေးသားတင်ပြထားသည်။

အစ္စရေးနိုင်ငံမှ သုတေသနပညာရှင်များသည် အရွယ်ရောက်သူ ၁၈၉၀၀၀ ပါဝင်သော လေ့လာချက်ပေါင်းခြောက်ခုတို့ကို ပြန်လည်လေ့လာဆန်းစစ်ခဲ့ကြသည်။

လေ့လာချက်မှ ထွက်ပေါ်လာသောရလဒ်များအရ Fibromyalgia အပြင် အခြားရောဂါများပါတွဲရှိနေသူအားလုံးတို့မှာ ရောဂါဘယနှင့် အခြားအကြောင်းတရားများကြောင့် အသက်ဆုံးပါးနိုင်ခြေ ပုံမှန်ထက် ၂၇ ရာခိုင်နှုန်းပိုမြင့်မားသည်ကို တွေ့ရကြောင်း အစ္စရေးသုတေသန ပညာရှင်များက ပြောကြားသည်။

သို့ရာတွင် Fibromyalgia ရောဂါနှင့်လူနာများ အကြောင်းအမျိုးမျိုးကြောင့် သေဆုံးနိုင်ခြေတို့ကြား မည်သို့ဆက်စပ်နေသည်ကို သုတေသန ပညာရှင်များက ရှင်းပြနိုင်မှု မရှိသေးကြောင်း သိရသည်။

Fibromyalgia ရောဂါသည် ဖြစ်ပွားပါက တစ်ကိုယ်လုံးအနှံ့ နာကျင်ကိုက်ခဲနေတတ်သော နာတာရှည်ရောဂါတစ်မျိုးဖြစ်ပြီး ရောဂါဖြစ်ပွားရခြင်း၏ နောက်ခံအကြောင်းတရားကို သုတေသနပညာရှင်များက စူးစမ်းနေကြရဆဲဖြစ်သည်။

သို့ရာတွင် မိမိတို့၏လေ့လာတွေ့ရှိချက်အရ Fibromyalgia လူနာများသည် အဆုတ်ရောင်ရောဂါအပါအဝင် ရောဂါအမျိုးမျိုးကြောင့် အသက်ဆုံးပါးနိုင်ခြေ ၄၄ ရာခိုင်နှုန်းပိုမြင့်မားသည်ဟု အစ္စရေးသုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ၂၀၂၃ ခုနှစ်အတွက် ဝင်ငွေအကောင်းဆုံးအားကစားသမားစာရင်းတွင် တိုက်စစ်မှူး စီရော်နယ်ဒို ထိပ်ဆုံးတွင်ရပ်တည်




**ရီယာဒ် ဇူလိုင် ၁၅**

Forbes မဂ္ဂဇင်းက ထုတ်ပြန်သည့် ၂၀၂၃ ခုနှစ်အတွက် ဝင်ငွေအကောင်းဆုံးအားကစားသမားများ စာရင်းတွင် တိုက်စစ်မှူးစီရော်နယ်ဒိုက မက်ဆီကိုကျော်ဖြတ်၍ ထိပ်ဆုံးတွင် ရပ်တည်နိုင်ခဲ့ကြောင်း Forbes.com က ယနေ့တွင် ဖော်ပြခဲ့သည်။

တိုက်စစ်မှူး စီရော်နယ်ဒိုသည် ပြီးခဲ့သည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလက မန်ယူအသင်းမှ ဆော်ဒီအာရေဗျကလပ် အယ်နာဆာအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ဘောလုံးကစားခြင်းနှင့် ဝင်ငွေဒေါ်လာ ၇၄ ဒသမ ၆၂ သန်းထိရရှိခဲ့ကာ nike ကုမ္ပဏီနှင့် စပွန်ဆာစာချုပ်ချုပ်ဆိုခဲ့ခြင်းနှင့် အခြား CR7 အမှတ်တံဆိပ်များမှ ရရှိခဲ့သည့်ဝင်ငွေများကြောင့် ၁၂ လတာ ကာလအတွင်း စုစုပေါင်းဝင်ငွေဒေါ်လာ ၁၄၀ ဒသမ ၇၃ သန်းရရှိခဲ့သဖြင့် အားကစားလောကတွင် ဝင်ငွေအကောင်းဆုံး ကစားသမားအဖြစ် ထိပ်ဆုံးတွင်ရပ်တည်နိုင်ခဲ့သည်။

ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က တစ်နှစ်တာ ဝင်ငွေအကောင်းဆုံးအားကစားသမားများထဲတွင်တိုက်စစ်မှူးမက်ဆီက ဝင်ငွေဒေါ်လာ ၁၃၄ ဒသမ ၈၄ သန်းဖြင့် ထိပ်ဆုံးတွင် ရပ်တည်နိုင်ခဲ့သော်လည်း ယခုအခါ တိုက်စစ်မှူးစီရော်နယ်ဒိုက မက်ဆီ၏ စံချိန်ကိုကျော်ဖြတ်၍ ဝင်ငွေဒေါ်လာ ၁၄၀ ဒသမ ၇၃ သန်းဖြင့် ထိပ်ဆုံးတွင် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ထုတ်ပြန်ခဲ့သည့် အားကစားသမား စာရင်းတွင် တိုက်စစ်မှူးစီရော်နယ်ဒိုက ဒေါ်လာ ၁၃၆ သန်းဖြင့် အဆင့်(၁)၊ တိုက်စစ်မှူး မက်ဆီက ဒေါ်လာ သန်း ၁၃၀ ဖြင့် အဆင့်(၂)၊ တိုက်စစ်မှူး အမ်ဘက်ပီက ဒေါ်လာ သန်း ၁၂၀ ဖြင့် အဆင့်(၃)၊ ဘက်စကတ်ဘောကစားသမား လီဘရွန်ဂျိမ်းက ဒေါ်လာ ၁၁၉ ဒသမ ၅ သန်းဖြင့် အဆင့်(၄)၊ လက်ဝှေ့ကစားသမား ကန်နဲလိုအယ်ဗာရက်ဇ်က ဒေါ်လာ သန်း ၁၁၀ ဖြင့် အဆင့်(၅)၊ ဂေါက်သီးရိုက်ကစားသမား ဒက်စတင်ဂျွန်ဆင်က ဒေါ်လာ ၁၀၇ သန်းဖြင့် အဆင့်(၆)၊ ဖီးလ်မက်ကီဆင်က ဒေါ်လာ ၁၀၆ သန်းဖြင့် အဆင့်(၇)၊ ဘက်စကတ်ဘော ကစားသမား စတီဖင်ကာရီက ဒေါ်လာ ၁၀၀ ဒသမ ၄ သန်းဖြင့် အဆင့်(၈)၊ တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲရာက ဒေါ်လာ ၉၅ ဒသမ ၁ သန်းဖြင့် အဆင့်(၉)၊ ဘက်စကတ်ဘောကစားသမား ဒူးရန့်က ဒေါ်လာ ၈၉ ဒသမ ၁ သန်းဖြင့် အဆင့်(၁၀)တို့တွင် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

ML

# တိုက်စစ်မှူးတာဒစ် အေဂျက်အသင်းနှင့် နှစ်ဖက်သဘောတူလမ်းခွဲကြောင်း ကြေညာ

**အမ်စတာဒမ် ဇူလိုင် ၁၅**

အေဂျက်အသင်း၏ အသင်းခေါင်းဆောင် တိုက်စစ်မှူး တာဒစ်သည် အသင်းနှင့် လာမည့် ၂၀၂၄ ခုနှစ်မှ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း ယခုအခါ အသင်းနှင့် နှစ်ဖက်သဘောတူ စာချုပ်ဖျက်သိမ်း၍ အသင်းမှ ထွက်ခွာခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၄ နှစ်ရှိ တာဒစ်သည် ၂၀၁၈ ခုနှစ်က ဆောက်သမ်တန်အသင်းမှ အေဂျက်အသင်းသို့ ပြောင်းရွှေ့ ရောက်ရှိခဲ့ပြီးနောက် ခြေစွမ်းပြကစားနိုင်ခဲ့သဖြင့် အဓိက ကစားသမားတစ်ဦး ဖြစ်လာခဲ့ကာ အသင်းခေါင်းဆောင်အဖြစ်ခန့်အပ်ခဲ့ရသကဲ့သို့ ဘောလုံးရာသီပြီးဆုံးချိန်တွင် အသင်းကို အမှတ်ပေးချန်ပီယံဆုဖလားရရှိအောင် ကူညီနိုင်ခဲ့သည့်အပြင် ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ဆီမီးဖိုင်နယ်အဆင့်ထိ ပို့ဆောင်ပေးနိုင်ခဲ့ပြီး ၂၀၂၁ ခုနှစ်တွင်လည်း အမှတ်ပေးဆုဖလား ရယူပေးနိုင်ခဲ့သည်။

ထို့ပြင် ၎င်းသည်အသင်းအတွက် ပြိုင်ပွဲစုံ ၂၄၁ ပွဲပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး ၁၀၅ ဂိုးထိသွင်းယူနိုင်ခဲ့သောကြောင့် နယ်သာလန်လိဂ်ပြိုင်ပွဲတွင် တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ရယူနိုင်ခဲ့ပြီးနောက် ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းအနေဖြင့် ရလဒ်ပိုင်း ကျဆင်းလာခဲ့ကာ အမှတ်ပေးပြိုင်ပွဲ ပြီးဆုံးချိန်တွင် ချန်ပီယံလိဂ်ပြိုင်ပွဲနှင့်လွဲချော်ခဲ့သောကြောင့် တာဒစ်အပါအဝင် အဓိက ကစားသမားအများစု အသင်းမှ ထွက်ခွာခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး တာဒစ်က "ကျွန်တော့်အနေနဲ့ အသင်းက ထွက်ခွာဖို့ ဆုံးဖြတ်ချက်ချမှတ်ရတာ ခက်ခဲခဲ့ပါတယ်။ ဘာလို့လဲဆိုရင် အေဂျက်အသင်းမှာ ကစားသမားဘဝရဲ့အောင်မြင်မှုတွေ ရရှိခဲ့လို့ပဲဖြစ်ပါတယ်။ ကျွန်တော့်ကစားသမားဘဝရဲ့ အောင်မြင်မှုကိုရခဲ့ရုံသာမက ကစားသမားဘဝကို ပြန်လည်စတင်နိုင်ခဲ့တဲ့ နေရာလဲဖြစ်ပါတယ်။ ကျွန်တော့်ကို ထောက်ခံအားပေးခဲ့တဲ့ ပရိသတ်တွေကြောင့် ဒီအသင်းမှာအရမ်းပျော်ခဲ့ရပါတယ်။ ဒါကြောင့် အေဂျက်အသင်းကို ဘယ်တော့မှ မေ့မရသလို အမ်စတာဒမ်ကို နည်းပြတစ်ဦးအဖြစ်နဲ့ ပြန်လာအုံးမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ML




# မာဆေးအသင်းက ခံစစ်ကစားသမား လိုဒီကို ယူရို ၁၃ သန်းဖြင့်ခေါ်ယူခဲ့ကြောင်း ထုတ်ပြန်

**မာဆေး ဇူလိုင် ၁၅**

မာဆေးအသင်းသည် စပိန်ကလပ် အေတီကိုအသင်းတွင် ကစားနေသည့် ခံစစ်ကစားသမား လိုဒီကို ပြောင်းရွှေ့ကြေး ယူရို ၁၃ သန်းဖြင့် အပြီးသတ်ခေါ်ယူနိုင်ခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု Reuters.com က ယနေ့တွင် ဖော်ပြခဲ့သည်။

မာဆေးအသင်းသည် ခံစစ်ကစားသမားလိုဒီကို ယူရို ၁၃ သန်းဖြင့်ခေါ်ယူနိုင်ခဲ့သော်လည်း စာချုပ်ကိစ္စနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ထုတ်ပြန်ကြေညာခြင်းမရှိခဲ့ကြောင်းသိရသည်။

ဘရာဇီးနိုင်ငံသား လိုဒီသည် ၂၀၁၉ ခုနှစ်က အေတီကိုအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး ၂၀၂၀-၂၀၂၁ ဘောလုံးရာသီတွင် အသင်းအတွက် အကောင်းဆုံးပါဝင်ပေးခဲ့ကာ အသင်းကို စပိန်လာလီဂါဆုဖလားရရှိအောင် ကူညီပေးနိုင်ခဲ့သော်လည်း နောက်ပိုင်းတွင်ပွဲကစားခွင့်ရရှိရန် ရုန်းကန်ခဲ့ရပြီး ၂၀၂၂-၂၀၂၃ ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ကလပ် နော်တင်ဟမ်အသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ရသည်။

အသက် ၂၅ နှစ်ရှိ လိုဒီသည် ၂၀၁၆ ခုနှစ်တွင် ၎င်း၏ ကစားသမားဘဝကို ဘရာဇီးကလပ် ပါရာနန်စီအသင်းနှင့် စတင်ခဲ့ပြီးနောက် ၂၀၁၉ ခုနှစ်တွင် အေတီကိုအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ရာ ပြိုင်ပွဲစုံ ၁၁၈ ပွဲတွင် သွင်းဂိုးခြောက်ဂိုးသွင်းယူ၍ အသင်းနှင့်အတူ အောင်မြင်မှုရယူနိုင်ခဲ့သော်လည်း ယခုအခါ နည်းပြဆီမီယွန်နီက ခံစစ်ကစားသမား အက်ဇ်ပီလီကျူတာကို ခေါ်ယူနိုင်ခဲ့ပြီး လိုဒီကို ပွဲကစားခွင့်ပေးရန် အခက်အခဲရှိလာသောကြောင့် မာဆေးအသင်းသို့ ရောင်းချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ML

# ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်သို့ ဂျိုကိုဗစ်နှင့် အယ်ကာရက်ဇ်တို့ တက်ရောက်

**လန်ဒန် ဇူလိုင် ၁၅**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပနေသည့် ဝင်ဘယ်ဒန်အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များအဖြစ် ဆားဘီးယားတင်းနစ်ကစားသမားဂျိုကိုဗစ်က အီတလီတင်းနစ်ကစားသမား ဂျန်နစ်ဆင်နာနှင့်လည်းကောင်း၊ စပိန်တင်းနစ်ကစားသမားအယ်ကာရက်ဇ်က ရုရှားတင်းနစ်ကစားသမား မျက်ဒဗျက်နှင့်လည်းကောင်း ယှဉ်ပြိုင်ခဲ့ကြသည်။

ဂျိုကိုဗစ်နှင့် ဂျန်နစ်ဆင်နာတို့ပွဲစဉ်တွင် ဂျိုကိုဗစ်က (၆-၃၊ ၆-၄၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး အယ်ကာရက်ဇ်နှင့် မျက်ဒဗျက်တို့ပွဲစဉ်တွင် အယ်ကာရက်ဇ်က (၆-၃၊ ၆-၃၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲစဉ်အဆင့်သို့ အသီးသီးတက်ရောက်ခဲ့ကြောင်း Euro Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၂) တင်းနစ်ကစားသမား ဂျိုကိုဗစ်သည် အမျိုးသား တင်းနစ်လောကတွင် ဂရန်းစလန်းဆုဖလား အများဆုံး ဆွတ်ခူးထားသည့် ကစားသမားတစ်ဦးဖြစ်သလို ဒုတိယနေရာမှ ရာဖေးလ်နာဒယ်ကို ဆုဖလားတစ်လုံးအသာဖြင့် ဦးဆောင်ထားလျက်ရှိသည်။

ကမ္ဘာ့အဆင့်(၁) တင်းနစ်ကစားသမား အယ်ကာရက်ဇ်ကလည်း ကမ္ဘာ့အဆင့်(၁)နေရာကို ဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ချန်ပီယံဆုကိုဆွတ်ခူးနိုင်ရန်ပစ်မှတ်ထားနေသည်။



အယ်ကာရက်ဇ်သည် မကြာသေးမီကကျင်းပခဲ့သော ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲဆီမီးဖိုင်နယ်အဆင့်တွင် ဂျိုကိုဗစ်ကို ရှုံးနိမ့်ခဲ့ပြီး ဗိုလ်လုပွဲစဉ်အဆင့်သို့ တက်ရောက်မည့်အခွင့်အရေးနှင့် လွဲချော်ခဲ့ရသည်။

ယင်းပွဲစဉ်တွင် ရုပ်ပိုင်းဆိုင်ရာအသာစီးရခဲ့သော်လည်း စိတ်ဓာတ်ပိုင်းဆိုင်ရာကြောင့် ဂျိုကိုဗစ်ကို ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်ဟု အယ်ကာရက်ဇ်က ပြောကြားခဲ့ကြောင်း သိရသည်။

AZL

## အားကစားသတင်း အတိုအထွာများ

- ဖူလ်ဟမ်အသင်းက လာမည့် ၂၀၂၄ ခုနှစ်တွင် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် နည်းပြမားကိုစ်ဆေးဗားကို သက်တမ်းတစ်နှစ်တိုးရန် ကမ်းလှမ်းမှုပြုလုပ်ခဲ့သည်။
- ဝက်စ်ဟမ်းအသင်းက လူငယ်ကွင်းလယ်ကစားသမား ဖရက်ဒီကို သုံးနှစ်သဘောတူစာချုပ်ဖြင့် သက်တမ်းတိုးနိုင်ခဲ့ကြောင်း တရားဝင်ထုတ်ပြန်ခဲ့သည်။
- ဆော်ဒီအာရေဗျကလပ် အယ်ဟိုင်လာအသင်းက မစ်ထရိုဗစ်ကို ပြောင်းရွှေ့ကြေး ယူရို သန်း ၃၀ ဖြင့်ခေါ်ယူရန် ပုဂ္ဂိုလ်ရေးသဘောတူညီမှုရရှိခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ML

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၂)တွင် ရောဝတီယူနိုက်တက်အသင်းက ဒဂုံစတားအသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိ




**ရန်ကုန် ဇူလိုင် ၁၅**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၂)အဖြစ် ယနေ့ညနေ ၃ နာရီက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင် ရောဝတီ ယူနိုက်တက်အသင်းနှင့် ဒဂုံစတား အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အပြန်အလှန် သွင်းဂိုးများဖြင့် ရောဝတီယူနိုက်တက် အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် ရောဝတီ ယူနိုက်တက်အသင်းက ပွဲစကတည်း က တိုက်စစ်ဖွင့်ဖိအားပေးကစားခဲ့ ရာမှ ပွဲချိန် ငါးမိနစ်တွင်ပင် ညီညီ အောင်က ရောဝတီယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူ နိုင်ခဲ့သော်လည်း ပထမပိုင်းပြီးဆုံး ခါနီး ပွဲချိန် ၄၁ မိနစ်တွင် မင်းမြတ်စိုး က ဒဂုံစတားအသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ပွဲချိန်ပထမပိုင်းအပြီးတွင် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ပွဲချိန်ဒုတိယပိုင်း ပြန်လည် စတင်ချိန်တွင်လည်း နှစ်သင်းစလုံး ခြေစွမ်းပိုင်း ကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန် ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် ၅၁ မိနစ်တွင် ရာဇာအောင်က ရောဝတီ ယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူခဲ့သော်လည်း ပွဲချိန် ၆၉ မိနစ်တွင် ဆွမ်လမန်က ဒဂုံစတားအသင်းအတွက် ချေပဂိုး သွင်းယူနိုင်ခဲ့သည်။

ဆက်လက်ပြီး နှစ်သင်းစလုံး အနိုင်ဂိုးများအတွက် အပြန်အလှန် ဖိအားပေးခဲ့ရာမှ ပွဲချိန် ၇၈ မိနစ် တွင် အောင်မင်းသူက ရောဝတီ ယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သော ကြောင့် ပွဲပြီးဆုံးချိန်တွင် ရောဝတီ ယူနိုက်တက်အသင်းက ဒဂုံစတား အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့်အနိုင် ရရှိခဲ့ပြီး ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ကစားသမားဆုကို ရောဝတီယူနိုက်တက် အသင်းမှ တိုက်စစ်မှူးရာဇာအောင်က ရရှိခဲ့ ကြောင်း သိရသည်။

STA

# လိုက်ဝိတ်တန်းကမ္ဘာ့ချန်ပီယံ ဂါဗွန်တာ ယာဉ်တိုက်မှုကြောင့် ထောင်ဒဏ်မှပြန်လည်လွတ်မြောက်လာ

**ဝါရှင်တန် ဇူလိုင် ၁၅**

WBA (Regular) လိုက်ဝိတ် တန်းကမ္ဘာ့ချန်ပီယံ အမေရိကန် လက်ဝှေ့သမား ဂါဗွန်တာသည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလက ဖြစ်ပွားခဲ့သောယာဉ်တိုက်မှုကြောင့် ထောင်ဒဏ် ၄၄ ရက်ကျခံရာမှ ဇူလိုင် ၁၄ ရက်တွင် ပြန်လည်လွတ် မြောက်လာခဲ့ပြီဖြစ်ကြောင်း ဂါဗွန် တာ၏ ဦးလေးတော်စပ်သူက ထုတ်ပြန်ခဲ့သည်ဟု Talk Sport သတင်းဌာနက ယနေ့တွင် ဖော်ပြ ခဲ့သည်။

ဂါဗွန်တာသည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် မော်တော်ယာဉ် ကို မဆင်မခြင်မောင်းနှင်ကာ လူလေးဦးအားတိုက်မိပြီး မောင်း ပြေးခဲ့သည့်အမှုကြောင့် တရားစွဲခံခဲ့ ရပြီး ပြစ်မှုထင်ရှားသဖြင့် ပြီးခဲ့သော မေလက ထောင်ဒဏ်ပြစ်ဒဏ်ချမှတ် ခံခဲ့ရခြင်းဖြစ်သည်။

ဂါဗွန်တာသည် ၂၀၂၃ ခုနှစ် ဇွန် ၂၆ ရက်တွင် WBA(Regular) လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ခါးပတ်ကို စတင်ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်ပြီး ချန်ပီယံကာကွယ်ပွဲစဉ်ကို လည်းသုံးကြိမ်တိုင်တိုင် အောင်မြင် စွာ ကာကွယ်ထိုးသတ်ထားနိုင် ခဲ့သည်။

ထောင်ဒဏ်ပြစ်ဒဏ်မကျခံရမီ က မေ ၂၂ ရက်တွင် အမေရိကန် လက်ဝှေ့သမား ရိုင်ယန်ဂါစီယာ ကို ဒိုင်ပွဲရပ်ရလဒ်ဖြင့်အနိုင်ရခဲ့ပြီး နောက် ဇွန် ၂ ရက်တွင် ထောင် ဒဏ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရခြင်းလည်း ဖြစ်သည်။

ထောင်ဒဏ်ပြစ်ဒဏ်မှ ပြန်လည် လွတ်မြောက်လာကြောင်းကို ဂါဗွန် တာသည် တွစ်တာစာမျက်နှာတွင် ၎င်း၏ပရိသတ်များကို အသိပေး ခဲ့ပြီး ပရိသတ်အများစုက ဂါဗွန် တာကို ပြန်လည်ကြိုဆိုကြောင်း မှတ်ချက်ပြုရေးသားခဲ့ကြကာ ၎င်း၏ ဦးလေးတော်စပ်သူကလည်း လူမှု ကွန်ရက်မှတစ်ဆင့် "ကြိုဆိုပါတယ် ငါ့တူလေး"ဟု ရေးသားကြိုဆို ခဲ့ကြောင်း သိရသည်။

AZL

# အင်တာမီလန်အသင်းက တိုက်စစ်မှူးလူကာကူအား ခေါ်ယူတော့မည်မဟုတ်ကြောင်း ချဲလ်ဆီးအသင်းထံ အကြောင်းကြား



**ရောမ ဇူလိုင် ၁၅**

အင်တာမီလန်အသင်းက ပြီးခဲ့ သည့်ဘောလုံးရာသီက ချဲလ်ဆီး အသင်းထံမှ တစ်ရာသီအငှား စာချုပ်ဖြင့် ခေါ်ယူထားသည့် တိုက်စစ်မှူးလူကာကူအား ခေါ်ယူ မည့်အစီအစဉ်ကို ဖျက်သိမ်းလိုက် ပြီဟု ချဲလ်ဆီးအသင်းထံအကြောင်း ကြားခဲ့ကြောင်း Footballitalia သတင်းဌာနက ယနေ့တွင် ဖော်ပြ ခဲ့သည်။

အင်တာမီလန်အသင်းက ပြီးခဲ့ သည့်ဘောလုံးရာသီက လူကာကူ ကို ချဲလ်ဆီးအသင်းထံမှ တစ်ရာသီ အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ခြင်း ဖြစ်ပြီး ဘောလုံးရာသီအကုန်က အငှားစာချုပ်သက်တမ်း ကုန်ဆုံး ခဲ့ပြီးနောက် အစောပိုင်းက အပြီး သတ်ဝယ်ယူရန်အတွက် ကြိုးပမ်း ခဲ့ခြင်းဖြစ်သည်။

အင်တာမီလန် အသင်းက လူကာကူကို အပြီးသတ်ဝယ်ယူရန် အတွက် ပြောင်းရွှေ့ကြေးယူရို ၃၅ သန်းအပြင် အပိုဆုကြေး ငါးသန်း စုစုပေါင်း သန်း ၄၀ ဖြင့် ကမ်းလှမ်း ခဲ့သော်လည်း ချဲလ်ဆီးအသင်းထံမှ တစ်စုံတစ်ရာ အကြောင်းပြန်ခြင်း မရှိခဲ့သောကြောင့် မိမိတို့အနေဖြင့် လူကာကူကိုခေါ်ယူမည့်အစီအစဉ် ကို ဖျက်သိမ်းလိုက်ပြီဟု ချဲလ်ဆီး အသင်းထံ အကြောင်းကြားခဲ့ခြင်း ဖြစ်သည်။

လူကာကူကို ပြီးခဲ့သည့်ရက်ပိုင်း က အင်တာမီလန်အသင်းနှင့်အပြိုင် ဂျူဗင်တပ်အသင်းကလည်း ခေါ်ယူ ရန်ကြိုးပမ်းနေသည့်အတွက် ယခု အခါ အင်တာမီလန်အသင်းက နောက်ဆုတ်ခဲ့သောကြောင့် ဂျူဗင် တပ်အသင်းက လူကာကူကို ခေါ်ယူနိုင်ရန် ပိုမိုအခြေအနေ ကောင်းမွန်လာခဲ့သည်။

လူကာကူကို အစောပိုင်းက ဆော်ဒီထိပ်တန်း ကလပ်အသင်း များက တရားဝင်ကမ်းလှမ်းမှုများ ပြုလုပ်ခဲ့သော်လည်း လူကာကူ ကိုယ်တိုင်က ဥရောပတွင်သာကစား လိုသည့်အတွက် ကမ်းလှမ်းမှုများ ကို ငြင်းပယ်ထားခြင်းဖြစ်ကြောင်း သိရသည်။

STA

# Genesis Scottish Open ပြိုင်ပွဲ အမှတ်ပေးဇယားကို မက်အီလ်ရွိုင်း ဦးဆောင်

**အီဒင်ဘာ့ဂ် ဇူလိုင် ၁၅**

စကော့တလန်နိုင်ငံတွင်ကျင်းပ နေသည့် Genesis Scottish Open ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယ နေ့အပြီးတွင် မြောက်အိုင်ယာလန် ဂေါက်သီးရိုက် ကစားသမားမက် အီလ်ရွိုင်းက စုစုပေါင်းသတ်မှတ် ရိုက်ချက်ထက် ၁၀ ချက်လျော့ရိုက် ကာ အမှတ်ပေးဇယားကိုဦးဆောင် နေကြောင်း Gulf News သတင်း ဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တောင်ကိုရီးယား ဂေါက်သီး ရိုက်ကစားသမားများဖြစ်ကြသည့် တွမ်ကင်မ်၊ ဗြောင်ဟန်အန်နှင့် အင်္ဂလန်ဂေါက်သီးရိုက် ကစားသမား တိုင်ရယ်ဟက်တန်တို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ကိုးချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည် လျက်ရှိသည်။

ဒုတိယနေ့ ပြီးဆုံးသည်ထိ ချန်ပီယံလမ်းကြောင်းတွင် မြဲတ်သား သောရလဒ်မျိုးထွက်ပေါ်ထားခြင်း မရှိသေးသလို ပြိုင်ပွဲဝင်များ၏ စွမ်းဆောင်ရည် များမှာလည်း ကွာဟမှု မရှိသည့်အတွက်ကြောင့် နောက်ဆုံးနေ့ထိ အကြိတ်အနယ် ကစားရဖွယ်ရှိနေသည်။

မက်အီလ်ရွိုင်းက "tee-to-green မှာ ရိုက်ချက်တွေက တော်တော်လေးကောင်းနေတယ်လို့ ခံစားမိတယ်။ ဒုတိယနေ့မှာရခဲ့တဲ့ ရလဒ်နဲ့ ကစားနိုင်ခဲ့တဲ့ပုံစံကို နှိုင်းယှဉ်လိုက်ရင် ဒီထက်ပိုကောင်းတဲ့ ရလဒ်ရသင့်တယ်လို့ထင်တယ်။ ဒါပေမဲ့လဲ အမှားတချို့ရှိခဲ့တာ တော့သိပါတယ်။ ပထမနေ့မှာ တော့ အမှားနည်းခဲ့တယ်ဆိုပေမဲ့လဲ ဒုတိယနေ့လောက်တော့ အားရ ကျေနပ်ဖွယ်ကောင်းတဲ့ ရိုက်ချက် မျိုးမရိုက်နိုင်ခဲ့ဘူး။ ဘယ်လိုပဲ ဖြစ်ဖြစ် လက်ရှိရပ်တည်ထားနိုင်တဲ့ ရပ်တည်မှုအပေါ်မှာ အားရကျေနပ် မှုရှိပါတယ်။ လက်ကျန်နှစ်ရက်မှာလဲ အခုလိုပဲပုံစံကောင်းတွေ လုပ်ပြနိုင် မယ်လို့ယုံကြည်ပါတယ်"ဟု ပြော ကြားခဲ့ကြောင်း သိရသည်။

AZL



# ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်နှင့် Puma ကုမ္ပဏီတို့ ဘောလုံးစပွန်ဆာစာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိ

**လန်ဒန် ဇူလိုင် ၁၅**

ပရီးမီးယားလိဂ် ဘောလုံးအဖွဲ့ ချုပ်နှင့် ကမ္ဘာ့ထိပ်တန်းအားကစား ကုမ္ပဏီတစ်ခုဖြစ်သည့် Puma တို့ ဘောလုံးစပွန်ဆာစာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိခဲ့သည်ဟု Metro သတင်းဌာနက ယနေ့တွင် ဖော်ပြ ခဲ့သည်။

ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ ချုပ်နှင့် ထိပ်တန်းအားကစားပစ္စည်း ထုတ်လုပ်သည့် ကုမ္ပဏီတစ်ခုဖြစ် သည့် Nike တို့သည် ၂၀၀၀-၂၀၀၁ ဘောလုံးရာသီက စတင်ပြီး ဘောလုံးစပွန်ဆာစာချုပ် ချုပ်ဆို ကာ ဆယ်စုနှစ် နှစ်နှစ်ကျော်ကြာ လက်တွဲခဲ့ပြီးနောက် လာမည့် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ အကုန်တွင် ကုန်ဆုံးမည်ဖြစ်သည်။

ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ ချုပ်နှင့် Nike တို့က ဘောလုံး စပွန်ဆာသက်တမ်းတိုး စာချုပ် ချုပ်ဆိုရန် နီးစပ်ခဲ့သော်လည်း နောက်ပိုင်းတွင် အဆင်မပြေ ဖြစ်ပွားခဲ့ပြီးနောက် Puma က ဘောလုံးစပွန်ဆာစာချုပ် ချုပ်ဆို ရန် ကြားဝင်ကမ်းလှမ်းခဲ့ ရာမှ သဘောတူညီမှုရရှိခဲ့ခြင်း ဖြစ်သည်။

လာမည့် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီမှစတင်ပြီး ပရီး မီးယားလိဂ်ပြိုင်ပွဲတွင် ဂျာမနီနိုင်ငံ အခြေစိုက် Puma ကထုတ်လုပ် သည့် ဘောလုံးများကိုစတင်အသုံး ပြုမည်ဖြစ်ပြီး Puma က ပရီးမီးယား လိဂ်ပြိုင်ပွဲမတိုင်မီ လက်ရှိထိပ်တန်း လိဂ်များဖြစ်သည့် အီတလီစီးရီးအေ ပြိုင်ပွဲနှင့် စပိန်လာလီဂါပြိုင်ပွဲတို့ တွင်လည်း ဘောလုံးစပွန်ဆာပေး ထားကြောင်း သိရသည်။

STA

# ရုရှား-တရုတ် စီးပွားရေးဆိုင်ရာဆက်ဆံရေး အလားအလာ

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကပ်ရောဂါအလွန် စီးပွားရေး ပြန်လည်ဦးမော့လာသည့်ကာလသည် သက်တမ်းတိုလွန်းလှပေသည်။ လက်ရှိအချိန်တွင် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးသည် ၁၉၇၀ ပြည့်နှစ်နောက်ပိုင်း ပြန်လည်ဦးမော့လာမှုကာလအတွင်း အနှေးကွေးဆုံးကာလပင်ဖြစ်သည်။ ထို့ကြောင့် ဥရောပဒေသအနေဖြင့် တရုတ်နိုင်ငံ၏ စီးပွားရေးဦးမော့လာမှုကို ရှုထောင့်နှစ်မျိုးဖြင့် အသိအမှတ်ပြုသွားသင့်ပေသည်။

နိုင်ငံရေးရှုထောင့်ကကြည့်မည်ဆိုလျှင် တရုတ်နိုင်ငံ၏လွှမ်းမိုးမှုပိုမိုကျယ်ပြန့်လာပြီး ရုရှားနိုင်ငံနှင့် ပိုမိုနီးကပ်လာလျက်ရှိသောကြောင့် ခြိမ်းခြောက်မှုတစ်ရပ်အဖြစ် ရှုမြင်နိုင်ပေသည်။ လက်တွေ့ကျကျကြည့်မည်ဆိုလျှင် တရုတ်နိုင်ငံ၏စီးပွားရေးနှင့်ရုရှား၏အထောက်အပံ့များကြောင့် တိုးတက်မှုများပိုမိုရရှိနေမှုကို ဥရောပဒေသအတွက် အသက်ရှူပေါက်အဖြစ် အကောင်းဘက်မှရှုမြင်ကာ လက်ခံသွားသင့်ပေသည်။

လက်ရှိအချိန်တွင် အမေရိကန်၌ ပြည်ထောင်စုရန်ပုံငွေအတိုးနှုန်းသည် ၁၉၈၀ ပြည့်လွန်နှစ်များကတည်းက စတင်ရေတွက်ပါက အတိုးနှုန်းမြင့်တက်လာမှု အလျင်မြန်ဆုံးနှင့် အမြင့်မားဆုံးနှုန်းထားပင်ဖြစ်ပြီး ကမ္ဘာ့ရှယ်ယာများတွင် ဒေါ်လာထားရှိနိုင်မှုသည် ၂၅ ရာခိုင်နှုန်းထိ ကျဆင်းလာခဲ့သောကြောင့် ယခုနှစ် စီးပွားရေးသည် ၁၉၄၉ ခုနှစ်ကတည်းက အဆိုးရွားဆုံး နှစ်တစ်နှစ်ဖြစ်လာသည်။

ဥရောပတွင်လည်း ပိတ်ဆို့မှုများလုပ်ဆောင်ရာမှ ထောက်ပံ့ရေးကွင်းဆက်များ ပြတ်တောက်နေမှုသည် ငွေကြေးဖောင်းပွမှုများ မြင့်တက်လာပြီး လာမည့်နှစ်များအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းကိုပင် လျှင် တွက်ချက်၍မရနိုင်တော့ပေ။ သဘာဝဓာတ်ငွေ့ဈေးနှုန်းများ လျှော့ချရေးအတွက် ယူရိုဘီလီယံ ၂၀၀ သုံးစွဲသွားမည်ဆိုသော ဂျာမနီနိုင်ငံ၏ မကြာသေးမီက ထုတ်ပြန်ကြေညာချက်သည် ဆင်းရဲတွင်းနက်နေသော အိမ်နီးချင်းနိုင်ငံများနှင့် ကွာဟချက်ပိုမိုမြင့်တက်လာစေခဲ့ရာ ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးအကျပ်အတည်းများကို ဥရောပနိုင်ငံများ၏ ပူးပေါင်းတုံ့ပြန်နိုင်မှုအပေါ် သံသယမြင့်တက်လာစေခဲ့သည်။

မကြာသေးမီအချိန်အတွင်းကပင် OPEC PLUS အဖွဲ့က ရေနံလျှော့ချထုတ်လုပ်သွားမည်ဆိုသောသဘောတူညီချက်သည် ဈေးကွက်အတွင်း၌ရေနံတင်ပို့မှု ပိုမိုလျော့နည်းလာနိုင်ပေသည်။ အမေရိကန်တို့ဒေါသူပုန်ထခဲ့သော ရေနံလျှော့ချထုတ်လုပ်သွားမည့် အစီအစဉ်နှင့်စပ်လျဉ်း၍ OPEC PLUS အဖွဲ့က အနာဂတ်တွင် စီးပွားရေးပိုမိုကျုံ့လာနိုင်မှုအပေါ် မျှော်မှန်းကာ ရေနံဈေးကွက် ထိန်းညှိခြင်းဖြစ်ကြောင်း ပြောကြားသွားသည်။

အလားတူ ယခုနှစ်အတွင်း တရုတ်နိုင်ငံတွင်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နှေးကွေးလာလျက်ရှိသည်။ မည်သို့ပင်ဆိုစေ ကမ္ဘာ့အကြီးမားဆုံးကုန်စည်တင်ပို့သူနှင့် ကုန်ပစ္စည်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိသော ကမ္ဘာ့ဒုတိယအကြီးမားဆုံးစီးပွားရေးကိုပိုင်ဆိုင်ထားသည့် တရုတ်နိုင်ငံသည် နိုင်ငံတကာကုန်သွယ်ရေးတွင် အကြီးမားဆုံးမောင်နှင်အားများအနက် တစ်ခုအဖြစ် ဆက်လက်ရပ်တည်လျက်ရှိသည်။ သို့သော် တရုတ်နိုင်ငံသည် ရုရှားထံမှ ရေနံဓာတုပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ အပါအဝင် ဟိုက်ဒရိုကာဗွန်များ၊ သတ္တုများ၊ ဓာတ်မြေဩဇာများ၊ တန်ဖိုးမြင့်ထုတ်ကုန်များ ဝယ်ယူရလျက်ရှိသောကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း နှေးကွေးလာလျက်ရှိသည်။

**ကန့်သတ်ချက်မရှိသောမိတ်ဖက်ဆက်ဆံရေး**

မိတ်ဖက်ဆက်ဆံရေးတွင် နိုင်ငံရေးဆိုင်ရာဂယက်ရိုက်ခတ်မှုများရှိနေသည့်တိုင်အောင် တရုတ်-ရုရှားစီးပွားရေးဆိုင်ရာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် တိုးတက်ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်ဆိုသောအချက်ကိုမူ လက်ခံသွားရမည်ဖြစ်သည်။ ရုရှားနိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် တရုတ်နှင့် အပြန်အလှန်ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀၀ ထိရောက်ရှိရန် မျှော်မှန်းထားသည်။ ရုရှားကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့ကို တရုတ်နိုင်ငံ၏တင်သွင်းမှုသည် ယခုနှစ် ဩဂုတ်လအတွင်း အမြင့်ဆုံးပမာဏသို့ ရောက်ရှိလာခဲ့သည်။

အချို့သောရုရှားကုမ္ပဏီများသည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ မတိုင်မီကတည်းကပင် တရုတ်နိုင်ငံသို့ ရေနံဓာတုထုတ်ကုန်များ တင်ပို့လျက်ရှိသည်။ သာဓကအနေဖြင့် ရေနံဓာတုပစ္စည်းထုတ်လုပ်သည့် Sibur ကုမ္ပဏီသည် တရုတ်ဈေးကွက်အတွင်းသို့ ပိုလီမာနှင့်ရော်ဘာများ တင်ပို့လျက်ရှိသည်မှာ ၁၀ နှစ်ကျော်နေပြီဖြစ်သည်။ ထို့ကြောင့် Sibur သည် ရေနံဓာတုပစ္စည်းများထုတ်လုပ်ရေးနှင့် စပ်လျဉ်း၍ တရုတ်ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးကုမ္ပဏီကြီးဖြစ်သည့် Sinopec နှင့်ပူးပေါင်းဆောင်ရွက်ခဲ့သည့် ပထမဆုံးပြည်ပကုမ္ပဏီအဖြစ် ရပ်တည်လာနိုင်ခဲ့ပြီး ဆိုက်ဘေးရီးယားပြည်နယ် Krasnoyarsk တွင် ရော်ဘာစက်ရုံတည်ဆောက်သွားရန် ၂၀၁၃ ခုနှစ်က ပူးတွဲရင်းနှီးမြှုပ်နှံမှု လုပ်ဆောင်နိုင်ခဲ့သည်။

Sinopec သည် ၂၀၁၅ ခုနှစ်တွင် Sibur ၌ ရှယ်ယာအများစု ပိုင်ဆိုင်လာခဲ့ပြီး ထိုအချိန်မှစ၍ ကုမ္ပဏီနှစ်ခုသည် ပူးတွဲရင်းနှီးမြှုပ်နှံမှု စီမံကိန်းများစွာကို ဆောင်ရွက်ခဲ့သည်။ လက်ရှိအချိန်တွင် Sibur သည် တရုတ်နိုင်ငံသို့ ကုန်ပစ္စည်းများပိုမိုတင်ပို့ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး လာမည့် ငါးနှစ်အတွင်း ၄၀ ရာခိုင်နှုန်းထိ တိုးမြှင့်သွားရန်ရည်မှန်းထားရှိသည်။ အထူးသဖြင့် ဓာတုအရည်ထုတ်ကုန်နှင့် ကုန်ပစ္စည်းထုတ်လုပ်မှုတို့ကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်သည်။ တရုတ်နှင့် ရုရှားဈေးကွက်များကြား ပူးပေါင်းဆောင်ရွက်မှုများကို ယခင်ကတည်းက ဆောင်ရွက်ခဲ့ရာ အထူးအဆန်း မဟုတ်တော့ပေ။ သို့သော် လက်ရှိ ပထဝီနိုင်ငံရေး အခြေအနေသည် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တောင့်တင်းခိုင်မာလာရေးအတွက် တွန်းအားတစ်ရပ်ဖြစ်လာတော့သည်။

**အခြေခံအဆောက်အအုံများ**

သို့သော် တရုတ်နိုင်ငံသို့ ချဉ်းကပ်ဆောင်ရွက်ရာတွင် ရုရှားနိုင်ငံအတွက် အခြေခံအဆောက်အအုံဆိုင်ရာအခက်အခဲရှိနေသည်။ ရုရှားသည် လူသုံးကုန်ပစ္စည်းများတင်ပို့ရန် စာချုပ်များချုပ်ဆိုထားရှိရာ ၎င်းပစ္စည်းများကို ပြည်ပဈေးကွက်သို့တင်ပို့ရာတွင် ရထားလမ်းများ၊ ပင်လယ်ဆိပ်ကမ်းများ၊ လေဆိပ်များ၊ ကားလမ်းများနှင့် ပိုက်လိုင်းများလိုအပ်လျက်ရှိသည်။ အဆိုပါ အခြေခံအဆောက်အအုံများကို တည်ဆောက်ထားပြီးဖြစ်သော်လည်း အရေအတွက်အရသော်လည်းကောင်း၊ စွမ်းဆောင်ရည်ပိုင်းအရသော်လည်းကောင်း လိုအပ်ချက်များရှိနေသည်။

သာဓကအနေဖြင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ရုရှားသဘာဝဓာတ်ငွေ့ကို တရုတ်ဈေးကွက်များသို့တင်ပို့နိုင်ရန် ၂၀၁၉ ခုနှစ်တွင် ဆိုက်ဘေးရီးယားပိုက်လိုင်းဖြင့် စတင်ပေးပို့ခဲ့သည်။ ၎င်းပိုက်လိုင်းသည် တစ်နှစ်လျှင် သဘာဝဓာတ်ငွေ့ ၃၈ ဘီလီယံကုဗမီတာ တင်ပို့နိုင်မည်ဟု မျှော်မှန်းထားရှိသည်။ သို့သော် ရုရှားမှတရုတ်သို့တင်ပို့သည့် သဘာဝဓာတ်ငွေ့ပမာဏသည် ယခုနှစ် ဖေဖော်ဝါရီလမတိုင်မီက ဥရောပကဝယ်ယူသည့် ပမာဏ၏ ငါးပုံ တစ်ပုံလောက်သာ ရှိသေးသည်။

ဆိုက်ဘေးရီးယား(၂) ပိုက်လိုင်းကို ထပ်မံတည်ဆောက်လျက်ရှိသော်လည်း ၂၀၃၀ ပြည့်နှစ်ထိ တင်ပို့နိုင်ဦးမည်မဟုတ်သေးသည့်အတွက် တရုတ်နိုင်ငံသည်ရုရှားသဘာဝဓာတ်ငွေ့များ ပိုမိုတင်သွင်းနိုင်ရေးအတွက် အခက်အခဲရှိနေသည်။ တရုတ်ကုမ္ပဏီကြီးများဖြစ်သည့် ENN နှင့် Zhejiang Energy တို့သည် သဘာဝဓာတ်ငွေ့အရည်ပိုမိုဝယ်ယူနိုင်ရေးအတွက် မကြာသေးမီကပင် ရုရှား၏အကြီးမားဆုံး ဓာတ်ငွေ့ကုမ္ပဏီကြီးဖြစ်သည့် Novatek နှင့် ကန်ထရိုက်စာချုပ်များ လက်မှတ်ရေးထိုးခဲ့သည်။ Novatek သည် လာမည့် ၁၁ နှစ်အတွက် Arctic 2 စီမံကိန်းမှတစ်ဆင့် တရုတ်ကုမ္ပဏီများကို နှစ်စဉ် သဘာဝဓာတ်ငွေ့အရည် မက်ထရစ်တန် ၆၀၀၀၀၀ တင်ပို့သွားမည်ဖြစ်သည်။ Novatek သည်လာမည့် ၁၅ နှစ်အတွက် တရုတ် Shenergy ကုမ္ပဏီသို့ သဘာဝဓာတ်ငွေ့အရည် မက်ထရစ်တန် သုံးသန်း တင်ပို့သွားရန် ကတိကဝတ်ပြုထားသည်။

အဆိုပါ ကန်ထရိုက်စာချုပ်အသစ်များအရ သဘာဝဓာတ်ငွေ့အရည်များကို ပင်လယ်ရေကြောင်းမှ တင်ပို့သွားရန်လည်းလိုအပ်မည်ဖြစ်သည်။ Novatek သည် ရုရှားသင်္ဘောတည်ဆောက်ရေးကုမ္ပဏီဖြစ်သည့် Zyezda ကို ရေခဲပြင်သွား သဘာဝဓာတ်ငွေ့ရည်တင်သင်္ဘော ၁၅ စီး တည်ဆောက်ပေးရန် လုပ်ငန်းအပ်နှံထားပြီးဖြစ်သည်။ သို့သော် ဥရောပဈေးကွက်သို့တင်ပို့သည့်ပမာဏကို ပြည့်မီစေရန်အတွက် တရုတ်နိုင်ငံသို့သဘာဝဓာတ်ငွေ့များ ပိုမိုတင်ပို့နိုင်ရေးအတွက် အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းသည် ရုရှားသဘာဝဓာတ်ငွေ့ထုတ်လုပ်သူများအတွက် အုပ်ချုပ်ထောက်ပံ့ရေးဆိုင်ရာ စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်သည်။



တရုတ်နှင့်ရုရှားပူးပေါင်းဆောင်ရွက်မှုသည် ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများအပြင် ဘဏ္ဍာရေးဆိုင်ရာ အခြေခံအဆောက်အအုံကိုလည်း မျှဝေအသုံးချသွားရန်လိုအပ်သည်။ နှစ်နိုင်ငံစလုံးသည် လွန်ခဲ့သော ဆယ်စုနှစ် နှစ်ခုလောက်ကတည်းက ဘဏ္ဍာရေးဆိုင်ရာအုတ်မြစ်ချထားပြီးဖြစ်သည်။ ရုရှားနှင့်တရုတ်တို့ကြား ယွမ်ငွေသုံးစွဲမှုတန်ဖိုးသည် ၂၀၁၄ ခုနှစ်တွင် ၃ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင် ၁၈ ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့သည်။ ရုရှားအမျိုးသားရန်ပုံငွေတွင် ယွမ်ငွေပမာဏသည် အရန်ငွေကြေးအားလုံး၏ ၃၀ ရာခိုင်နှုန်းခန့်ရှိနေသည်။

စက်တင်ဘာလအတွင်းကလည်း ရုရှားနိုင်ငံပိုင် Gasprom ကုမ္ပဏီသည် တရုတ်နိုင်ငံသို့ သဘာဝဓာတ်ငွေ့များ တင်ပို့ရာတွင်ဒေါ်လာနှင့်ပေးချေမည့်အစား ယွမ်နှင့်ရူဘယ်ငွေတို့ဖြင့် လဲလှယ်ပေးချေနိုင်ရန် သဘောတူစာချုပ်လက်မှတ်ရေးထိုးခဲ့သည်။ အလားတူ Sibur အပါအဝင် အခြားသောရုရှားကုမ္ပဏီကြီးများအနေဖြင့်လည်း တရုတ်နိုင်ငံသို့ ကုန်ပစ္စည်းများတင်ပို့ရာတွင် ယွမ်ငွေဖြင့် လဲလှယ်ပေးချေနိုင်ရန် သဘောတူညီထားသည်။ ထို့ကြောင့် တရုတ်နိုင်ငံသည် ရုရှားထံမှ ကုန်ပစ္စည်းများပိုမိုတင်သွင်းလာရသည်။ ယခုနှစ် ပထမရှစ်လအတွင်း နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုးသည် ၃၁ ရာခိုင်နှုန်းထိမြင့်တက်လာခဲ့ရာ အမေရိကန်ဒေါ်လာ ၁၁၇ ဒသမ ၂ ဘီလီယံထိ ရောက်ရှိလာခဲ့သည်။ နှစ်နိုင်ငံကြား နီးစပ်သောစီးပွားရေးဆိုင်ရာ ဆက်ဆံရေးများသည် ပိုမိုခိုင်မာအားကောင်းလာလျက်ရှိပြီး အနောက်တိုင်းမှမူဝါဒချမှတ်သူများသည် တရုတ်နိုင်ငံ၏စီးပွားရေး ကြီးထွားလာမှုအပေါ် စိုးရိမ်မကင်းဖြစ်လာရတော့သည်။

**ဆုံးဖြတ်ချက်ချမှတ်ရန်လို**

၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၇ ရက်တွင် ဥရောပသမဂ္ဂနိုင်ငံခြားရေးရုံးမှ ထုတ်ပြန်ခဲ့ပြီး ဝန်ကြီးများထံသို့တင်ပြခဲ့သော အစီရင်ခံစာတစ်စောင်၌ တရုတ်နိုင်ငံသည် EU ၊ အမေရိကန်နှင့် စိတ်တူကိုယ်တူနိုင်ငံများအတွက် ကမ္ဘာလုံးဆိုင်ရာပြိုင်ဆိုင်မှုတွင် အင်အားတောင့်တင်းသောနိုင်ငံ ဖြစ်လာပြီဖြစ်ကြောင်း၊ ထို့ကြောင့် တရုတ်- EU ဆက်ဆံရေးမှာ အကန့်အသတ်ဖြင့် ထိတွေ့ဆက်ဆံမှုမှသည် ဘက်ပေါင်းစုံတွင် ယှဉ်ပြိုင်မှုများရှိလာပြီဖြစ်ကြောင်း ဖော်ပြထားသည်။

လက်ရှိအချိန်တွင် ဥရောပ၏အကြီးမားဆုံးစီးပွားရေးလုပ်ငန်းများသည် ရပ်တန့်နေပြီဖြစ်သော်လည်း ရုရှားနှင့်တရုတ်တို့ကြား ကုန်သွယ်မှုတိုးတက်လာခြင်းသည် ကမ္ဘာလုံးဆိုင်ရာစီးပွားရေး ပြန်လည်ဦးမော့လာရေးအတွက် အထောက်အကူဖြစ်နိုင်သည့်အချက်များအနက်တစ်ခုပင်ဖြစ်သည်။ အမှန်တော့ တရုတ်နှင့်ရုရှားတို့၏ လက်တွေ့ကျသောစီးပွားရေးတိုးတက်မှုကို အသိအမှတ်ပြုနိုင်ရန်သည် အချို့သောနိုင်ငံရေးဆိုင်ရာပြဿနာများကို လျစ်လျူရှုသွားရန် လိုအပ်ပေသည်။ မည်သို့ပင်ဆိုစေ ဥရောပဒေသမှ နိုင်ငံရေးသမားများသည် တရုတ်-ရုရှား မိတ်ဖက်ဆက်ဆံရေးနှင့်စပ်လျဉ်း၍ သိမ်မွေ့နက်နဲသော ဆုံးဖြတ်ချက်များချမှတ်သွားရန် လိုအပ်နေပြီဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသည်။

**ကိုးကား**

- Russia-China ties strengthen as global recession looms by Asia Times.

**ဝင်းဇင်(သုတေသန)**

# အစွဲ ရုပ်ရှင်ဇာတ်ကားကို ရန်ကုန်မြို့တွင် ဇာတ်အိမ်တည်ကာ ရိုက်ကူးနေ



**ရန်ကုန် ဇူလိုင် ၁၅**

မီးမီးမွေး ရုပ်ရှင်ထုတ်လုပ်ရေးကစီစဉ်ထုတ်လုပ်သည့် အစွဲ ရုပ်ရှင်ဇာတ်ကားကို ရန်ကုန်မြို့တွင် ဇာတ်အိမ်တည်ကာ ဇူလိုင် ၁၄ ရက်က စတင်ရိုက်ကူးနေကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးနေသည့် ဒါရိုက်တာ အာကာစိုးဦးက ပြောပြ၍ သိရသည်။

မီးမီးမွေး ရုပ်ရှင်ထုတ်လုပ်ရေးက စီစဉ်ထုတ်လုပ်ပြီး ကိုမျိုးမျိုး (တောင်ကြီး) စီစဉ်သည့် အစွဲ ရုပ်ရှင်ဇာတ်ကား၏ ဇာတ်လမ်းကို အာကာစိုးဦးက ရေးသားထားခြင်းဖြစ်ပြီး ဇာတ်ညွှန်းကို အာကာစိုးဦး၊ ဇေယျတု၊ ဟင်နရီစောထွန်းတို့က ရေးသားထားခြင်းဖြစ်ကာ ဒါရိုက်တာ အာကာစိုးဦးက ရိုက်ကူးလျက်ရှိကြောင်း သိရသည်။

"ဒီဇာတ်ကားလေးက ကျွန်တော့်ရဲ့ ပထမဆုံးရုပ်ရှင်ဇာတ်ကားဖြစ်လို့ အများကြီးကြိုးစားထားပါတယ်။ ဇာတ်ညွှန်းပိုင်းကို အဓိကအားထား ပြင်ဆင်ထားပါတယ်။ ဒီကားလေးက လူငယ်လူသစ်တွေ အတော်များများပါဝင်ထားပါတယ်။ ဒါရိုက်တာအတွက်ကော ထုတ်လုပ်ရေးအတွက်ပါ ပထမဆုံးရုပ်ရှင်ဇာတ်ကားပါ။ ကျွန်တော့်အတွက်လဲ ပထမဆုံး Horror ရုပ်ရှင်ဖြစ်လို့ အားလုံးအတွက် စိန်ခေါ်မှုရှိပါတယ်။ အဲဒီအတွက်လဲ သေချာလေး ကြိုးစားထားပါတယ်"ဟု ဒါရိုက်တာ အာကာစိုးဦးက ပြောပြသည်။

အစွဲ ရုပ်ရှင်ဇာတ်ကားကို ရန်ကုန်မြို့တွင် ဇာတ်အိမ်တည်ကာ ဇူလိုင် ၁၄ ရက်က စတင်ရိုက်ကူးနေပြီး သရုပ်ဆောင် လွှမ်းပိုင်၊ မေမြင့်မိုရ်၊ မင်းဘုန်းမြတ်၊ မှူးထိပ်ထား၊ စွမ်းထက်အောင်၊ ပိုင်စိုးသူ၊ နေရှိုင်း၊ ဒီမိုးစက်၊ ချိုမဒီသွင်၊ ဂျီဂျီ စသည့်အနုပညာရှင်များနှင့် ခင်ဇာခြည်ကျော်၊ စိုးမိုးကြည်၊ မိုခမ်းတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Tron:Ares ဇာတ်ကား၌ ကင်မရွန်းမိုနာဂန် ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဇူလိုင် ၁၅**

ဒစ္စနီးရုပ်ရှင်ကုမ္ပဏီ၏ Tron: Ares ဇာတ်ကား၌ မင်းသား ကင်မရွန်းမိုနာဂန်လည်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း De-adline သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၁၄ ရက်တွင် ရေးသားတင်ပြထားသည်။

Tron: Ares ဇာတ်ကားတွင် မင်းသား ကင်မရွန်းမိုနာဂန်သည် မင်းသား ဂျရက်လီတို၊ အီဗန်ပီတာတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Tron: Ares သည် ၁၉၈၂ ခုနှစ်တွင် စတင်ရိုက်ကူးခဲ့သော Tron သိပ္ပံအက်ရှင်ဇာတ်ကားများအနက် တတိယမြောက်ဇာတ်ကားဖြစ်ပြီး အဆိုပါဇာတ်ကားကို ဒါရိုက်တာ ယိုအာချင်းရွှန်းနားက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဒစ္စနီးရုပ်ရှင်ကုမ္ပဏီသည် Tron: Ares ဇာတ်ကားရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းအတွက် ပြင်ဆင်မှုများ ပြုလုပ်နေဆဲဖြစ်သည်။

သို့ရာတွင် Tron: Ares ဇာတ်ကားကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ဒစ္စနီးရုပ်ရှင်ကုမ္ပဏီက ရုံတင်ပြသဖွယ်ရှိကြောင်း သိရသည်။

KKO




# အဆိုတော် စိန်လင်း (Aroma) သီဆိုထားသည့် ရင်ထဲမှာ သေမလောက်ချစ်ပါတယ် တေးသီချင်း ထွက်ရှိ

**ရန်ကုန် ဇူလိုင် ၁၅**

အဆိုတော် စိန်လင်း (Aroma) သီဆိုထားသည့် ရင်ထဲမှာ သေမလောက်ချစ်ပါတယ် တေးသီချင်း ဇူလိုင် ၁၄ ရက်က ထွက်ရှိလာကြောင်း အဆိုတော် စိန်လင်း (Aroma) က ပြောပြ၍ သိရသည်။

အဆိုပါတေးသီချင်းကို ထက်ကောင်းကင်က ရေးသားထားခြင်းဖြစ်ပြီး တေးသီချင်း Music Video (MV) ရိုက်ကူးရန်လည်း စီစဉ်နေကြောင်း သိရသည်။

"အခြားအလုပ်လေးတွေကြောင့် တေးသီချင်း MV ဘက် သိပ်မလှည့်ဖြစ်ပေမဲ့ တေးသီချင်း Audio သီးသန့်ကတော့ တစ်ပုဒ်ပြီးတစ်ပုဒ် ထွက်ရှိနေပါတယ်။ အဲဒီတေးသီချင်းအတွက် တေးသီချင်း MV လဲ နည်းနည်းလေး အချိန်ယူပြီးထွက်လာမှာပါ။ ပြီးခဲ့တဲ့ ဇွန် ၁၈ ရက်ကလဲ အဖြည့်ခံဆိုတဲ့တေးသီချင်း MV ထွက်ရှိထားပါတယ်"ဟု အဆိုတော် စိန်လင်း (Aroma) က ပြောပြသည်။




အဆိုတော်စိန်လင်း (Aroma) သည် ကိုဗစ်ကာလမှ စတင်ကာ ယနေ့ထိ မိသားစု၊ အလှူရှင်၊ စေတနာရှင်များနှင့် ပူးပေါင်းကာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝင်ငွေနည်းမိသားစုများကို ငွေကြေးနှင့် စားသောက်ဖွယ်ရာများ လှူဒါန်းလျက်ရှိပြီး မျက်စိအစားထိုးရန် လိုအပ်နေသည့် ဝေဒနာရှင်များကိုလည်း မျက်စိအလှူတပ်ဆင် အစားထိုး အလှူကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ASH

# ပြိုင်ကားလောကနောက်ခံ Apex ဇာတ်ကား၌ အော်စကာဆုရှင်မင်းသား ဇာဗီရာဘာဒမ်း ပါဝင်မည်

**နယူးယောက် ဇူလိုင် ၁၅**

မင်းသား ဘရက်ပစ်၏ ပြိုင်ကားလောကနောက်ခံ Apex ရုပ်ရှင်ဇာတ်ကား၌ အော်စကာဆုရှင် မင်းသား ဇာဗီရာဘာဒမ်းလည်း ပါဝင်မည်ဖြစ်ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၁၄ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကား၌ မင်းသား ဇာဗီရာဘာဒမ်းသည် Formula One ပြိုင်ကားအသင်းပိုင်ရှင်တစ်ဦးအဖြစ် သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Apex ဇာတ်ကားသစ်တွင် မင်းသား ဇာဗီရာဘာဒမ်းသည် ဘရက်ပစ်နှင့် မင်းသမီး ကာရီကွန်ဒန်းတို့အပြင် Formula One ပြိုင်ကားမောင်းသမား လူးဝစ်ဟာမီတန်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

မင်းသား ဇာဗီရာဘာဒမ်းသည် No Country for Old Men (2007) ဇာတ်ကားဖြင့် အော်စကာဆု ရယူနိုင်ခဲ့သော မင်းသားဖြစ်ကြောင်း၊ Apex ဇာတ်ကားကို Top Gun: Maver-ick ဒါရိုက်တာ ဂျိုးဆက်ကိုစင်စကီးက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Apex ဇာတ်ကားရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

KKO





# ထပ်ဆင့်အကယ်ဒမီ စန္ဒရားတင်ဝင်းလှိုင် ကွယ်လွန်ခြင်း တစ်နှစ်ပြည့်အခမ်းအနား ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၅**

ထပ်ဆင့်အကယ်ဒမီ စန္ဒရားတင်ဝင်းလှိုင်ကွယ်လွန်ခြင်း တစ်နှစ်ပြည့်အခမ်းအနားကို ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ M3 Food Center ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း စန္ဒရား တင်ဝင်းလှိုင်၏ သမီးငယ် ဒေါ်ဝင်းသွဲ့သွဲ့က ပြောပြ၍ သိရသည်။

အဆိုပါအခမ်းအနားတွင် စာရေးဆရာ အောင်သျှံဝိုင်း(ကျိုက်မရော) က အခမ်းအနားမှူး အဖြစ်ဆောင်ရွက်ပြီး စန္ဒရား တင်ဝင်းလှိုင် ကိုယ်တိုင်ရေးသား တီးခတ်ခဲ့သည့် ချမ်းမြေ့ပါစေ သီချင်းကို အဖွင့်သီချင်းအဖြစ် အဆိုတော် ရီရီသန့်က သီဆိုခဲ့ကြောင်း၊ အဆိုတော် ရီရီသန့်ကပင် ရတုဖတ်ကြားကာ စာရေးဆရာ ဟိန်းလတ်၊ စာရေးဆရာ အောင်စိုးဦး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ အဖွဲ့ဝင် ဦးမြင့်အောင်တို့က လွမ်းဆွတ်အမှတ်တရစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

"ဖေဖေ့ရဲ့ အမှတ်တရပွဲလေး လုပ်ဖြစ်တဲ့အကြောင်းက ဖေဖေမရှိပေမဲ့ ဖေဖေ့ရဲ့ပုံရိပ်တွေက ရင်ထဲမှာ အမြဲတမ်းရှိနေတဲ့အတွက် ငါ့အဖေအတွက် ပွဲလေးလုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်လေးပါပဲ။ ဖေဖေ့ကို အမြဲတမ်းလွမ်းဆွတ်တသနေတယ်ဆိုတဲ့ အတွေးလေးနဲ့ပဲလုပ်တဲ့သဘောပါ။ ဖေဖေမရှိတော့ ဖေဖေ့ရဲ့အနုပညာတွေ ဆိတ်သုဉ်းသွားတယ်။ ဘယ်လိုဆိတ်သုဉ်းလဲဆိုတော့ အသံတွေကော ရုပ်တွေပါ မကြားရတော့ဘူး။ ဖေဖေ့မိတ်ဆွေအပေါင်းအသင်းတွေနဲ့ ပြန်လည်ထိတွေ့ချင်တယ်။ ထိတွေ့ခွင့်ကလဲ ဒီအစီအစဉ်လေးပဲရှိလို့ ပွဲလေးစီစဉ်ဖြစ်တာပါ"ဟု စန္ဒရား တင်ဝင်းလှိုင်၏သမီးငယ် ဒေါ်ဝင်းသွဲ့သွဲ့က ပြောပြသည်။

အခမ်းအနားတွင် အဆိုတော် ဖိုးသောကြာ၊ အောင်အေးချစ်၊ ရှင်ပြုံး၊ ရွှန်းလဲ့အောင် စသည့် အဆိုတော်များအပြင် ထပ်ဆင့်အကယ်ဒမီစန္ဒရား တင်ဝင်းလှိုင်၏ သမီးများဖြစ်ကြသည့် ဒေါ်ဝင်းလဲ့လဲ့နှင့် ဒေါ်ဝင်းသွဲ့သွဲ့တို့က စန္ဒရားတင်ဝင်းလှိုင်၏ တေးသီချင်းများကို အမှတ်တရသီဆိုခဲ့ကြကြောင်း သိရသည်။

ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing addresses meeting on boosting national productivity


Senior General Min Aung Hlaing addresses the meeting.

**Nay Pyi Taw July 15**

A meeting on boosting national productivity was held at State Administration Council Chairman's Office here at 1 pm today, addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were SAC member Lt-Gen Moe Myint Tun, Deputy Prime Minister Union Minister U Win Shein, Advisor to SAC Chairman Lt-Gen Nyo Saw, union ministers, the Nay Pyi Taw Council chair, region/state chief ministers, senior military officers from Office of Commander-in-Chief, and officials.

The Senior General said chief ministers of regions and states that are populous, main crop producers, and most robust in breeding activities and MSMEs are invited to take part in the meeting. Regions and states and Nay Pyi Taw Council Area, whose heads are at the meeting, have a population of over 40 million (more than 5/4 of the national population),and a sown acreage of over 40 million. Hence, they play a key role in boosting national economy.

Production promotion has three parts – domestic sufficiency in food and materials, exportation of the surplus, and import substitution. Self-sufficiency of farming products is the priority sector. More exportable goods with low domestic demand should be sent abroad.

The government made efforts for national economic growth in 2021, increasing exports and selling aboveground and underground natural resources to boost trade. But there are restrictions in natural resources for the long-term national interest. When compared with the GDPs of regional countries with similar geographical conditions, ours is smaller. Sector-wise participants in the GDP promotion task should have the will to achieve success.

Two factors – meeting the crop production target and doing the work with all-out efforts – must be paid serious attention in agriculture undertakings. Efforts should be made for the availability of seed, land, water, and correct technology to meeting the crop production target. All cultivation land must be put under multiple cropping to grow crops to the most possible degree. In this way, the country will reduce production cost, increase crop yield, generate job opportunities, ensure local sufficiency, and boost exports, thereby leading towards national economic development.

There is a daily demand of meat, fish, milk and other food items for the country's 55 million people. Action plans must be made for national sufficiency as region/state-wise sufficiency is not the ultimate goal. If the supply meets the demand in food industry, prices will not go up. Systematic farming will significantly increase products. Regions and states must strive to boost products of the breeding industry.

Cotton is basic raw material of textile industry, but cotton cultivation has dropped sharply since 2016. The country could produce about 201 million vissof cotton against its demand of 363.22 million viss. If the cotton per acre yield hits the target of 700 viss, the country can fulfill its needs and can export the surplus. Hence, regions and states, with suitable conditions to grow cotton, should extend the crop. High-yield quality strains must be selected.

It will be much beneficial for the country, if local supply meets local demand and farming products can be exported. Hence, union ministers and chief ministers should hold broader discussions on their achievements, preparations and requirements.

Then, the chairman of the Nay Pyi Taw Council and chief ministers of Sagaing Region, Bago Region, Magway Region, Mandalay Region, Yangon Region, Shan State and Ayeyarwady Region reported to the Senior General on cultivation acreage of monsoon paddy, summer paddy, oil crops, cotton, perennial crops and other crops, regional rice sufficiency, demand and surplus, regional edible oil sufficiency, demand and surplus, efforts for expansion of cultivation acreage and future plans, measures taken for boosting per-acre yields and meeting the target, distribution of natural and chemical fertilizer and inputs to farmers, production, demand and surplus of meat and fish and livestock breeding tasks and expansion plans for regional sufficiency of food, water and basic needs.

After hearing the reports, the Senior General delivered an address, saying crop yields can be boosted in agriculture only when four basic requirements such as seeds, soil, water and methods are properly utilized. In production of crops, it is necessary to fulfill the demands of domestic and foreign markets and to produce quality crops. If modern techniques are applied in livestock breeding, regional demands for meat, fish and eggs can be fulfilled. Officials are required to take measures for cultivation of designated crops on farmland and prevention of the use of agricultural land for other purposes in accordance with the law. Respective states and regions are required to carry out effective manageable level river water pumping projects. It was found that there is a great potential to grow sunn hemp as a natural green leaf fertilizer to treat soil. Relevant ministries are required to conduct research on benefits of growing sunn hemp in respective regions and using sunn hemp and natural fertilizer and other needs for more effectiveness.

Afterward, Member of the SAC Lt-Gen Moe Myint Tun and union ministers reported to the Senior General on measures taken for availability of fertilizer for agriculture, allocation of funds for boosting the national economy to agriculture and livestock breeding farms, offering seasonal loans for development of the agriculture sector, cultivation of crops, formation of cooperative societies for development of agriculture and livestock breeding, export markets for agricultural products, agriculture and livestock breeding tasks of Tatmadaw battalions and units and effective use of agricultural land.

Then, the Senior General delivered concluding remarks, discussing measures to attract international investment in the agriculture and livestock breeding sector, methods to boost investment in the sector, and the need to abide by the land management law. The Senior General added that it is necessary to establish industries based on the agriculture sector and to carry out agriculture and livestock tasks by forming groups and adopting the cooperative system to nurture the habit of cooperation. It is necessary for the government to bring about benefits for farmers. National development can be achieved by carrying out tasks in the agriculture, industrial and services sectors. Among them, the agriculture sector plays a major role. As production can be boosted by conducting MSME businesses based on products from the agriculture and livestock breeding sector, chief ministers of states and regions are required to exert efforts for development of the manufacturing sector. If crops are grown on one-acre plots of land, mechanized farming can be utilized, reducing production costs and boosting yields. Agricultural products from the country can be exported to regional countries that need them. It is necessary to cultivate crops and export agricultural products in demand by conducting agricultural and market research. Efforts must be made to successfully cultivate crops in great demand in the country and in other countries and to boost productivity by placing emphasis on development manufacturing MSMEs that produce goods from raw materials from the agriculture and livestock breeding sector.

The meeting concluded at 7 pm. 100

# More than 38,000 bags of rice flow into Magway in June 2023


Workers piling bags of rice in a warehouse.

**Magway July 15**

The Department of Consumer Affairs on 10 July stated that more than 38,000 bags of rice flowed into Magway of Magway Region from other regions and states in June 2023.

Although Magway can be dubbed as an oil pot, the region does not have food sufficiency. It is because local farmers emphasize cultivation of groundnut and sesame.

As such, necessary volume of rice is purchased from Ayeyawady, Sagaing, Yangon, Bago and Mandalay regions.

In 2022-23 financial year, Magway Region set a plan to cultivate 50,000 acres of summer paddy with the State economic promotion fund, and now, such summer paddy is being harvested.

Depending on the local demand, Magway Region bought 33,553 bags of rice from Ayeyawady Region, 370 bags from Sagaing Region, 1,800 from Yangon Region, 2,355 from Bago Region, 910 from Mandalay Region, totalling 38,988 bags of rice weighing 1,949.4 tons.

In the domestic market in Magway Region, Ayeya Padetha (Pwintbyu) is traded at K90,000 to K97,000 per bag, Ayeya Padetha (Myaungmya) K80,000 to K87,000, Shwebo Pawsan K95,000 to K110,000, Myaungmya Pawsan K90,000 to K93,000, Myaungmya Manaw Thukha K75,000 to K80,000, Phanthee K75,000 to K80,000, Theehtet K65,000 to K69,000, Yadanatoe K58,000 to K63,000 and 90-day K68,000 to K75,000.

336

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# BPI (Insein) to purchase viper, cobra for production of anti-snake venoms

**Yangon July 15**

BPI (Insein) issued a press release on 10 July, saying that it will purchase viper and cobra for production of anti-snake venoms.

The factory will purchase snakes from Yangon, Mandalay, Ayeyawady, Magway, Bago and Sagaing regions.

The snake must be weighing more than 0.5 viss and these must be sent to the factory. The factory officials decided to buy 1,200 vipers and 400 cobras.

The factory will buy K10,000 per viper and K15,000 per cobra. In this regard, the factory will pay cash down system.

For further information, dial 01-646273 and 01-646283 of the factory on Saywah Setyon Street in West Gyogon Ward of Insein Township.

BPI started horse ranches at its branch in Hmawby in 2015 for production of anti-snake venoms. Moreover, the New Snake Anti Venom Production Plant was established in the compound of BPI factory to produce anti-snake venoms in line with the GMP of World Health Organization.

Thanks to investment of the government and efforts of local experts with foreign technical assistance, the factory produced anti-snake venoms exceeding the target in 2016-17 financial year.

336



Samples of anti-snake venoms.

# More than 400,000 tons of tissue banana exported to China via Lweje, Kanpaiti gates

**Myitkyina July 15**

More than 400,000 tons of tissue banana was exported to China through Lweje and Kanpaiti border posts in Kachin State from January to June 2023, said Head of Kachin State Agriculture Department U Htay Lwin.

A total of 32 companies registered to export tissue banana to China from Kachin State primarily send tissue banana from more than 50,000 acres of land to China but such plantations of banana are not purposed for local consumption.

"Lweje and Kanpaiti border posts in Kachin State arrange export of tissue banana weighing 53,973 tons to China in January 2023, 87,295 tons in February, 159,485 tons in March, 99,986 tons in April, 50,239 tons in May, 20,538 tons in June, totalling 421,489 tons. This year, banana fetches yuan 5.5 per kilo, which is the best price this year," he added.

Before Covid-19 outbreak, Kachin State manages 70,000 acres of tissue banana plantation compared to 50,000 acres at present. One acre of tissue banana can earn some US$6,000. Hence, local farmers prepare to expand the sown acreage of tissue banana.

These border gates handle export of tissue banana, green gram, kidney bean, cashew, rice, sugarcane, rattan, broken rice, chilli, rubber and butter bean and import of electronic products, medicines, auto parts and foodstuffs.

ASH


A tissue banana plantation.

# Owl pea marketable based on demands of local and foreign markets

**Mandalay July 15**

Myanmar's crop owl pea is in high demand of local and foreign merchants in Mandalay market at present, according to Myanmar bean merchants.

Owl pea flows into Mandalay market from various regions, and fetches high prices. In the same period of last year, owl pea was traded at more than K90,000 per bag, compared to more than K150,000 per bag at present due to high demand of Chinese merchant and high local consumption, said U Soe Win Myint, owner of Soe Win Myint brokerage.

"Owl pea was sent to Chinese market on test from past five years but it can grab the market share firmly. The form of pea is in a shape of owl, and it is one of the varieties of blue phaseolus. It can be grown easily on the alluvial lands. Local farmers in Yesagyo region call such pea as lucky pea. Currently, Chinese merchants purchase such owl pea as much as its product. So, local farmers can export owl pea as a new export item on a commercial scale. This year, farmers and merchants will bag benefit from the owl pea due to its high price. Hence, local farmers need to expand the sown acreage of oil pea," he remarked.

Owl pea is cultivated as a cold season crop in Pakokky, Yesagyo, Monywa, Myingyan, NyaungU, Kyaukse, Patheingyi, Madaya, Singu and Sinbyukyun located in the basins of Dokhtawady and Chin rivers. It can yield 35 baskets per acre. Farmers can harvest the pea as from early March.

185

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## တန်ပြန်ထိုးစစ်စတင်ချိန်မှစ၍ ယူကရိန်းတပ်ဖွဲ့ဝင် ၂၆၀၀၀ နှင့် လက်နက်ပေါင်း ၃၀၀၀ ဆုံးရှုံးခဲ့ရသည်ဟု ရုရှားကာကွယ်ရေးဝန်ကြီးပြော




ယူကရိန်းနိုင်ငံသည် တန်ပြန်ထိုးစစ်ဆင်သည့် လမ်းကြောင်းပေါင်းစုံတွင် အောင်မြင်မှုမရရှိခဲ့ဘဲ အကြမ်းဖျင်းအားဖြင့် ၎င်းတို့ဘက်မှ တပ်ဖွဲ့ဝင် ၂၆၀၀၀ နှင့် စစ်လက်နက်ပစ္စည်းပေါင်း ၃၀၀၀ ဆုံးရှုံးခဲ့ကြောင်း ဇူလိုင် ၁၁ ရက်တွင် ရုရှားနိုင်ငံကာကွယ်ရေးဝန်ကြီး Sergey Shoigu က ပြောကြားခဲ့သည်။

“ရလဒ်တွေကို အနှစ်ချုပ်ပြောရရင်၊ ကျယ်ကျယ်ပြန့်ပြန့် ကြေညာထားတဲ့သူတို့ သုံးနှုန်းတဲ့စကားအရ ပြောရရင် မဟာဗျူဟာမြောက် တန်ပြန်ထိုးစစ်မှာ သူတို့ ဘာတွေအောင်မြင်မှုရခဲ့ပါသလဲ။ ရလဒ်အနေနဲ့ NATO ထိပ်သီးအစည်းအဝေးကို သူတို့ဘာတွေဆောင်ကြဉ်းသွားပြီး ဘာတွေ ရလာကြမလဲ။ ဇွန် ၄ ရက်ကစပြီး ဇူလိုင် ၁၁ ရက်ထိ တပ်ဖွဲ့ဝင် ၂၆၀၀၀ နဲ့ စစ်လက်နက်ပစ္စည်းမျိုးစုံ ၃၀၀၀ သူတို့ ဆုံးရှုံးခဲ့ပါတယ်”ဟု ကာကွယ်ရေးဝန်ကြီး Shoigu က အလေးအနက်ထား ပြောကြားခဲ့သည်။

ရုရှားစစ်ဘက်သည် ယူကရိန်းတို့၏ လေယာဉ် ၂၁ စင်း၊ ရဟတ်ယာဉ် ငါးစင်း၊ Leopard ၁၇ စီးအပါအဝင် တင့်ကားနှင့် အခြားသံချပ်ကာတိုက်ယာဉ်အစီးရေ ၁၂၀၀ ကျော်ကို ဖယ်ရှားရှင်းလင်းနိုင်ခဲ့သည်။

ရုရှား၏ခံစစ်စည်းများကို လမ်းကြောင်း အမျိုးမျိုးမှ ထိုးဖောက်ဝင်ရောက်ရန် ယူကရိန်းတို့ဘက်က ဆက်လက်ကြိုးပမ်းနေဆဲဖြစ်ပြီး အောင်မြင်မှုမရရှိခဲ့ဘဲ နှစ်ရက်အတွင်း အပြင်းအထန် ထိုးစစ်ဆင်မှုများကို နေရာစုံမှစတင်ခဲ့ကြောင်း Shoigu က ပြောကြားခဲ့သည်။

အနောက်တိုင်းထုတ် စစ်လက်နက်ပစ္စည်းများအပါအဝင် ယူကရိန်းစစ်ဘက်၏ အရန်တပ်များတပ်စွဲထားရာနေရာများကို ရုရှားစစ်ဘက်၏ တိကျစွာတိုက်ခိုက်မှုများသည် ယူကရိန်း၏ထိုးစစ်ဆင်နိုင်စွမ်းကို သိသိသာသာ လျော့ကျစေခဲ့သည်ဟု ၎င်းက သုံးသပ်ခဲ့သည်။

အမေရိကန်သည် ယူကရိန်းကို ပဒေသာပင်များ ထောက်ပံ့ပေးပါက ရုရှားစစ်ဘက်သည် ယူကရိန်းစစ်သွေးကြွများကို အလားတူလက်နက်များ အသုံးပြုတုံ့ပြန်သွားမည်ဟု Shoigu က အခိုင်အမာ ပြောကြားခဲ့သည်။

ရုရှားစစ်ဘက်သည် Krasny Liman ရွှေ့တန်းစစ်မျက်နှာ လမ်းကြောင်းတွင် တန်ပြန်ထိုးစစ်ဆင်မှုတစ်ရပ်စတင်ခဲ့ပြီး ၁ ဒသမ ၅ ကီလိုမီတာထိ ရှေ့သို့တိုး၍ ချီတက်နိုင်ခဲ့ကြောင်း Shoigu က ပြောကြားခဲ့သည်။

အမေရိကန်နှင့်အခြား NATO နိုင်ငံများ၏ ထောက်လှမ်းရေးတပ်ဖွဲ့များသည် ရုရှားတပ်မတော်၏ တိုက်ပွဲဝင်စစ်မြေပြင်ရလဒ်များကို ဂရုတစိုက်စောင့်ကြည့်နေပြီး တိုက်ပွဲလုပ်ငန်းစနစ်များကိုပါ လေ့လာဆန်းစစ်၍ သုံးသပ်နေကြကြောင်း၊ အနောက်နိုင်ငံ ထောက်လှမ်းရေးအေဂျင်စီများသည် ရုရှားတပ်ရင်းတပ်ဖွဲ့များ၏ ခံစစ်လုပ်ငန်းစနစ်၊ မိုင်းကွင်းများ၊ ကြိုတင်ကာကွယ်၍ လက်ဦးမှုရယူထားသော လေကြောင်းတိုက်ခိုက်မှုများအပြင် ရုရှားတပ်မတော်၏ အမြင့်ဆုံးခံနိုင်ရည်နှင့် တပ်မှူးများ၏ တုံ့ပြန်ဆောင်ရွက်မှုများ၊ စွမ်းဆောင်ရည်မြင့်မားမှုကို သတိပြုမိကြကြောင်း Shoigu က သုံးသပ်ခဲ့သည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် အခြေအနေကို ဂရုတစိုက်စောင့်ကြည့်နေပြီး ပေါင်းစပ်စစ်ဆင်ရေးအဖွဲ့၏ ကွပ်ကဲမှုဌာနချုပ်က တပ်မှူးတစ်ဦးချင်းစီမှ အထူးစစ်ဆင်ရေး၏ လက်ရှိအခြေအနေနှင့်ပတ်သက်၍ အသေးစိတ်အစီရင်ခံစာများနှင့်အတူ တစ်နေ့လျှင်နှစ်ကြိမ် အကျဉ်းရုံးတင်ပြလျက်ရှိကြောင်း Shoigu က ပြောကြားခဲ့သည်။

**Ukraine Lost 26,000 Troops and 3,000 Arms Since Start of Counteroffensive – Shoigu ကို ဘာသာပြန်ဆိုထားပါသည်။**

## Pantsyr လေကြောင်းရန်ကာကွယ်ရေးစနစ်များဖြင့် HIMARS ဒုံးကျည်များကို ရာနှုန်းပြည့်ကာကွယ်နိုင်

အဆင့်မြှင့်တင်ထားသော Pantsyr မြေပြင်မှဝေဟင်ပစ်ဒုံး၊ အမြောက်ဒွန်တွဲစနစ်များဖြင့် အမေရိကန်ထုတ် HIMARS ဒုံးကျည်များကို ရာနှုန်းပြည့် ကာကွယ်ပေးနိုင်စွမ်းရှိကြောင်း ရုရှားနိုင်ငံပိုင်နည်းပညာကော်ပိုရေးရှင်း Rostec ကုမ္ပဏီ၏ အကြီးတန်းအမှုဆောင် Bekhkhan Ozdoyev က TASS သတင်းဌာနသို့ ဇူလိုင် ၁၃ ရက်က ပြောကြားခဲ့သည်။

အထူးစစ်ဆင်ရေး ရလဒ်များကို လေ့လာကြည့်မည်ဆိုလျှင် Pantsyr မြေပြင်မှဝေဟင်ပစ်ဒုံး၊ အမြောက်ဒွန်တွဲစနစ်များဖြင့် အမေရိကန်ထုတ် HIMARS ဒုံးကျည်များကို တုံ့ပြန်ပစ်ချရန် ၁၀၀ ရာခိုင်နှုန်း ထိထိရောက်ရောက်အသုံးပြုနိုင်ခဲ့သည်ဟု ရုရှားနိုင်ငံပိုင် နည်းပညာကော်ပိုရေးရှင်း Rostec ကုမ္ပဏီ၏ အကြီးတန်းအမှုဆောင် Bekhkhan Ozdoyev က ပြောကြားခဲ့သည်။

မည်သည့်လက်နက်စနစ်မဆို တိုက်ပွဲဝင် လက်တွေ့အသုံးပြုရာတွင် ထွက်ပေါ်လာသောရလဒ်များနှင့်အတူ အဆင့်မြှင့်တင်လုပ်ဆောင်မှုများဖြင့် ပိုမိုတိုးတက်ကောင်းမွန်လာခြင်းဖြစ်သည်။

Pantsyr စနစ်ကို စဉ်ဆက်မပြတ် အဆင့်မြှင့်တင်မှုများ လုပ်ဆောင်နေသည်။ ရန်သူဘက်မှ HIMARS အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်များ လက်ခံရရှိခဲ့ပြီးနောက် High Precision Systems ကုမ္ပဏီမှ ကျွမ်းကျင်ပညာရှင်များသည် အဆိုပါဒုံးကျည်များကို ကြားဖြတ်တားဆီးရန်အတွက် Pantsyr စနစ်ကို အဆင့်မြှင့်တင်ခဲ့ကြသည်။

ကျွန်ုပ်တို့၏ မြေပြင်မှဝေဟင်ပစ်ဒုံး၊ အမြောက် ဒွန်တွဲစနစ်ဖြင့် HIMARS ဒုံးကျည်များကို အောင်မြင်စွာပစ်ချနိုင်ခဲ့ခြင်းသည် လက်တွေ့ရလဒ်များပင်ဖြစ်သည်။ အမေရိကန်ထုတ် MLRS မှ ပစ်လွှတ်သော HIMARS ဒုံးကျည် ၁၂ စင်းစလုံးကို ပစ်ချနိုင်ခဲ့သည့်သာဓကများ ရှိသည်ဟု Ozdoyev က ပြောကြားခဲ့သည်။

High Precision Systems ကုမ္ပဏီသည် ယူကရိန်းအထူးစစ်ဆင်ရေးဇုန်တွင် ရန်သူဘက်မှ HIMARS ဒုံးကျည်များ အသုံးပြုတိုက်ခိုက်လာမှုအပေါ် မူတည်၍ Pantsyr မြေပြင်မှဝေဟင်ပစ် ဒုံး၊ အမြောက်စနစ်ကို အဆင့်မြှင့်တင်နိုင်ခဲ့ကြောင်း TASS သတင်းဌာနကို Ozdoyev က ပြောကြားခဲ့ဖူးသေးသည်။

ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်များအရ Pantsyr လေကြောင်းရန် ကာကွယ်ရေးစနစ်မှ တပ်ဖွဲ့ဝင်များသည်ယူကရိန်းအထူးစစ်ဆင်ရေးတွင် တိုက်ပွဲဝင်အသင့် တပ်ဖြန့်တာဝန်ထမ်းဆောင်နေသည့် ကာလများအတွင်း လေကြောင်းပစ်မှတ် အများအပြားကို ရှာဖွေတွေ့ရှိခဲ့ပြီး ပစ်ချနိုင်ခဲ့ကြောင်း သိရှိရသည်။

ဤစနစ်သည် ခရုဇ်နှင့်ပဲ့ထိန်းဒုံးကျည်များ၊ ရဟတ်ယာဉ်များနှင့်လေယာဉ်များ၊ ဆိုဗီယက်နှင့်အနောက်တိုင်းထုတ် MLRS ဒုံးကျည်စနစ်များနှင့် အရွယ်အစားသေးငယ်သောဒရုန်းများကိုပင် ရှာဖွေထောက်လှမ်းနိုင်စွမ်းရှိသည်။



ယူကရိန်းကင်းထောက်အဖွဲ့များသည် စစ်မြေပြင်အခြေအနေကို ထောက်လှမ်းရန်နှင့်တိုက်ခိုက်ရန် အသေးစားဒရုန်းများကို ကာမီကာဇီဒရုန်းများအဖြစ် မကြာခဏ အသုံးပြုလေ့ရှိကြသည်။

Pantsyr မြေပြင်မှဝေဟင်ပစ် ဒုံး၊ အမြောက်စနစ်သည် စစ်ရေး၊ အုပ်ချုပ်ရေးနှင့် စက်မှုလုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အအုံများကို ရန်သူလေယာဉ်များ၊ ရဟတ်ယာဉ်များ၊ ခရုဇ်ဒုံးကျည်များနှင့် တိကျပဲ့ထိန်းလက်နက်များရန်မှ အကာအကွယ်ပေးရန်ဒီဇိုင်းထုတ်ထားပြီး အကြီးစား လေကြောင်းတိုက်ခိုက်ခံရနိုင်မှုများတွင် ခိုင်မာအားကောင်းသော လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ကို ပိုင်ဆိုင်ထားနိုင်ရန် ရည်ရွယ်ထုတ်လုပ်ထားခြင်းဖြစ်သည်။

ရုရှားစစ်ဘက်သည် Pantsyr-S စနစ်ရှိ ပစ်မှတ်အားခြေရာခံထိန်းချုပ်လုပ်ဆောင်ခြင်းစွမ်းရည်များကို အဆင့်မြှင့်တင်နိုင်ခဲ့သည်။ လက်နက်စနစ်အနေဖြင့် မီတာ ၂၀၀ မှ ကီလိုမီတာ ၂၀ အကွာအဝေးအတွင်း ၁၀၀၀ မီတာ/စက္ကန့် အလျင်နှုန်းဖြင့် ပျံသန်းဝင်ရောက်လာသော ရန်သူဝေဟင်ပစ်မှတ်များကို တိုက်ခိုက်နိုင်စွမ်းရှိကြောင်း သိရသည်။

**Upgraded Pantsyr air defense systems offer 100% protection from US HIMARS rockets — Rostec ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ၂၆၀၁၈ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က ငှက်ပျောစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ ဇူလိုင် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ၂၆၀၁၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခရိုင်အလိုက် ငှက်ပျောစိုက်ပျိုးပြီးစီးမှုအနေဖြင့် မော်လိုက်ခရိုင်တွင် ၆၄၇ ဧက၊ တမူးခရိုင်တွင် ဧက ၃၄၀၊ ကလေးခရိုင်တွင် ၈၉၆ ဧက၊ ခန္တီးခရိုင်တွင် ဧက ၁၀၀၊ ဟုမ္မလင်းခရိုင်တွင် ၆၁၆ ဧက၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၃၆၃ ဧက၊ မုံရွာခရိုင်တွင် ၄၂၂၈ ဧက၊ ယင်းမာပင်ခရိုင်တွင် ၂၈၇၇ ဧက၊ ရွှေဘိုခရိုင်တွင် ၄၀၁၉ ဧက၊ ရေဦးခရိုင်တွင် ၃၅၉၇ ဧက၊ ကန့်ဘလူခရိုင်တွင် ၆၄၇ ဧက၊ စစ်ကိုင်းခရိုင်တွင် ၄၈၈ ဧက၊ ကသာခရိုင်တွင် ၅၄၇၃ ဧက၊ ကောလင်းခရိုင်တွင် ၁၇၂၇ ဧက စုစုပေါင်း ၂၆၀၁၈ ဧကတို့ဖြစ်ကြောင်း သိရသည်။

"ငှက်ပျောကို ဇွန်လကနေ စတင်စိုက်တာ ဒီနေ့ထိ ဧက ၂၆၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပါပြီ။ စစ်ကိုင်းတိုင်းဒေသကြီးမှာ ငှက်ပျောစိုက်ဧကတွေကြည့်မယ်ဆိုရင် တောင်ကုန်းတွေ၊ ဝေးလံခေါင်ပါးတဲ့ဒေသတွေမှာ စိုက်နေကြတယ်။ အခုနှစ်မှာ အခြားသီးနှံမစိုက်ဘဲ ငှက်ပျောစိုက်ကြတာများပါတယ်။ အခုနောက်ပိုင်း လယ်ကန်သင်းတွေမှာ ငှက်ပျောစိုက်တာမျိုးလဲ တွေ့လာရတယ်။ ငှက်ပျောက ပိုးမွှားရောဂါကျရောက်မှုလဲ သက်သာတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးအောင်ကြည်ဝင်းက ပြောပြသည်။

ယခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ငှက်ပျောစိုက်ပျိုးရန်အတွက် လျာထားမှုအနေဖြင့် မော်လိုက်ခရိုင်တွင် ၆၄၅ ဧက၊ တမူးခရိုင်တွင် ဧက ၃၄၀၊ ကလေးခရိုင်တွင် ၈၉၆ ဧက၊ ခန္တီးခရိုင်တွင် ဧက ၁၀၀၊ ဟုမ္မလင်းခရိုင်တွင် ၆၁၆ ဧက၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၃၆၃ ဧက၊ မုံရွာခရိုင်တွင် ၄၂၂၈ ဧက၊ ယင်းမာပင်ခရိုင်တွင် ၂၈၇၇ ဧက၊ ရွှေဘိုခရိုင်တွင် ၄၀၁၉ ဧက၊ ရေဦးခရိုင်တွင် ၃၅၉၇ ဧက၊ ကန့်ဘလူခရိုင်တွင် ၆၂၂ ဧက၊ စစ်ကိုင်းခရိုင်တွင် ၄၈၈ ဧက၊ ကသာခရိုင်တွင် ၅၄၄၇ ဧက၊ ကောလင်းခရိုင်တွင် ၁၇၂၆ ဧက စုစုပေါင်း ၂၅၉၆၄ ဧကတို့ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်ကြည်ဝင်းထံမှ သိရသည်။

(၂၀၆)

# စလင်းမြို့နယ် လက်ပကန်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**စလင်း ဇူလိုင် ၁၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်နေသည့် စလင်းမြို့နယ် လက်ပကန်ကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုကို ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းနှင့် တာဝန်ရှိသူများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးလမ်းကော်မတီဝင်များ၊ တော်ဝင်ထွန်း(ဆင်ဖြူကျွန်း)ကုမ္ပဏီမှတာဝန်ရှိသူများနှင့်အတူ တောင်သူများ၏ သီးနှံထွက်ကုန်များ သယ်ယူပို့ဆောင်ရောင်းချရာတွင် အလေအလွင့်မရှိ သယ်ယူနိုင်ရေးအတွက် ဆောင်ရွက်နေသော လက်ပကန်ကျေးရွာကုန်ထုတ်လမ်း



ဖောက်လုပ်နေမှုကို စစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ကုန်ထုတ်လမ်းကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ ကုန်ထုတ်လမ်းသည် အရှည် ခုနစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အောက်ခံကျောက်ရောမြေ တစ်ပေ၊ မြေနီကျောက်စရစ်အမြင့် ကိုးလက်မ၊ အရှည် ပေ ၂၀၊ အကျယ် ၁၈ ပေ၊ အမြင့် ခြောက်ပေရှိသော ကွန်ကရစ်တံတား တစ်စင်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မူလခွင့်ပြုရန်ပုံငွေကျပ် ၅၁ ဒသမ ၃ သန်းဖြင့် တင်ဒါအောင်မြင်သည့် တော်ဝင်ထွန်း(ဆင်ဖြူကျွန်း)ကုမ္ပဏီက ယခုနှစ် ဇွန်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **သန်းသန်းစိုး**

# တန့်ယန်းမြို့နယ် နမ့်စီစိမ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းပြုလုပ်

**တန့်ယန်း ဇူလိုင် ၁၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်မည့် နမ့်စီစိမ်ကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်းကို ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေနွယ်ထွန်းက နမ့်စီစိမ်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရခြင်းရည်ရွယ်ချက်နှင့် ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် စီမံကိန်းကို အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းခြင်း၊ ကော်မတီဖွဲ့စည်းခြင်း၊ ဆောင်ရွက်ခြင်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျေးရွာသူ၊ ကျေးရွာသားများက လုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါ နမ့်စီစိမ်ကျေးရွာတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၌ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၅-၇-၂၀၂၃

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၈၀၀၀/၉၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၈၆၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၉၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၈၅၀၀၀/၉၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၆၀၀၀၀/၆၅၀၀၀ |
| ဧည့်ဧဒင်ယာ(အသစ်) (တစ်အိတ်) | ကျပ် | ၅၅၀၀၀/၅၇၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၅၆၀၀၀/၅၈၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၁၅၀၀/၁၂၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၈၅၀၀/၈၆၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၁၄၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၂၂၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၅၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၆၅ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဖွံ့ဖြိုးမှုမျှဝေခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာဆောင်ရွက်ချက်ဖိုရမ်၏ ပထမအကြိမ် အဆင့်မြင့်ညီလာခံနှင့် ၂၀၂၃ ခုနှစ် အဏ္ဏဝါစီးပွားရေး၏ အရည်အသွေးမြင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဆွေးနွေးပွဲ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိ




**နေပြည်တော် ဇူလိုင် ၁၅**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (China International Development Cooperation Agency – CIDCA) ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ကျင်းပသည့် ဖွံ့ဖြိုးမှုမျှဝေခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာဆောင်ရွက်ချက်ဖိုရမ်၏ ပထမအကြိမ် အဆင့်မြင့်ညီလာခံနှင့် ရှမန်မြို့၌ကျင်းပသည့် "၂၀၂၃ ခုနှစ် အဏ္ဏဝါစီးပွားရေး၏ အရည်အသွေးမြင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲ" ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်ခဲ့သည်။

အဆိုပါခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက ဖွံ့ဖြိုးမှုမျှဝေခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာ ဆောင်ရွက်ချက်ဖိုရမ်၏ ပထမအကြိမ် အဆင့်မြင့်ညီလာခံသို့ တက်ရောက်လာကြသည့် နိုင်ငံအသီးသီးမှ အဆင့်မြင့်ကိုယ်စားလှယ်များနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ Mr. Han Zheng ကို တွေ့ဆုံခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဦးဆောင်နိုင်ငံအဖြစ် ဆောင်ရွက်မည့် ကမ္ဘာ့ဖွံ့ဖြိုးမှုနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုမျှဝေရေးဆိုင်ရာ လုပ်ငန်းစဉ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ဇူလိုင် ၁၂ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ၁၉၈၀ ပြည့်နှစ်က စတင်ခဲ့သည့် အထူးစီးပွားရေးဇုန် လေးခုတွင် တစ်ခုအပါအဝင်ဖြစ်သည့် ရှမန်မြို့ရှိ BRICS အဖွဲ့၏ ခေတ်သစ်စက်မှုတော်လှန်ပုံစံပြောင်းလဲရေး ဗဟိုဌာန (BRICS Partnership on New Industrial Revolution Innovation Center) ပြခန်းသို့ သွားရောက်လေ့လာခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရှမန်မြို့ရှိ Xiamen International Conference Center Hotel တွင် ကျင်းပသည့် ၂၀၂၃ ခုနှစ် အဏ္ဏဝါစီးပွားရေး၏ အရည်အသွေးမြင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဆွေးနွေးပွဲ(2023 Seminar on High-Quality Development of Marine Economy) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်မိန့်ခွန်းပြောကြားခဲ့ပြီး ရှမန်မြို့တော်ဝန် Mr. Huang Wenhui၊ တရုတ်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (CIDCA) ၏ ဒုတိယဥက္ကဋ္ဌ Mr.ZHONG Haidong နှင့် ရှမန်ဒုတိယမြို့တော်ဝန် Mr. Zhuang Rongliang တို့နှင့်အတူ Seminar ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရှမန်မြို့ရှိ KING LONG လူစီးဘတ်စကားနှင့် လျှပ်စစ်ဘတ်စကား မော်တော်ယာဉ် ထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်လေ့လာခဲ့ပြီး ထုတ်လုပ်မှု၊ မြန်မာနိုင်ငံသို့ တင်ပို့ရောင်းချမှုအခြေအနေနှင့် ရင်းနှီးမြှုပ်နှံမှုအလားအလာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

ဇူလိုင် ၁၃ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် UNESCO စာရင်းဝင် Kulangsu ကျွန်းသို့သွားရောက်ပြီး ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရာဒေသနှင့် ပြတိုက်များကို ကြည့်ရှုလေ့လာပြီး မွန်းလွဲပိုင်းတွင် KELONG လျှပ်စစ်သုံးပစ္စည်းကိရိယာများ ထုတ်လုပ်မှုကုမ္ပဏီ၏ UPS ကြီးများ ထုတ်လုပ်မှု၊ ဒေတာစင်တာ (Data Center)သုံးပစ္စည်းများနှင့် လျှပ်စစ်ကားအားသွင်းစက် (EV Charger)များ ထုတ်လုပ်သောစက်ရုံသို့ သွားရောက်လေ့လာကာ မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအလားလာများကိုဆွေးနွေးပြီး ညနေပိုင်းတွင် ရှမန်မြို့ရှိ တရုတ်ဗုဒ္ဓဘာသာကောလိပ်သို့ သွားရောက်လေ့လာသည်။

ဇူလိုင် ၁၄ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရှမန်မြို့ Bio Medical Research နှင့် Xiamen Cardiovascular Hospital Xiamen University ရှိ နှလုံးရောဂါနှင့် နှလုံးသွေးကြောရောဂါကုဌာနသို့ သွားရောက်လေ့လာ၍ ဆေးပညာဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု၊ ကျန်းမာရေးဝန်ဆောင်မှု၊ ပညာသင်ဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှမန်မြို့မှ Xiamen လေကြောင်းလိုင်းဖြင့် မြန်မာနိုင်ငံသို့ ယနေ့ညနေပိုင်းတွင် ပြန်လည်ရောက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Ms. Cao Jing တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း တစ်နိုင်ငံလုံး၌ ငါးသားပေါက်ကောင်ရေ သိန်း၁၀၀၀ ကျော် မျိုးစိုက်ထည့်ရန် လျာထား

**နေပြည်တော် ဇူလိုင် ၁၅**

နေပြည်တော်ကောင်စီနယ်မြေ ပေါင်းလောင်းချောင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဇေယျာသီရိမြို့နယ် ကျည်တောင်ရွာ အုပ်ချုပ်ရေးမှူးရုံးရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ဌာနဆိုင်ရာများ၊ ဒေသခံ ငါးမွေးတောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်က ငါးလုပ်ငန်း ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေပြီး ငါးရိက္ခာဖူလုံစေရန်၊ ငါးလုပ်ငန်းကိုအခြေခံ၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန် ဆည်ကန်များနှင့် သဘာဝရေပြင်မြစ်ချောင်းများ၌ နှစ်စဉ် ငါးမျိုးများ စိုက်ထည့်ပေးလျက်ရှိကြောင်း၊ ပြည်သူများအနေဖြင့်လည်း ထုတ်ပြန်ထားသော ငါးမဖမ်းရ ရာသီကာလအတွင်း ငါးဖမ်းဆီးခြင်းမပြုရန်နှင့် တားမြစ်ထားသော ငါးဖမ်းကိရိယာနှင့် ငါးဖမ်းနည်းများကို အသုံးမပြုရန်လိုကြောင်း၊ ဥပါသောငါးကို တစ်ဦးတစ်ယောက်က ဖမ်းယူစားသုံးခြင်းသည် လူအများစားသုံးနိုင်သည့် ငါးအများအပြား တိုးပွားလာရေးအတွက် ထိခိုက်နိုင်သည်ကို သတိပြုသင့်ပါကြောင်း၊ ဖမ်းသင့်သည့်အချိန်ဖမ်း၊ စားသင့်သည့်အရွယ်တွင်စားခြင်းဖြင့် ရေသယံဇာတ ငါးပုစွန်များ ပြုန်းတီးမှုမဖြစ်ပေါ်စေရေးနှင့် ရေရှည်တည်တံ့သော ငါးရိက္ခာထုတ်လုပ်မှုဖြစ်စေရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ပေါင်းလောင်းချောင်းအတွင်းသို့ ငါးမြစ်ချင်း၊ ငါးခုံးမကြီးနှင့် ရွှေဝါငါးကြင်းငါးသားပေါက်ကောင်ရေ နှစ်သိန်းကို ငါးမျိုးစိုက်ထည့်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပေါင်းလောင်းချောင်းအတွင်း ရေပေါ်လှောင်အိမ်စနစ်ဖြင့် ငါးမွေးမြူထားရှိမှုကို ကြည့်ရှုအားပေးကြသည်။




နိုင်ငံ၏ ငါးသယံဇာတများ စဉ်ဆက်မပြတ် ရေရှည်ထိန်းသိမ်းနိုင်ရန်၊ ငါးမျိုးကောင်းမျိုးသန့်များ ရေရှည်တည်တံ့ပြန့်ပွားစေရန်၊ ငါးရိက္ခာများ ရေရှည်စားသုံးနိုင်ရန်၊ သားငါးပေါများစေရန်၊ ငါးမျိုးစိုက်သောငါးသားပေါက်များ ရှင်သန်နှုန်းပိုမိုကောင်းမွန်စေရန် နှစ်လက်မအရွယ် ငါးသားပေါက်များကို မြစ်ကြီးများ၊ သဘာဝမြစ်ချောင်း၊ အင်းအိုင်များ၊ မြစ်ဖျားချောင်းဖျား၊ ချောင်းလက်တက်များအတွင်းသို့ နှစ်စဉ် ထည့်သွင်းပေးလျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း တစ်နိုင်ငံလုံး၌ ငါးသားပေါက်ကောင်ရေ သိန်း ၁၀၀၀ ကျော် မျိုးစိုက်ထည့်သွားမည်ဖြစ်ပြီး ဇွန်လထိ ၁၅၂ သိန်းကျော်အား မျိုးစိုက်ထည့်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**❖ အာဆီယံအမျိုးသမီး ယူ-၁၉မှ**

အင်ဒိုနီးရှား ယူ-၁၉ အမျိုးသမီးအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ပွဲချိန် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် အင်ဒိုနီးရှား ယူ-၁၉ အမျိုးသမီးအသင်းက ချေပဂိုးနှင့် အနိုင်ဂိုးများအတွက် ပိုမိုတိုက်စစ်ဆင်မှုများကြောင့် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း အခက်အခဲတွေ့ခဲ့ရပြီး ပွဲချိန် ၄၉ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် အင်ဒိုနီးရှားအသင်းက ချေပဂိုးသွင်းယူနိုင်ခဲ့သည်။

ထို့နောက် လက်ကျန်ပွဲချိန်များနှင့် အချိန်ပိုတို့တွင်လည်း နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပင်နယ်တီ အဆုံးအဖြတ်ကန်သွင်းခဲ့ရာတွင် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းက လေးဂိုး နှစ်ဂိုးဖြင့် အင်ဒိုနီးရှား ယူ-၁၉ အမျိုးသမီးအသင်းကို အနိုင်ရရှိခဲ့ပြီး တတိယဆုဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ STA



# လူငယ်တွေရဲ့ ခေတ်

လူငယ်တွေရဲ့ခေတ်ကို ရောက်လာပါပြီ၊ ဒီလို မိမိတို့ခေတ်ရောက်လာတဲ့အခါ မိမိတို့ဟာ ရှေးက နိုင်ငံရေးသမားတွေမှားသလို မမှားကြတော့ဘဲ နည်းသစ်၊ အလုပ်သစ်၊ စိတ်သစ်၊ နိုင်ငံရေးသစ်ကိုလုပ်ဖို့ အထူးသတိပြုစေလိုပါတယ်။ တစ်ဦးနှင့် တစ်ဦးလည်း အယုံအကြည် အရမ်းမကင်းကြနှင့်၊ တစ်ဦးနဲ့တစ်ဦးလည်း ဝေဖန်လွန်းအားမကြီးပါနှင့်၊ ရှေ့ကိုလည်း သိပ်လောမကြီးပါနှင့်၊ သိပ်လောကြီးရင် စစ်ကျွံသလိုဖြစ်မယ်ဆိုတာကို သတိပြုပါ။

၁၉၄၆ခုနှစ် ဇန်နဝါရီ ၂၃ရက်တွင် (ဖဆပလ) ပြည်လုံးကျွတ်ညီလာခံသဘင်ကြီးသို့ ရှင်းလင်းတင်သွင်းခဲ့သည့် ညီညွတ်ရေးအဆိုမှ ကောက်နုတ်ချက်

## နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံသို့ ထွက်ခွာ



နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

**နေပြည်တော် ဇူလိုင် ၁၅**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ကိုမာဆစ်နှင့် ထိုင်းဘုရင့်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဒွန်ပရာမွတ်(ဒ်)ဝိနိုင်းတို့၏ တရားဝင်ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၁၂)ကြိမ်မြောက် မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးများသို့ တက်ရောက်ရန် ယနေ့တွင် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားကြသည်။

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ဇူလိုင် ၁၅ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ရှစ်ဦးတွေ့ရှိ

**နေပြည်တော် ဇူလိုင် ၁၅**

ဇူလိုင် ၁၄ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၄၉၃၉ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ရှစ်ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၄၀၈၇၃ ဦး |
| သေဆုံးသူ | ၁၉၄၉၄ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၉၆၈၁ ဦး |

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay၊ OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက် နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၃၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်မြမြဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၁၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် အောင်မြင်အောင်ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၅**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ထိန်းချုပ်၊ကုသရေးလုပ်ငန်းများဆောင်ရွက်နေချိန်တွင် ဒေသတွင်း စားရေရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူပြုစေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ် တောင်ညိုဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေးခြံ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ တောင်ညိုဘက်စုံ စိုက်ပျိုးရေးနှင့် မွေးမြူရေးခြံ၌ စိုက်ပျိုး၊မွေးမြူရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။



သံဃာတော်များအား နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းဆောင်ရွက်ပေးနေမှုများကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

# လားရှိုးမြို့၊ လဟယ်မြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့ရှိ ရပ်ကွက်၊ ကျေးရွာများမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နတ်ရေကန် သောဘိတာရာမပရိယတ္တိစာသင်တိုက်ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါစာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၃၈ ပါး၊ သာသနာ့နွယ်ဝင် သီလရှင် ၁၂၃ ပါးနှင့် ဒေသခံပြည်သူ ၂၉ ဦးတို့ကို မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ECG စက်၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးကာ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန်လိုအပ်သည့် သာသနာ့နွယ်ဝင် သီလရှင် ၁၁၉ ပါးတို့ကို ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး လဟယ်မြို့နယ် စံပြကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၌အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၈၆ ဦးတို့ကိုသွေးတိုးရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ နှလုံးရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာရောဂါ၊ အသည်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အမှတ်(၆)ရပ်ကွက်ရှိ ရှင်အရဟံသိမ်တော်၌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်အပါး ၁၀၀၊ သာသနာ့နွယ်ဝင်သီလရှင်အပါး ၂၀ နှင့် ဒေသခံပြည်သူ ၁၆၅ ဦးတို့ကို သွေးတိုးရောဂါ၊အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။ ဆက်လက်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရန်လိုအပ်သည့် သံဃာတော် ၁၂၆ ပါးနှင့် ဒေသခံပြည်သူ ၅၆ ဦးတို့ကို ဆေးကုသရေးအဖွဲ့၊ပြည်သူ့ဆေးရုံများမှ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်

**နေပြည်တော် ဇူလိုင် ၁၅**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် မင်းမန္တလာ(တပ်နယ်ဘောလုံး)အားကစားကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲစဉ်ဖြစ်သည့် မန္တလေးတပ်နယ်အမျိုးသားအသင်းနှင့် မိတ္ထီလာတပ်နယ်အမျိုးသားအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ အသင်းလိုက်ဆုရရှိကြသူများ၊တစ်ဦးချင်းဆုရရှိသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသော မန္တလေးတပ်နယ်အမျိုးသားအသင်းနှင့် မန္တလေးတပ်နယ်အမျိုးသမီးအသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အမျိုးသားအသင်းနှင့်အမျိုးသမီးအသင်း ၁၃ သင်းစီတို့ဖြင့် အုပ်စု လေးစုခွဲကာ ဇူလိုင် ၁ ရက်မှ ယနေ့ထိယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး ဒိုင်းဆုရရှိသည့် မန္တလေးတပ်နယ် အမျိုးသား အသင်းကို ဒိုင်းဆုပေးအပ် ချီးမြှင့်စဉ်။




# နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်

**နေပြည်တော် ဇူလိုင် ၁၅**

နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဇူလိုင် ၁၄ ရက်ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ပုဗ္ဗသီရိအားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊စစ်သည်၊မိသားစုဝင်များ၊ဒိုင်အဖွဲ့ဝင်များ၊ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက်ဆုများနှင့် ဒိုင်းဆုရရှိသော ပုဗ္ဗသီရိတပ်နယ်အမျိုးသား(က) အသင်းနှင့် ပုဗ္ဗသီရိတပ်နယ်အမျိုးသမီး(က)အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက တံခွန်စိုက်ဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး ဒိုင်အဖွဲ့ဝင်များကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

အဆိုပါဘော်လီဘောပြိုင်ပွဲကို ပြိုင်ပွဲဝင် အမျိုးသား၊ အမျိုးသမီးအသင်း ၁၂ သင်းစီတို့ဖြင့် ဇူလိုင် ၇ ရက်မှ ယနေ့ထိပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း ဒိုင်းဆုရရှိသည့် ပုဗ္ဗသီရိတပ်နယ် အမျိုးသား(က)အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။



# လှိုင်ကော်မြို့နယ်တွင် ၂၀၂၃ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ



**လှိုင်ကော် ဇူလိုင် ၁၅**

ကယားပြည်နယ် လှိုင်ကော်မြို့နယ်တွင် ၂၀၂၃ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း(ချိကယ်)ဝင်းအတွင်း ပြုလုပ်သည်။

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများက သစ်ပင်စိုက်ပွဲသို့ တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ ကျောင်းသား၊ ကျောင်းသူများကို ပျိုးပင်များအသီးသီး ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးပြီး တက်ရောက်လာသော ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများက သတ်မှတ်နေရာများတွင် ပျိုးပင်များကို စုပေါင်းစိုက်ပျိုးကြရာ ပြည်နယ်ဝန်ကြီးချုပ်က လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူစုစုပေါင်း ၃၁၈ ဦးတက်ရောက်ကြပြီး ဒေသနှင့်ကိုက်ညီသည့် ကျွန်း၊ ထင်းရှူး၊ ကံ့ကော်၊ မဟော်ဂနီ၊ ခါတော်မီ၊ ခရေ၊ စိန်ပန်းကလေး၊ ဆီသပြေ၊ ဝါးပိုးဝါး စသည့် သစ်မျိုးကိုးမျိုး၊ ပျိုးပင်စုစုပေါင်း ၃၀၀ ကိုစိုက်ပျိုးခဲ့ကြကြောင်း လှိုင်ကော်မြို့နယ် သစ်တောဦးစီးဌာနမှသိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်

**နေပြည်တော် ဇူလိုင် ၁၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ သီးသန့်ထောက်ပံ့ ပေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ယင်းသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက သတင်းထုတ်ပြန်ဖိတ်ခေါ်၍ကြိုဆိုလက်ခံကာ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း နယ်မြေများအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိသည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်လက်ခံ၍ ၎င်းတို့၏မိဘအုပ်ထိန်းသူများထံပြန်လည်လွှဲပြောင်း ပေးအပ်ခြင်းကို မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြုလုပ်ပြီး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်တာဝန်ရှိသူများ၊ ပြန်လည်အလင်းဝင်လာသည့် PDF အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေဆိုင်ရာပုဒ်မများနှင့် အသိပညာပေးခြင်းများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်နှင့် အမရပူရမြို့နယ်တို့မှ ပြစ်မှုကျူးလွန်ခြင်းမရှိသည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင် အမျိုးသား ရှစ်ဦးတို့ကို တာဝန်ရှိသူများက ဝန်ခံကတိလက်မှတ် ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်ပြီး ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲအပ်ပေးလျက်ရှိခြင်းများကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများကို ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်ပွဲကျင်းပစဉ်။

# ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း စစ်တုရင်ပြိုင်ပွဲဆုပေးပွဲပြုလုပ်



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဒိုင်းဆုရရှိသည့်အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇူလိုင် ၁၅**

ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း စစ်တုရင်ပြိုင်ပွဲ ဆုပေးပွဲကို ဇူလိုင် ၁၄ ရက်ညနေပိုင်းတွင်ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးတက္ကသိုလ် အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့်ပြိုင်ပွဲဝင် အသင်းများ တက်ရောက်ကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်အဖွဲ့ဝင်များ၊ အသင်းလိုက်နှင့် တစ်ဦးချင်း ဆုရရှိကြသူများ၊ ဒိုင်းဆုရရှိသော အသင်းတို့ကို တံခွန်စိုက် ဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ စစ်တုရင်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်း၊ ကစားသမား ဦးရေ ၅၀ တို့ဖြင့် ဇူလိုင် ၇ ရက်မှယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့်နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၁၃ ရက်က အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Theinge Kyaw" အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် အလယ်ပိုင်းရပ်ကွက်နေ သိင်္ဂီကျော်ကို နံနက် ၁၁ နာရီ မိနစ်၄၀ တွင်လည်းကောင်း၊ "Ko Zay" အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အောင်မေတ္တာ(က)ရပ်ကွက်နေ ဇေယျာ(ခ) ကိုဇေကို မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင်လည်းကောင်း၊ "Ye Sithu Lwin(ဆရာလေးရှိန်း)" အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် မြို့ဟောင်းအလယ်ရပ်ကွက်နေ ရဲစည်သူလွင်(ခ)ဆရာလေးရှိန်းကို နံနက် ၉ နာရီခွဲတွင် လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# မက္ကဆီကိုနိုင်ငံတွင် ပြင်းအား ၆ ဒသမ ၅ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွား




**မက္ကဆီကိုစီးတီး ဇူလိုင် ၁၅**

မက္ကဆီကိုနိုင်ငံ တောင်ပိုင်းတွင် ဇူလိုင် ၁၄ ရက် အစောပိုင်းက ပြင်းအား ၆ ဒသမ ၅ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ပြီး လူအသေအပျောက်နှင့် ပျက်စီးဆုံးရှုံးမှုကို စိစစ်ဆဲဖြစ်သဖြင့် ထုတ်ပြန်နိုင်ခြင်းမရှိသေးကြောင်း အာဏာပိုင်များ၏ အဆိုကို ကိုးကား၍ AL Arabiya News သတင်းဌာနက ဇူလိုင် ၁၄ ရက်တွင် ရေးသားဖော်ပြထားသည်။

မက္ကဆီကိုနိုင်ငံ Chiapas ပြည်နယ် Pijijiapan မြို့အနောက်တောင်ဘက် ကီလိုမီတာ ၁၄၀ အကွာ၌ ဇူလိုင် ၁၄ ရက် ဒေသစံတော်ချိန် နံနက် ၃ နာရီ ၂၉ မိနစ်တွင် ပြင်းအား ၆ ဒသမ ၅ မဂ္ဂနီကျူရှိ အင်အားပြင်းငလျင်တစ်ခုသည် အနက် ၃၅ ကီလိုမီတာခန့်တွင် လှုပ်ခတ်ခဲ့ကြောင်း အမျိုးသားငလျင်တိုင်းတာရေးဌာနက သတင်းထုတ်ပြန်ထားသည်။

ငလျင်လှုပ်ခတ်မှုကို Oaxaca ပြည်နယ်တွင်ပါ ခံစားခဲ့ရပြီး ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်သေဆုံးမှုနှင့်ပျက်စီးမှုအတိုင်းအတာကိုမူ စိစစ်ဆဲဖြစ်ကြောင်း Chiapas ပြည်နယ် မြို့ပြကာကွယ်စောင့်ရှောက်ရေးအေဂျင်စီ၏ တွစ်တာစာမျက်နှာတွင် ဖော်ပြထားသည်။

မက္ကဆီကိုနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအပါအဝင် ဂျပန်နိုင်ငံတို့နှင့် ဆက်စပ်လျက်ရှိသော ပစိဖိတ်သမုဒ္ဒရာ မီးကွင်းဒေသတွင်တည်ရှိပြီး ပြင်းထန်သော ငလျင်လှုပ်ခတ်မှုကို မကြာခဏ ခံရလေ့ရှိသော နိုင်ငံဖြစ်ကြောင်း၊ မက္ကဆီကိုနိုင်ငံတွင် လာမည့်ရက်များအတွင်း အငယ်စားနှင့် အလတ်စား နောက်ဆက်တွဲငလျင်များ ဆက်လက်လှုပ်ခတ်ဖွယ်ရှိကြောင်း အမျိုးသားငလျင်တိုင်းတာရေးဌာနက သတင်းထုတ်ပြန်ထားသည်။

AZH

# အမေရိကန်နိုင်ငံ အလက်စကာပြည်နယ်တွင် မီးတောင်တစ်ခု၏ထိပ်ဝမှ ချော်ရည်များ စီးဆင်းနေမှုကြောင့် အနီးကပ်စောင့်ကြည့်နေ

**ဝါရှင်တန် ဇူလိုင် ၁၅**

အမေရိကန်နိုင်ငံ အလက်စကာပြည်နယ် Aleutians ကျွန်းစုများရှိ အကြီးဆုံးကျွန်းတစ်ကျွန်းဖြစ်သော Unimak ကျွန်းပေါ်ရှိ မီးတောင်တစ်ခု၏ထိပ်ဝမှ ချော်ရည်များ စီးဆင်းနေမှုကြောင့် အလက်စကာ မီးတောင်စူးစမ်းလေ့လာရေးဌာနက အနီးကပ်စောင့်ကြည့်မှုများပြုလုပ်နေကြောင်း အဆိုပါဌာန၏ ဇူလိုင် ၁၄ ရက်က ထုတ်ပြန်သော သတင်းများကို ကိုးကား၍ Alaska Public Media သတင်းဌာနက ဇူလိုင် ၁၄ ရက်တွင် ရေးသားဖော်ပြထားသည်။

လေ့လာစောင့်ကြည့်ရေးအဖွဲ့၏အဆိုအရ Shishaldinမီးတောင်၏မျက်နှာပြင်အပူချိန်သည် အလွန်မြင့်မားလျက်ရှိပြီး မြေပြင်တုန်ခါမှုအကြိမ်ရေမှာလည်း ပိုမိုတိုးလာကြောင်း တွေ့ရှိရသဖြင့် အနီးကပ်စောင့်ကြည့်လေ့လာမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

မီးတောင်မှ ချော်ရည်များစီးဆင်းနေသော်လည်း အလွန်စိုးရိမ်စရာမရှိကြောင်း၊ ပြာမှုန်များပါထွက်ပေါ်လာမှသာ စိုးရိမ်ဖွယ်ရှိကြောင်း ဘူမိဗေဒပညာရှင် Cheryl Searcy က ပြောကြားခဲ့သည်။

မီးတောင်ပေါက်ကွဲမှု ဖြစ်ပွားပါက မီးတောင်ထိပ်ဝမှ ၁၀ မိုင်အတွင်းသာ လူများကိုထိခိုက်စေနိုင်ပြီး မီးတောင်နှင့် အနီးဆုံးမြို့မှာ ၂၃ မိုင် အကွာအဝေးတွင်ရှိသော Flash Pass မြို့ဖြစ်သောကြောင့် မီးတောင်မှ ပြာများမှုတ်ထုတ်မချင်း ကြီးမားသောအန္တရာယ်မရှိနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

Shishaldin မီးတောင်၏ အခြေအနေကို ဂြိုဟ်တုနှင့် အနီအောက်ရောင်ခြည်သုံး အချက်အလက်များအသုံးပြု၍ စောင့်ကြည့်မှုများ ပြုလုပ်လျက်ရှိကြောင်း၊ အဆိုပါမီးတောင်သည် Aleutians ကျွန်းစုများရှိ လှုပ်ရှားမှုအများဆုံး မီးတောင်တစ်ခုဖြစ်ပြီး ၁၈၂၄ ခုနှစ်မှစ၍ ယခုအချိန်ထိ ပေါက်ကွဲမှုအကြိမ် ၃၀ ခန့်ဖြစ်ပွားခဲ့ဖူးကြောင်း၊ နောက်ဆုံးအကြိမ် ပေါက်ကွဲမှုမှာ ၂၀၂၀ ပြည့်နှစ်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပျက်စီးဆုံးရှုံးမှုတစ်စုံတစ်ရာ မရှိခဲ့ကြောင်း သိရသည်။

AZH

# တောင်ကိုရီးယားတွင် ရေကြီးရေလျှံမှုအပြင် မြေပြိုကျမှုများပါ ဖြစ်ပေါ်လာသဖြင့် သေဆုံးသူခုနစ်ဦး၊ ပျောက်ဆုံးသူသုံးဦးနှင့် ဘေးလွတ်ရာရွှေ့ပြောင်းရသူ ဦးရေ ၁၀၀၀ ကျော်ရှိ

**ဆိုးလ် ဇူလိုင် ၁၅**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့အပါအဝင် အနီးဝန်းကျင်ရှိမြို့များ၌ မိုးသည်းထန်စွာရွာသွန်းပြီးနောက် ဇူလိုင် ၁၄ ရက်မှစ၍ ရေကြီးရေလျှံမှုပြဿနာဖြင့် ရင်ဆိုင်နေရရာ ယနေ့တွင် ရေကြီးရေလျှံမှုအပြင် မြေပြိုကျမှုများပါဖြစ်ပေါ်လာသဖြင့် သေဆုံးသူ ခုနစ်ဦး၊ ပျောက်ဆုံးသူသုံးဦးနှင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ ဦးရေ ၁၀၀၀ ကျော်ရှိနေကြောင်း တောင်ကိုရီးယား အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Yahoo News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ရေကြီးရေလျှံမှုအပြင် မြေပြိုကျမှုတို့ကြောင့် မီးရထားခရီးစဉ်တချို့ကိုလည်း ယာယီရပ်ဆိုင်းထားရကြောင်း၊ မြေပြိုကျမှုကြောင့် မြေသားများနှင့် ကျောက်တုံး၊ ကျောက်ခဲများ မီးရထားလမ်းပေါ်တွင် ပိတ်ဆို့ခဲ့သဖြင့် ရှင်းလင်းရေးလုပ်ငန်းများပြုလုပ်ပြီး မီးရထားလမ်းလုံခြုံမှုကို ပြန်လည်စစ်ဆေးပြီးမှသာ မီးရထားခရီးစဉ်များကို ပြန်လည်ပြေးဆွဲသွားမည်ဖြစ်ကြောင်း ကိုရီးယား မီးရထားကော်ပိုရေးရှင်း (KORAIL)က ထုတ်ပြန်ခဲ့သည်။

ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တောင်ကိုရီးယားဝန်ကြီးချုပ် ဟန်ဒတ်ဆိုက အရေးပေါ် အစည်းအဝေးတစ်ရပ်ကျင်းပခဲ့ပြီး ကယ်ဆယ်ရေးဝန်ထမ်းအင်အားဖြည့်တင်းရန် တောင်ကိုရီးယား တပ်မတော်သားများကို စေလွှတ်ပေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ထို့ပြင် ကယ်ဆယ်ရေးအထောက်အကူပြုပစ္စည်းများကို တိုးမြှင့်ပေးသွားမည်ဖြစ်ပြီး လေကြောင်းအကူအညီပါရယူသွားရန် စီစဉ်နေကြောင်း တောင်ကိုရီးယားအရေးပေါ်စီမံခန့်ခွဲရေး အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**နိုင်းဆက်**



# ဂရိနိုင်ငံတွင် အပူချိန်မြင့်တက်မှုကြောင့် Acropolis ကို ယာယီပိတ်ထား

**အီဂျစ် ဇူလိုင် ၁၅**

ဂရိနိုင်ငံတွင် အပူချိန်မြင့်တက်မှုကြောင့် ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင် ဂရိသမိုင်း၏ အထင်ကရနေရာဖြစ်သည့် Acropolis ကို ယာယီပိတ်ထားလိုက်ကြောင်း ဂရိအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Gulf News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

Acropolis နေရာသည် ကမ္ဘာလှည့်ခရီးသည်များ နှစ်စဉ်သန်းနှင့်ချီ၍ လာရောက်လည်ပတ်နေသည့်နေရာဖြစ်ပြီး အမိုးအကာမရှိသောနေရာဖြစ်သည့်အတွက် လာရောက်လည်ပတ်သူများအနေဖြင့် အပူချိန်မြင့်တက်မှုနှင့် ဆက်စပ်သည့်အန္တရာယ်များ ဖြစ်ပေါ်မည်ကိုစိုးရိမ်၍ Acropolis နေရာသို့လာရောက်လည်ပတ်ခြင်းကို ယာယီပိတ်ထားခြင်းဖြစ်ကြောင်း၊ Acropolis နေရာကို ဇူလိုင် ၁၄ ရက်မှစ၍ ယာယီပိတ်ထားခြင်းဖြစ်ပြီး အပူချိန် ပြန်လည်ကျဆင်းသွားမှသာ ကမ္ဘာလှည့်ခရီးသည်များကို ပုံမှန်အတိုင်း လာရောက်လည်ပတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း ဂရိအာဏာပိုင်အဖွဲ့အစည်းက အသိပေးထုတ်ပြန်ခဲ့သည်။

ပြင်သစ်နိုင်ငံ ပဲရစ်မြို့အခြေစိုက် European Space Agency (ESA) အဖွဲ့အစည်းကလည်း ဥရောပတိုက်အတွင်း အပူချိန်မြင့်တက်မှုနှင့်ဆက်စပ်၍ ဂြိုဟ်တုမှတစ်ဆင့် အဆက်မပြတ်စောင့်ကြည့်နေပြီး ဥရောပတိုက်အတွင်း အပူချိန်အမြင့်မားဆုံးအခြေအနေဖြင့် ရင်ဆိုင်နေရသောနိုင်ငံများကို သတိပေးချက်ထုတ်ပြန်ပေးလျက်ရှိသည်။

လက်ရှိ ဂရိနိုင်ငံတွင် အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပြီး ဇူလိုင် ၁၃ ရက်က Acropolis သို့ လာရောက်လည်ပတ်သည့် ကမ္ဘာလှည့်ခရီးသည်များအနက် ခရီးသည်တစ်ဦးမှာ အပူချိန်မြင့်တက်မှုကြောင့် သတိမေ့လဲကျခဲ့ပြီး အေသင်ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့က အရေးပေါ် ဆေးကုသမှုပြုလုပ်ပေးခဲ့ရကြောင်း၊ အဆိုပါလူနာကိုလည်း ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရပြီး အလားတူဖြစ်စဉ်မျိုး ထပ်မံဖြစ်ပွားမည်ကို စိုးရိမ်သည့်အတွက် ဂရိအာဏာပိုင်အဖွဲ့အစည်းက Acropolis ကို ပိတ်ထားရန် ဆုံးဖြတ်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

**နိုင်းဆက်**

# ဂျာမနီနိုင်ငံ ဟမ်းဘတ်အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူတချို့ ဆန္ဒထုတ်ဖော်မှုကြောင့် လေကြောင်းခရီးစဉ်တချို့ နှောင့်နှေးခဲ့ရ

**ဘာလင် ဇူလိုင် ၁၅**

ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့ရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း ဂျာမနီသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူတချို့က ဇူလိုင် ၁၃ ရက်တွင် ဆန္ဒထုတ်ဖော်မှုကြောင့် လေကြောင်းခရီးစဉ်တချို့နှောင့်နှေးမှုများ ဖြစ်ပေါ်ခဲ့ရကြောင်း ဟမ်းဘတ်လေဆိပ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု The Print သတင်းဌာနက ဇူလိုင် ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

လေဆိပ်အတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူ ခုနစ်ဦးသည် လေယာဉ်ပြေးလမ်းကြောင်းပေါ်သို့ တရားမဝင် ဝင်ရောက်၍ ဆန္ဒထုတ်ဖော်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ဆန္ဒထုတ်ဖော်သူများကြောင့် ဟမ်းဘတ်လေဆိပ်သို့ဆိုက်ကပ်မည့် လေယာဉ် ၁၇ စင်း၊ ထွက်ခွာမည့်လေယာဉ် ၁၉ စင်းသည် သတ်မှတ်ချိန်အတိုင်း ဆိုက်ကပ်၊ ထွက်ခွာနိုင်ခဲ့ခြင်းမရှိကြောင်း လေဆိပ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ဇူလိုင် ၁၃ ရက် မနက် ၆ နာရီလောက်မှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ပတ်သက်ပြီး ဆန္ဒထုတ်ဖော်ခဲ့သူ ခုနစ်ယောက်ဟာ လေယာဉ်ကွင်းအတွင်း တရားမဝင်ဝင်ရောက်ပြီး ဆန္ဒထုတ်ဖော်ခဲ့ကြပါတယ်။ လေယာဉ်ပြေးလမ်းပေါ်မှာ ပိတ်ဆို့ဆန္ဒထုတ်ဖော်ခဲ့ကြတဲ့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ဆန္ဒထုတ်ဖော်သူတွေကို ဖမ်းဆီးထိန်းသိမ်းခဲ့ရပါတယ်။ ဆန္ဒထုတ်ဖော်သူတွေကြောင့် လေကြောင်းခရီးစဉ်တွေ သတ်မှတ်ချိန်ထက် လေးနာရီနောက်ကျပြီးမှ ပြန်လည်ပြေးဆွဲနိုင်ခဲ့ပါတယ်။ ဖမ်းဆီးထိန်းသိမ်းထားသူတွေကိုလဲ တရားစွဲဆိုသွားဖို့ စီစဉ်နေပါတယ်"ဟု ဟမ်းဘတ်ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ရဲအရာရှိတစ်ဦးက ပြောကြားခဲ့သည်။

ဆန္ဒထုတ်ဖော်ခဲ့ကြသူများမှာ The Letzte Generation (Last Generation)အုပ်စုမှဖြစ်ပြီး အဖွဲ့ဝင်တချို့သည်လည်း လေဆိပ်အပြင်ဘက်တွင် ဆန္ဒထုတ်ဖော်မှုများ ပြုလုပ်လျက်ရှိကြောင်း ဟမ်းဘတ်ရဲတပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

**နိုင်းဆက်**

0 w Kv d @

# အမေပန်ဖို့ နားကပ်လေးတစ်ရန်

နေထူး




(၁)

ရှင့်အစ်မတွေကလဲ ပြီးရင်ပြန်ပေးမယ်၊ ပြန်ပေးမယ်နဲ့ ချေးချေးပြီး ဘယ်တုံးက ပြန်ဆပ်ဖူးလို့လဲ။ ပြီးတော့ အမေကရော ဘာထူးလို့လဲ၊ ကိုယ့်သားနဲ့ ချွေးမကတော့ ကုန်းရုန်းပြီးရှာလို့ရတာလေးနဲ့ ပန်ပါစေတော့ဆိုပြီး နားကပ်လေးတစ်ရံ ကန်တော့ထားတာကို အခုအိမ်ရောက်ခဲ့လို့ ကြည့်လိုက်တော့ ရှင့်အမေက နားပေါက်ဟောင်းလောင်းကြီးနဲ့ဆိုတဲ့စကားကို ပြန်ကြားယောင်မိပြီး မိုးနိုင်တစ်ယောက် နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်လိုက်မိတယ်။

မိုးနိုင်က လိုင်းကားလေးမောင်းပြီး အမျိုးသမီးဖြစ်သူ သဲစုက ဖုန်းကုမ္ပဏီတစ်ခုရဲ့ ဆိုင်ခွဲတာဝန်ခံဖြစ်လို့ အဆင်ပြေကြီးမဟုတ်ပေမဲ့ တူတူတန်တန်လေး နေနိုင်ခဲ့ကြတယ်။ သဲစုက ငယ်ငယ်လေးကတည်းက မိခင်ဖြစ်သူဆုံးပါးသွားခဲ့တာကြောင့် အဘိုး၊ အဘွားနဲ့ အဒေါ်တွေလက်ပေါ်မှာ ကြီးပြင်းလာခဲ့ရသူဆိုတော့ အနည်းငယ်ကလေးဆန်ပြီး ဟောဟောဒိုင်းဒိုင်းပြောတတ်ပေမဲ့ မိုးနိုင်အမေကိုတော့ သူ့အမေလိုပဲ ချစ်ခင်ရှာသူလေးလဲဖြစ်တယ်။ မိခင်ဖြစ်သူနဲ့ အမျိုးသမီးဖြစ်သူတို့ ကြည်ဖြူနေကြလေတော့ မိုးနိုင်မှာ ဝမ်းသာနေမိတယ်။ ခက်နေတာက မိုးနိုင်ရဲ့အစ်မနှစ်ယောက်က သိပ်ပြီးမပြေလည်လှလေတော့ မိုးနိုင်တို့ဆီမှာ ခဏခဏချေးငှားတတ်ပြီး ပြန်ပြီးဆပ်တာတော့မရှိကြ။ မိုးနိုင်ကတော့ အစ်မကြီးအမိရာလို့ သဘောထားပြီး ဘာသိဘာသာနေနေပေမဲ့ လင်မယား စကားပြောအဆင်မပြေဖြစ်တိုင်း အစ်မနှစ်ယောက်အကြောင်းကို ဦးတည်ပြီး သဲစုက တိုက်ကွက်ဖော်နေကြဖြစ်လို့ မိုးနိုင်အတွက်ကတော့ ရိုးအီနေခဲ့ပြီ။ အခုတစ်ခါ ပြောလာတာက သူ့ရဲ့အမေပါ တရားခံစာရင်းမှာ ပါလာခဲ့လေပြီ။

(၂)

မိုးနိုင်နဲ့ သဲစုတို့က တစ်အိုးတစ်အိမ်ခွဲပြီး အိမ်ငှားနေကြပြီး မိုးနိုင်မိခင်ကတော့ သူ့သမီးအလတ်မနဲ့ အတူနေပါတယ်။ မိုးနိုင်တို့က သူတို့နဲ့ အတူနေဖို့ခေါ်ပေမဲ့ မိုးနိုင်အမေက သိပ်ပြီးမပြေလည်လှတဲ့ သူ့သမီးအလတ်နဲ့ မလှမ်းမကမ်းမှာနေတဲ့ သမီးအကြီးရဲ့မြေးမြစ်တွေနဲ့ပဲ ပျော်နေရှာတယ်။

မိုးနိုင်တစ်ယောက် ညနေကားသိမ်းပြီးတာနဲ့ သူ့အမေဆီကို ထွက်လာခဲ့တယ်။ အိမ်ကိုရောက်တော့ အစ်မလတ်ဖြစ်သူနဲ့ သူ့အမျိုးသား စကားများနေကြဟန်တူတယ်။ အမေဖြစ်သူက အိမ်ရှေ့ကွပ်ပျစ်လေးမှာ သူ့မြေးလေးကို ချော့မြူနေတာကိုမြင်လိုက်ရတယ်။ မိုးနိုင်ကိုမြင်လိုက်တဲ့ သူ့အမေက ရန်ဖြစ်စကားများနေတဲ့ အစ်မလတ်တို့ကြားလောက်အောင် အသံမြှင့်ပြီး "ဟော သားကြီးလာတယ် သမီးရေ"လို့ ခပ်ကျယ်ကျယ်အော်လိုက်ပြီး ပွေ့ချီထားတဲ့ကလေးကို "ဦးဦးကြီးလာတယ်ဟေ့"လို့ မြှူနေပြန်တော့တယ်။

မိုးနိုင်ကတော့ ဘာစကားမှမဆိုသေးဘဲ မျက်နှာအိုကြီးနဲ့လုပ်နေလိုက်ပြီး သူ့အမေရဲ့နားကို မသိမသာကြည့်လိုက်မိတယ်။ မိခင်ဖြစ်သူကလဲ မလုံမလဲနဲ့ မိုးနိုင်ကို ပြန်ကြည့်လိုက်တာဖြစ်လို့ သားအမိချင်း အကြည့်ချင်းဆုံသွားပြီး ချက်ချင်းပဲမျက်နှာလွှဲလိုက်ကြတယ်။ မိုးနိုင်ရဲ့အကြည့်က စိတ်ပျက်စိတ်ကုန်တဲ့အကြည့်မျိုးဖြစ်ပြီး မိခင်ကြီးကတော့ တောင်းပန်တိုးလျှိုးတဲ့ အကြည့်တွေနဲ့သာဖြစ်တော့တယ်။ ခဏနေတော့ အစ်မလတ်က မျက်နှာခပ်ညိုးညိုးနဲ့ အိမ်ထဲက ထွက်လာပြီး သူ့အမေလက်ထဲက ကလေးကို ကောက်ချီလိုက်ပြီး "မောင်လေး ကားအစောသိမ်းလာတာလား"လို့ နှုတ်ဆက်စကားဆိုတယ်။ မိုးနိုင်ကတော့ မျက်နှာခပ်စူစူနဲ့ ခေါင်းသာဆတ်ပြလိုက်တယ်။ ယောက်ဖဖြစ်သူကတော့ ဘာစကားမှမဆိုဘဲ အပြင်ထွက်သွားတော့တယ်။

"နေပါအုံး အမေရဲ၊ ဟိုးရက်ပိုင်းကလဲ မီတာခပေးစရာမရှိလို့ဆိုတော့လဲ ကျွန်တော်အမေ့ကိုပေးတယ်။ ဒီကြားထဲမှာ နေမကောင်းလို့ ဆေးသွင်းချင်လို့ဆိုတော့လဲ ကျွန်တော်လွှဲပေးတယ်။ သဲစုလဲ လာရင်အမြဲကန်တော့နေတာကိုဗျာ"ဆိုပြီး မိခင်မျက်နှာကို မကြည့်ဘဲ ပြစ်တင်စကားဆိုလိုက်တယ်။ မိခင်ဖြစ်သူက ဘာမှပြန်မဖြေဘဲ အသာငြိမ်ပြီး ငူငူကြီးလုပ်နေတယ်။ အစ်မလတ်ဖြစ်သူက တစ်ခုခုပြောဖို့ ပြင်တော့ မိခင်ဖြစ်သူက အသာလက်ကုတ်တားတာ မြင်လိုက်ရတော့ မိုးနိုင် အားမလိုအားမရဖြစ်သွားပြန်တယ်။

သူ့နဲ့လိုက်နေပါဆိုတော့လဲ ခေါ်လို့ကမရ။ စိတ်က ပိုပြီးမရိုးမရွဖြစ်လာပြီး "အမေ့ကို ဝယ်ပေးထားတဲ့ နားကပ်က ကျွန်တော့်ပိုက်ဆံသိပ်မပါဘူး။ သဲစုက အမေ့နားဟောင်းလောင်းကြီးဖြစ်နေတာကို မကြည့်ရက်ဘူးဆိုပြီး ပိုက်ဆံလေးတွေစု ဝယ်ပေးထားတာ။ အမေက ရောင်းစားလိုက်တာလား၊ အမေက ဘာဖြစ်စေချင်နေတာတုံး၊ ကျွန်တော်တို့လင်မယားကို ကွဲစေချင်နေတာလား"လို့ တရစပ်ပြောချလိုက်တယ်။

အမေဖြစ်သူကတော့ မျက်ရည်လေး ဝဲလည်လည်သာ လုပ်နေတယ်။ အစ်မလတ်ကတော့ ကလေးချီပြီး ထိုင်ရာကနေ ဆတ်ခနဲထထွက်သွားတော့တယ်။ မိုးနိုင်လဲ သူ့ခါးကလွယ်အိတ်လေးကိုပြင်လွယ်လိုက်ပြီး "ကျွန်တော့်ကို ငရဲမပေးပါနဲ့ အမေရာ။ ကျွန်တော်က ကားမောင်းနေရတာ၊ တစ်ခါတလေ စိတ်ညစ်ရလွန်းလို့ သေပါသေချင်နေပြီ"လို့ ပြောပြီးထွက်လာခဲ့တော့တယ်။

> ❖ "အမေ့ကိုဝယ်ပေးထားတဲ့နားကပ်က ကျွန်တော့်ပိုက်ဆံသိပ်မပါဘူး။ သဲစုက အမေ့နားဟောင်းလောင်းကြီးဖြစ်နေတာကို မကြည့်ရက်ဘူးဆိုပြီး ပိုက်ဆံလေးတွေစုဝယ်ပေးထားတာ။ အမေက ရောင်းစားလိုက်တာလား၊ အမေက ဘာဖြစ်စေချင်နေတာတုံး၊ ကျွန်တော်တို့လင်မယားကို ကွဲစေချင်နေတာလား"လို့ တရစပ်ပြောချလိုက်တယ်။ အမေဖြစ်သူကတော့ မျက်ရည်လေးဝဲလည်လည်သာ လုပ်နေတယ်။ အစ်မလတ်ကတော့ကလေးချီပြီး ထိုင်ရာကနေ ဆတ်ခနဲထထွက်သွားတော့တယ်။ မိုးနိုင်လဲ သူ့ခါးက လွယ်အိတ်လေးကိုပြင်လွယ်လိုက်ပြီး "ကျွန်တော့်ကို ငရဲမပေးပါနဲ့အမေရာ။ ကျွန်တော်က ကားမောင်းနေရတာ၊ တစ်ခါတလေ စိတ်ညစ်ရလွန်းလို့ သေပါသေချင်နေပြီ"လို့ ပြောပြီးထွက်လာခဲ့တော့တယ်။ ❖

(၃)

အိမ်ကိုပြန်ရောက်တော့ ရေမိုးချိုး၊ ထမင်းစားပြီး အိပ်ရာအစောဝင်လိုက်တယ်။ သဲစုကိုလဲ ချိုတယ်၊ ခါးတယ်မပြောဖြစ်တော့။ မိုးလင်းတော့ လွယ်အိတ်လေးလွယ်ပြီး ကားဂိတ်ရှိရာကို ထွက်လာခဲ့တယ်။ ဂိတ်စကဂိတ်ဆုံး မောင်းလာခဲ့လိုက်ပြီး ကားဂိတ်နားက အသုပ်ဆိုင်လေးမှာ အသုပ်ဝင်စားလိုက်တယ်။ ကားဂိတ်နားမှာ ဆိုင်လေးတွေကများလှပေမဲ့ အဘွားငြိမ်းရောင်းတဲ့အသုပ်ဆိုင်လေးမှာ မိုးနိုင်စားနေကျဖြစ်တယ်။

မုန့်ဖတ်သုပ်ကို အစပ်လေးနည်းနည်းထည့်၊ ပဲကြော်လေးထည့်ပြီး တစ်ခါတည်း နယ်ခိုင်းလိုက်တယ်။ အဘွားငြိမ်းနယ်ထားတဲ့ မုန့်ဖတ်သုပ်လေး ကိုယ်တိုင်ယူပြီးစားနေတုန်းမှာ ဘေးနားမှဝိုင်းက တစ်ယောက်က "အဘွားငြိမ်းသားက မြို့ထဲမှာ လျှပ်စစ်ပစ္စည်းဆိုင်ကြီးဖွင့်နေတာပဲဆို၊ အဘွားငြိမ်းကို မထောက်ပံ့ဘူးလား"လို့ မေးလိုက်တာ ကြားလိုက်ရလို့ အဘွားငြိမ်းအဖြေကို မိုးနိုင်နားစွင့်နေမိတယ်။

အဘွားငြိမ်းက မုန့်ဟင်းရည်အိုးထဲကို ဇွန်းနဲ့မွှေနေရာကနေ "ထောက်ပါတယ်၊ အန်ရှုံးဝါးတို့၊ ဆေးတွေဆိုလဲ စုံနေအောင်ဝယ်ပေးပါတယ်။ သူနဲ့နေဖို့လဲ အမြဲခေါ်နေတာပဲ။ ဒါပေမဲ့ အဘွားသားငယ်က အသောက်သမားဆိုတော့ သူ့ကိုစိတ်မချတာရယ်၊ မြေးလေးတွေကို တစ်ဖက်တစ်လမ်းက ပံ့ပိုးချင်လို့ လိုက်မသွားတာလို့"ဖြေလိုက်ပြီး နောက်ရောက်လာတဲ့ လူတွေအတွက် အသုပ်လေးတွေ ပြင်ပေးနေတော့တယ်။

အဘွားငြိမ်းရဲ့အဖြေစကားကို ကြားလိုက်ရတော့ မိုးနိုင်တစ်ယောက် သူ့မိခင်ကို သတိရလာသလို သူ့အလယ်တန်းကျောင်းသားလောက်က ရပ်ကွက်ထဲမှာ အပျော်တမ်းဖဲရိုက်ရာကနေ တဖြည်းဖြည်းကြေးတက်လာပြီး သူငယ်ချင်းစက်ဘီးကိုပါ ဖဲပေါင်ရိုက်လိုက်လို့ ပြဿနာတက်ကြတော့ သူငယ်ချင်းမိဘတွေက မိုးနိုင်ကြောင့် သူတို့သားပျက်ရတာပါ၊ စက်ဘီးကိုလဲ မိုးနိုင်ကပေါင်ပြီး ဖဲရိုက်တာပါဆိုပြီး ရပ်ကွက်ရုံးတိုင်မယ် တကဲကဲလုပ်နေကြလို့ မိခင်ဖြစ်သူက သူ့အဖေမသိအောင် နားကပ်လေးပေါင်ပြီး စက်ဘီးရွေးပေးခဲ့တယ်။ သူ့အဖေသိသွားလို့ လင်မယားစကားများကြတော့ ဖခင်က ရေနွေးကြမ်းပန်းကန်နဲ့ ထုလိုက်ရာက မိခင်ရဲ့မျက်ခုံးကွဲသွားခဲ့ဖူးတာကိုပါ သတိရမိလိုက်ပြန်တော့တယ်။ မိုးနိုင်တစ်ယောက် အခေါက်ရေပြည့်အောင်သာ ကားမောင်းနေရပေမဲ့ စိတ်ကတော့ သူ့အမေဆီကိုပဲ ရောက်နေတော့တယ်။ မနေ့က သူ့အမေကို တစ်တစ်ခွခွ ပြောခဲ့မိတာရယ်၊ မျက်နှာငယ်လေးနဲ့ သူ့ကို တောင်းပန်တဲ့အကြည့်လေးနဲ့ကြည့်နေခဲ့တဲ့ မိခင်ဖြစ်သူရဲ့ပုံရိပ်လေးတွေကို မြင်ယောင်မိနေတာရယ်ကြောင့် စိတ်မရွှင်ဘဲ သောကပွေနေမိတယ်။

"ခွင့်လွှတ်ပါ အမေရယ်၊ တကယ်က ကျွန်တော် အမေ့ကို အပြစ်တင်ချင်တာမဟုတ်ပါဘူး။ ချွေးမဖြစ်သူက ဒီလောက်ကောင်းခဲ့တာကို အမေက လုပ်ရက်တယ်လို့ တစ်ဖက်ကချွေးမက ထင်သွားပြီး အမေ့ကို အထင်သေးမှာ စိုးတာကြောင့်ပါလို့" ခပ်တိုးတိုးလေး ရေရွတ်နေမိတယ်။

(၄)

ညနေဘက် အခေါက်ရေပြည့်တာနဲ့ အမေ့ဆီကို မိုးနိုင်အပြေးလာခဲ့လိုက်တယ်။ အိမ်ကိုရောက်တော့ အစ်မလတ်ဖြစ်သူက ကလေးနဲ့ အိမ်ရှေ့ထွက်မျှော်နေတာတွေ့လို့ "ဘာမျှော်နေတာလဲ၊ ယောက်ဖပြန်မလာသေးလို့လား"လို့ မေးလိုက်တော့ "အမေပြန်မလာသေးလို့"ဆိုပြီး တုံးတိတိနဲ့ပြန်ဖြေပြီး ကွပ်ပျစ်လေးပေါ် ပြန်ထိုင်လိုက်ပါတယ်။

"အမေက ဘယ်သွားလို့လဲ"

"မနက်က ဘေးအိမ်က ဒေါ်ချောနဲ့ မြို့ထဲက ဒေါ်ချောသူဌေးအိမ်မှာ သန့်ရှင်းရေးလုပ်ပေးဖို့ လူလိုတယ်ဆိုလို့လိုက်သွားတယ်"လို့ ဖြေသံကိုကြားလိုက်ရတော့ မိုးနိုင်စိတ်က ဖျဉ်းခနဲဖြစ်သွားပြီး "ဟ အမေက ကလေးကူထိန်း၊ ထမင်းဟင်းချက်ပေးရတာတောင် မလုံလောက်သေးလို့ အိမ်ဖော်ပါလုပ်ပြီး ရှာကျွေးခိုင်းနေတာလား"လို့ ပြောချလိုက်တယ်။

"ဟဲ့ အမေက ငါတို့စားဖို့ အိမ်ဖော်လိုက်လုပ်တာမဟုတ်ဘူး။

စာမျက်နှာ ၂၅သို့ ➤

# စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနေကြာ ၆၇၂၄ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က မိုးနေကြာစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း ဇူလိုင် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ မိုးနေကြာ ၆၇၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်းစစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းခရိုင်တွင် မိုးနေကြာ ၁၄၇၆၅ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၇၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်းခရိုင်မှာ နေကြာကို မိုးရာသီမှာထက် ဆောင်းရာသီမှာ အဓိကထား စိုက်ပျိုးကြတာဖြစ်ပါတယ်။ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မိုးနေကြာဧက ၁၄၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားတာပါ။ လက်ရှိထိတော့ မိုးနေကြာဧက ၆၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ မိုးနေကြာစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းတဲ့ မျိုးတွေစိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြို့နယ်အလိုက် မိုးနေကြာစိုက်ပျိုးပြီးစီးမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၆၁၂၇ ဧက၊ မြင်းမူမြို့နယ်တွင် ၃၉၂ ဧက၊ မြောင်မြို့နယ်တွင် ၂၀၅ ဧက စုစုပေါင်း ၆၇၂၄ ဧကဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၁၂၂၂၁ ဧက၊ မြင်းမူမြို့နယ်တွင် ၂၀၀၅ ဧက၊ မြောင်မြို့နယ်တွင် ၅၂၉ ဧက စုစုပေါင်း ၁၄၇၆၅ ဧက ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် စစ်ကိုင်းခရိုင်အတွင်း နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းများနှင့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် အသိပညာပေးသင်တန်းများကို အရှိန်မြှင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းခရိုင်တွင် ဆောင်းနေကြာ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၃၁၂၄၂ ဧက၊ မြင်းမူမြို့နယ်တွင် ဧက ၁၇၁၇၀၊ မြောင်မြို့နယ်တွင် ၁၂၈၈၇ ဧက စုစုပေါင်း ၆၁၃၉၉ ဧကဖြစ်ကြောင်း သိရသည်။ (၂၀၆)

# တောင်ကြီးမြို့၌ Microsoft Excel For Accounting သင်တန်းဆင်းပွဲ ကျင်းပ

**တောင်ကြီး ဇူလိုင် ၁၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အပါအဝင် ခရိုင်၊ မြို့နယ်များမှ ဝန်ထမ်းများ ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေလွယ်ကူစေပြီး စွမ်းဆောင်ရည်မြင့်မားစေရန်ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သည့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ Microsoft Excel For Accounting သင်တန်းဆင်းပွဲကို ဇူလိုင် ၁၄ ရက် ညနေပိုင်းက အဆိုပါ ပြည်နယ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် ( တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးမျိုးမင်းသန့်က သင်တန်းသား၊ သင်တန်းသူများ အနေဖြင့် သင်တန်းက သင်ကြားပို့ချပေးခဲ့သည့် Microsoft Excel For Accounting သင်ခန်းစာများကို သေချာစွာ လေ့လာမှတ်သား၍ လက်တွေ့လုပ်ငန်းခွင်တွင် အကျိုးရှိအောင် ပြန်လည်အသုံးချရန်နှင့် စွမ်းဆောင်ရည်များစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားကြရန် ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များ ပေးအပ်ခဲ့ပြီး သင်တန်းသားများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ သင်တန်းသား၊ သင်တန်းသူ ၃၀ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် Microsoft Excelကို အသုံးပြုပြီး ငွေစာရင်းလချုပ်များ ရေးသွင်းနည်း၊ ဌစ စာရင်းရေးသွင်းနည်း၊ ကြွေးမြီ၊ အပ်ငွေနှင့်ယာယီစာရင်း ရေးဆွဲနည်း၊ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့် ဘဏ္ဍာရေးစည်းကမ်းများ စသည့်ဘာသာရပ်များကို ကျွမ်းကျင် ဆရာ၊ ဆရာမများက ဇူလိုင် ၁၀ ရက်မှ ၁၄ရက်ထိ ငါးရက်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မောင်ခိုင်**

➤ စာမျက်နှာ ၂၄ မှ အဆက်

သူချွေးမဆင်ထားတဲ့ နားကပ်လေး ပြန်ရွေးချင်လို့ လိုက်လုပ်နေတာပဲ့"

"ဘာဟ နားကပ်က အမေတစ်ယောက်တည်း သုံးဖို့၊ စားဖို့ပေါင်လိုက်တာလား"

"အေး ငါလဲမနေ့ကတည်းက ပြောချင်နေတာ ပါးစပ်ကို ယားနေတာပဲ။ အဲဒီနားကပ်က ငါတို့စားဖို့ပေါင်တာမဟုတ်ဖူး။ မမကြီးက မီးယပ်သွေးတွေဆင်းလို့ ဆေးရုံ တက်ရလို့ပဲ့။ အမေက နင်စိတ်ပူနေမယ်။ မမကြီးလဲ သက်သာလာပြီ။ သူယောကျာ်းလစာထုတ်မှ သူနားကပ်လေးပြန်ရွေးခိုင်းမယ်ဆိုလို့ ငါကငြိမ်နေရတာ။ အမေ့ကိုမှီပြီး ငါက ကပ်စားတယ်ထင်မနေနဲ့"လို့ ဆောင့်ဆောင့်အောင့်အောင့်ပြောပြီး အိမ်ထဲကို ဝင်သွားတော့တယ်။

(၅)

မိုးနိုင်တစ်ယောက် ငူငူငေါင်ငေါင်ထိုင်နေ ဆဲမှာ ယောက်ဖဖြစ်သူက ဝင်ချလာပြီး "မိန်းမ မိန်းမ နင့်အမေပြန်ရောက်ပြီလား"လို့ အမေးတကော မေးလိုက်သံကြောင့် "မရောက်သေးဘူး"ဆိုတဲ့ တိုပြတ်ပြတ်ဖြေသံကို ကြားလိုက်ရတယ်။

"ဟေ ငါလမ်းထိပ်ကကြားခဲ့ရတာ။ ကားမှတ်တိုင်မှာ လိုင်းကားနဲ့ ကုန်ကား တိုက်မိတာ၊ လိုင်းကားပေါ်က အသက်ကြီးအဘွားကြီးနှစ်ယောက် အတော်ထိသွား တယ်တဲ့ဟ"ဆိုတဲ့ စကားသံဆုံးတာနဲ့ မိုးနိုင်တစ်ယောက် ဝုန်းခနဲ ခုန်ထပြီးပြေးထွက်လာခဲ့တယ်။ ပြေးနေရင်းနဲ့ မျက်ရည်တွေက အလိုလိုကျလာနေတယ်။

"ဘုရား ဘုရား အမေဘာမှမဖြစ်ပါစေနဲ့"လို့ ရေရွတ်နေမိပြီး "ကျွန်တော့်ကိုငရဲမပေးပါနဲ့ အမေရာ"လို့ ရင့်ရင့်သီးသီးပြောခဲ့မိတာကိုပါ ပြန်ကြားနေမိလို့ ခေါင်းကိုခါယမ်းလိုက်ပြီး ဆက်ပြေးနေမိတယ်။ ကားမှတ်တိုင်ကိုရောက်တော့ အမောတကောနဲ့ ကွမ်းယာဆိုင်ကို ကားတိုက်တဲ့အကြောင်း မေးကြည့်လိုက်တယ်။ ကားတိုက်တာက မြို့ထဲဘက်က လာတဲ့ ကုန်ကားနဲ့ မြို့ထဲဘက်ကိုသွားမဲ့ လိုင်းကားတို့တိုက်မိကြတာတဲ့။ အဲဒီလိုကြားလိုက်ရမှ မိုးနိုင်တစ်ယောက် သက်ပြင်းချမိတော့တယ်။ အမေက မြို့ထဲကနေ ပြန်လာမှာပဲ။ နားစွန်နားဖျားနဲ့ ကြားချင်ရာကြားလာပြီး ပြောချင်ရာပြောခဲ့တဲ့ ယောက်ဖဖြစ်သူကို စိတ်ဆိုးဖို့ကိုလဲ သတိမရတော့။ တွေးချင်ရာတွေတွေးပြီး မျက်ရည်တွေကျ ပြေးလာမိတဲ့ သူ့ကိုသူလဲ ရှက်ရကောင်းမှန်းလဲ မစဉ်းစားမိတော့ပါ။

(၆)

ခဏနေတော့ မြို့ထဲကလာတဲ့ လိုင်းကားက မှတ်တိုင်မှာထိုးဆိုက်လာလို့ အမေများ ပါလာလေမလားအထင်နဲ့ မြူးပြုံနေအောင်ရှာမိတယ်။ သုံးစီးမြောက်မှာမှ ကားပေါ်ကနေ အမေဆင်းလာတာ ကိုတွေ့ရတယ်။ ပျော်လိုက်တာ။ မိုးနိုင်ငယ်ငယ်က အမေမြို့တက်သွားလို့ ပြန်လာတဲ့အချိန်ကလို အမေလို့ အကျယ်ကြီးအော်ပြီး ကလေးငယ်လေးလို ပြေးပြီး ဖက်လိုက်ချင်ပေမဲ့ ဘရိတ်အုပ်လိုက်ရတယ်။ မိုးနိုင်မျက်နှာလေးကတော့ ကလေးငယ်လေးတစ်ယောက်လို ရွှင်မြူးနေလို့သာ နေတော့တယ်။ ကားမှတ်တိုင်မှာ မိုးနိုင်ကိုတွေ့လိုက်ရတော့ သူ့ကိုများ အပြစ်ပြောလေအုံးမလားလို့ ထင်လိုက်မိပေမဲ့ "အမေ"လို့ တိုးတိုးလေးခေါ်ပြီး သူလက်ကို ခပ်တင်းတင်း လာဆုပ်ကိုင်လိုက်တဲ့ သားဖြစ်သူကြောင့် ဧဝေဇဝါဖြစ်သွားမိတယ်။ တစ်နေကုန် အဝတ်တွေလျှော်၊ ပန်းကန်တွေဆေးလာခဲ့ရလို့ အေးစက်စက်နဲ့ ထုံကျဉ်ကျဉ်ဖြစ်နေတဲ့ သူလက်ကလေးတွေကတော့ သားဖြစ်သူရဲ့ ခပ်တင်းတင်းဆုပ်ကိုင်ထားမှုကြောင့် ပင်ပန်းမှုတို့ ပျောက်ဆုံးကုန်ကြပြီး သူ့ရဲ့လက်ကလေးတွေကလဲ နွေးထွေးလို့သာလာပေတော့တယ်။

# လွမ်းဆဲတူပြိုင် ၁၉ ဇူလိုင်

- ဇူလိုင်မိုးစက် ဖြိုးသက်စွေစွေ
  နယ်ရှစ်ခွင်တိုင်း အွံ့ဆိုင်းမှုန်ရီဝေ
  မြန်တိုင်းဌာနေ မဖြေစိတ်ဝမ်း
  ကြွေလွင့်ခဲ့သည် အာဇာနည်
  မျှော်ရည်တမ်းတ လွမ်းသည်နှင့်လေး။

- လွတ်လပ်မှုလမ်း ကြိုးပမ်းဦးတည်
  စွမ်းရည်ဂုဏ်ထပ် မြင့်မြတ်အာဇာနည်
  ထမ်းရွက်ကိုယ်စီ တိုင်းပြည်အရေး
  ငြိမ်းချမ်းပြည်ထောင် ဖော်ညွှန်းဆောင်
  ထွန်းပြောင်သတ္တိ မွေးသည်နှင့်လေး။

- လွတ်လပ်မျှော်တွေး မဝေးချိန်ခါတွင်
  ဇာနည်မြေခ ကြွေကျခဲ့ရှာပင်
  စိတ်ရှူးမိုက်သွင် ဉာဏ်ဆင်ကျင့်သုံး
  နယ်ချဲ့ပီပီ အကောက်ကြံသည်
  တိုင်းပြည်အမှောင် ဖုံးသည်နှင့်လေး။

- ပြည်သူနှလုံး အမြတ်ဆုံးရတနာ
  ဗိုလ်ချုပ်အောင်ဆန်း မျှော်မှန်းပြည်သာယာ
  စည်းလုံးညီညာ ခိုင်မာလက်တွဲ
  ကြံတွေးဉာဏ်ကူ လမ်းစဉ်မူ
  ဘယ်သူခွဲခွဲ မကွဲသည်နှင့်လေး။

- တမ်းတလွမ်းမြဲ ကျွမ်းဆဲတူပြိုင်
  ရက် လ နှစ်ဟောင်း ဘယ်ပြောင်းမေ့ပါနိုင်
  ယနေ့ထိတိုင် စွဲခိုင်ပုံရိပ်လှိုင်း
  နွယ်မျိုးသာကီ အာဇာနည်
  ဂုဏ်ရည်ကျေးဇူး နှိုင်းမဲ့သည်နှင့်လေး။

- မြန်ပြည်သမိုင်း တူပြိုင်မိုးဆန်း သက်သေတည်တော့မည်။
- အမှန်တည်မရိုင်း ဇူလိုင်မညှိုးပန်း ခက်ဝေစည်တော့သည်။

**မောင်ရင်အေး(ပတ္တမြားမြေ)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ဆယ့်ကိုးဇူလိုင်မမေ့နိုင်

စိန်ဌေးလှိုင်(ဟိုပုံးမြေ)

❖ မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိခဲ့သော်လည်း ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးတို့မှာ လွတ်လပ်ရေး၏အရသာကို ခံစားမသွားခဲ့ရပေ။ လွတ်လပ်ရေးရရှိရန်လပိုင်းအလိုတွင် ကျဆုံးရသဖြင့် လွန်စွာနှမြောဖွယ်ကောင်းလှသည်။ ပြည်သူအပေါင်းတို့ကလည်း ကျဆုံးလေပြီးသောခေါင်းဆောင်ကြီးများကို မည်သို့မျှမမေ့နိုင်ပါ။ ထို့ကြောင့် ဇူလိုင် ၁၉ ရက်ကို အာဇာနည်နေ့အဖြစ်သတ်မှတ်ကာ အကြိုဟောပြောပွဲများ၊ လွမ်းသူ့ပန်းခွေချခြင်းများ၊ နိုင်ငံတော်အလံကို တစ်ဝက်လွှင့်ထူကာ အာဇာနည်နေ့အလေးပြုအခမ်းအနားများ ကျင်းပလာခဲ့သည်မှာ ယနေ့ထက်တိုင်ပင်ဖြစ်ပေသည်။ ❖

"နှစ်လနာရီ၊ ခါရာသီရွေ့ပေမဲ့ အာဇာနည်နေ့ကိုဖြင့် မမေ့သင့်ပါသလေ၊ ယနေ့ဖြင့် သတိထားဖို့အခြေ၊ အများပြည်သူတွေ၊ အများပြည်သူတွေ၊ အာဇာနည်နေ့ကိုလေ၊ တွေးရှုကာပဲအလေးပြုပါသလေ"ဟူသော "အလေးပြုပါတယ်"သီချင်းသည် အာဇာနည်နေ့သို့ရောက်တိုင်း ကြားနေမြဲဖြစ်သည်။ ထိုသီချင်းကို ဂီတာတင်အုန်းက ရေးစပ်ခဲ့ပြီး တေးသံရှင်ဒေါ်မေလှမြိုင်က သီဆိုခဲ့သည်။ မိုးလေးတဖွဲဖွဲရွာကျသောအချိန်နှင့် တိုက်ဆိုင်နေပေရာ လွမ်းမောဖွယ်ကောင်းလှ၏။

မြန်မာ့အသံရေဒီယိုမှ နှစ်ပေါင်းများစွာ နားဆင်ခဲ့ရသည်။ ယနေ့ခေတ်တွင်လည်း မြန်မာ့ရုပ်မြင်သံကြားမှ အာဇာနည်နေ့ကျင်းပပုံအခမ်းအနားတွင် နောက်ခံတေးအဖြစ် တင်ဆက်ပေးလျက်ရှိသည်။ လရာသီတို့ကုန်ဆုံးပြောင်းလဲသွားခဲ့သော်လည်း နှစ်စဉ် ဇူလိုင် ၁၉ ရက်တွင်ကျရောက်သော အာဇာနည်နေ့ကိုဖြင့် မမေ့သင့်ကြောင်း၊ မသမာသူလူတစ်စု၏လက်ချက်ကြောင့် နိုင်ငံ့ခေါင်းဆောင်ကြီးများ ကျဆုံးရသည်ကိုလည်း သတိမူသင့်ကြောင်း၊ အာဇာနည်နေ့သို့ရောက်လေတိုင်း ပြည်သူအပေါင်းတို့က ကျဆုံးလေပြီးသောခေါင်းဆောင်ကြီးများကို ဦးညွှတ်အလေးပြုလျက်ရှိကြောင်း စသည်ဖြင့်ရေးသားထားသည်။

ဤသီချင်းတွင် အာဇာနည်ဆိုသောစကားသည် ထင်ရှားလှသည်။ ပါဠိစာပေတွင် အာဇာနည်ဟူသောစကားကို "အာ ဘုသောကာရဏာကာရဏံ ဇာနာတီတိ အာဇာနီယော"ဟုဆိုထား၏။ အဓိပ္ပာယ်မှာ "အကြောင်းဟုတ်သည်၊ မဟုတ်သည်၊ အမှား၊ အမှန်ကို ပြင်းပြင်းထန်ထန်သိသူ"ဟု ဖွင့်ဆိုထားသည်ကို တွေ့ရသည်။ ထို့ကြောင့် ကျဆုံးလေပြီးသောဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးတို့မှာ ၎င်းအချက်များနှင့်ပြည့်စုံသဖြင့် အာဇာနည်ဟူသော ဂုဏ်ထူးဝိသေသနှင့်ကိုက်ညီလှသည်။ ထိုသီချင်းကို နားဆင်ရခြင်းအားဖြင့် အာဇာနည်နေ့ပေါ် ပေါက်လာပုံ၊ ခေါင်းဆောင်ကြီးများကျဆုံးခြင်းသည် နိုင်ငံတော်အတွက် များစွာနစ်နာရပုံတို့မှာ ပေါ်လွင်လျက်ရှိသည်။

လွန်ခဲ့သော ၇၆ နှစ်က အဖြစ်အပျက်တစ်ခုဖြစ်ပေသည်။ အတိအကျပြောဆိုရသော် ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်နေ့ဖြစ်သည်။ ထိုနေ့တွင် ရန်ကုန်မြို့၏ ကောင်းကင်၌ အုံ့မှိုင်းလျက်ရှိသည်။ မိုးစဲသည်ဟူ၍ မရှိဘဲ တဖွဲဖွဲကျလိုက်၊ တဖြိုင်ဖြိုင်ရွာချလိုက်ဖြင့် နောက်ဆုံးတွင် စွေ၍နေ၏။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်၍ နိုင်ငံတော်အဆင့်ဝန်ကြီးများသည် ရန်ကုန်မြို့လယ်ရှိ ဝန်ကြီးများရုံးတွင် တိုင်းပြည်လွတ်လပ်ရေးအတွက် အစည်းအဝေးတစ်ရပ်ကို နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ကျင်းပနေ၏။ ထိုအချိန်တွင် အင်္ဂလိပ်မြို့စောင့်တပ် အမှတ် (၁၂) သေနတ်ကိုင်တပ်ရင်း၏ အမှတ်တံဆိပ်ကို ဝတ်ဆင်ထားသည့်လူတစ်စုသည် ဝန်ကြီးများရုံးအတွင်းသို့ ဝင်ရောက်၍ အစည်းအဝေးတက်ရောက်နေသူတို့အား ပစ်ခတ်လုပ်ကြံလိုက်၏။ အစည်းအဝေးခန်းမသည် ဖရိုဖရဲဖြစ်နေသည့် စားပွဲ၊ ကုလားထိုင်များနှင့် သွေးအိုင်တွင် သေဆုံးနေသည့် နိုင်ငံ့ခေါင်းဆောင်ကြီးများ၏မြင်ကွင်းမှာ ဝမ်းနည်းကြေကွဲဖွယ်ရာပင်ဖြစ်ပေလိမ့်သည်။ ဦးအောင်ဆန်း(ကာကွယ်ရေးဝန်ကြီး)၊ ဦးဘချို(ပြန်ကြားရေးဝန်ကြီး)၊ မန်းဘခိုင် (စက်မှုလက်မှုနှင့် အလုပ်သမားဝန်ကြီး)၊ ဦးဘဝင်း (ထောက်ပံ့ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး)၊ သခင်မြ(ဘဏ္ဍာရေးဝန်ကြီး)၊ ဦးရာဇတ် (ပညာရေးနှင့် အမျိုးသားစီမံကိန်းဝန်ကြီး)၊ ဦးစဝ်စံထွန်း (အတိုင်ပင်ခံတောင်တန်းဒေသရေးရာဝန်ကြီး)၊ ဦးအုန်းမောင် (လမ်းပန်းဆက်သွယ်ရေးအတွင်းဝန်)နှင့် ရဲဘော်ကိုထွေး (ပညာရေးဝန်ကြီးဦးရာဇတ်၏ သက်တော်စောင့်)တို့မှာ ကျဆုံးခဲ့ရရှာသည်။ ဘဏ္ဍာရေးဝန်ကြီး ဦးတင်ထွဋ်သည် ထိုစဉ်က ဒဏ်ရာပြင်းထန်စွာရရှိခဲ့သော်လည်း အသက်ရှင်ကျန်ရစ်ခဲ့သည်။

ထိုကဲ့သို့ ထိတ်လန့်တုန်လှုပ်ဖွယ်ရာလုပ်ကြံမှုတွင် ဗြိတိသျှတို့သည် တစ်နည်းမဟုတ်တစ်နည်း ပါဝင်ပတ်သက်နေသည်ဟု ထိုအချိန်ကယုံကြည်ခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ဖွဲ့စည်းထားသောနိုင်ငံတော်အစိုးရက ဗြိတိသျှဝန်ထမ်းနှစ်ဦးကို ဖမ်းဆီးစစ်ဆေးခဲ့ဖူးသည်။ ၎င်းတို့အနက်မှ တစ်ဦးသည် ဦးစောနှင့် ရင်းနှီးမှုရှိခဲ့ပြီး လုပ်ကြံမည့်အဖွဲ့အား စစ်သုံးကိရိယာများကို တပ်ဆင်ပေးခဲ့၏။ အမှတ်(၁) သောင်းကျန်းမှုနှိမ်နင်းရေးတပ်ရင်းမှ တပ်ခွဲမှူး ဗိုလ်သိန်းဟန်နှင့် ရဲဘော်များသည် မရမ်းကုန်းမြို့နယ် အေဒီလမ်း အမှတ်(၄) ရှိ ဦးစော၏နေအိမ်သို့ ဗိုလ်ချုပ်အောင်ဆန်းတို့လုပ်ကြံခံရသည့် ညနေပိုင်းမှာပင် ဝင်ရောက်ရှာဖွေခဲ့၏။ ဦးစောနှင့်အပေါင်းအပါတို့အား ဖမ်းဆီးရမိခဲ့ပြီး စုံထောက်အင်စပိတ်တော် မစ္စတာဂျပ်ခေါင်းဆောင်သော ရဲအဖွဲ့ထံသို့အပ်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများကို သေဆုံးအောင်ပြုမူလုပ်ဆောင်ခြင်းသည် နိုင်ငံတော်လုပ်ကြံမှုကြီးတစ်ခုဖြစ်ပေသည်။ နယ်ချဲ့လက်ပါးစေအတိုက်အခံနိုင်ငံရေးအဖွဲ့အစည်းတစ်ခုကြိုတင်စီစဉ်ထားခြင်းဖြစ်ရာ ၎င်းအဖွဲ့ကို ခေါင်းဆောင်ကြိုးကိုင်ထားသူအဖြစ် ဂဠုန်ဦးစောအား စွပ်စွဲခဲ့ကြသည်။ ထို့နောက် ဦးစောနှင့်အပေါင်းအပါများကို ဦးကျော်မြင့်၊ ဦးအောင်သာကျော်နှင့် ဦးစီးမှူးတို့ပါဝင်သော အထူးခုံရုံးက အချိန်ယူစစ်ဆေးပြီး ပြစ်မှုထင်ရှားသဖြင့် ၁၉၄၇ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် သေဒဏ်စီရင်ချက်ချမှတ်ခဲ့သည်။ တရားခံများက အဆင့်ဆင့်အယူခံဝင်ခဲ့သည်။ နောက်ဆုံးအယူခံလွှာကို ၁၉၄၈ ခုနှစ် မေ ၂၇ ရက်တွင် တရားလွှတ်တော်ချုပ်က ပယ်ချခဲ့သည်။ ထို့နောက် သမ္မတထံ အသနားခံလွှာတင်သွင်းခဲ့ပြန်ရာ ခင်မောင်ရင်၊ သုခနှင့် မောင်နီတို့အပေါ်တွင် ချမှတ်ထားသောသေဒဏ်အမိန့်ကို ပယ်ဖျက်ပြီး တစ်သက်တစ်ကျွန်းထောင်ဒဏ်သို့ ပြောင်းလဲပေးခဲ့သည်။ ကျန်တရားခံများဖြစ်သော ဂဠုန်ဦးစော၊ သက်နှင်း၊ မောင်စိုးနှင့်မှုန်ကြီးတို့အား အင်းစိန်အကျဉ်းထောင်တွင်လည်းကောင်း၊ စိန်ကြီးနှင့် ရန်ကြီးအောင်တို့အား ရန်ကုန်အကျဉ်းထောင်တွင်လည်းကောင်း ၁၉၄၈ ခုနှစ် မေ ၈ ရက် ၅ နာရီခွဲတွင် တစ်ချိန်တည်း ကြိုးဒဏ်စီရင်ခဲ့လေသည်။ ထိုကဲ့သို့ နိုင်ငံတော်လုပ်ကြံမှုကြီးပြီးဆုံးပြီးနောက် ဗြိတိသျှတို့သည် ဦးနုခေါင်းဆောင်သည့် ကြားဖြတ်အစိုးရအဖွဲ့ကို အာဏာလွှဲပြောင်းပေးခဲ့သည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးခဲ့၏။

ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရပြီး နောက်တစ်နေ့ ၁၉၄၇ ခုနှစ် ဇူလိုင် ၂၀ ရက်တွင် ရန်ကုန်မြို့ ဆူးလေဘုရားအနီးရှိ ဖိုက်ချ်စကွဲယား (Fytche Square) (ယခု မဟာဗန္ဓုလ)ပန်းခြံ၌ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂဥက္ကဋ္ဌ၊ ရန်ကုန်ခရိုင် ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌ၊ ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂဒုတိယ ဥက္ကဋ္ဌ၊ မြို့မကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌနှင့် မြို့မဦးသန်းကြွယ်တို့သည် ကျောင်းသားနှင့် ပြည်သူတစ်သိန်းကျော်ကိုဦးဆောင်ပြီး "လူသတ်ဝါဒရှုတ်ချပွဲ"ကို ဦးဆောင်ကျင်းပခဲ့သည်။ ဦးသန်းကြွယ်ကိုယ်တိုင် ရေးသားထားသော "အသက်ပေးချီတက်ကြကုန်အံ့"အမည်ရှိ ကြေညာချက်စာတမ်းကို ထိုအခမ်းအနားတွင် လက်သီးလက်မောင်းတန်း၍ နာကြည်းခံပြင်းစွာ ဖတ်ကြားခဲ့သည်။ အိန္ဒိယနိုင်ငံ၏ လွတ်လပ်ရေးခေါင်းဆောင်ကြီး ဂျဝါဟာလာနေရူးက သူ၏သမီးဖြစ်သူ အင်ဒီရာဂန္ဒီကို "နယ်ချဲ့လက်အောက်မှလွတ်မြောက်လုဆဲအာရှနိုင်ငံများကို မှန်ကန်သောခေါင်းဆောင်မှုပေးနိုင်သူမှာ မြန်မာပြည်မှ အောင်ဆန်းသာဖြစ်သည်"ဟု ပြောကြားခဲ့၏။ ထို့ပြင်Fournမဂ္ဂဇင်းကလည်း Not Burma, but Asia has lost a great leader ဟု ဂုဏ်ပြုရေးသားခဲ့သည်။ ထို့ပြင် ဆရာကြီးသခင်ကိုယ်တော်မှိုင်းကလည်း "တပည့်ဖြစ်သူ အောင်ဆန်းတို့အတွက် ငွေကြေးတော့မတတ်နိုင်ဖူး၊ ဒီစာအုပ်လေးကိုရေးပြီး လှူဒါန်းလိုက်တယ်"ဟုပြောဆိုကာ "ဩော်၊ တောင်နန်းမြောက်နန်း၊ အဆောင်ကြငှန်းနဲ့ အခေါင်မမြန်းရခင်က၊ အောင်ပန်းညို့ရရှာတဲ့ အောင်ဆန်းတို့သေပုံနမြော"ဟူသော အာဇာနည်ဗိမာန်လေးချိုးကြီးခေါ် အာဇာနည်ဗိမာန်ဋီကာစာအုပ်ကိုရေးသားကာ အာဇာနည်ဗိမာန်တည်ဆောက်ရေးရန်ပုံငွေအဖြစ် လှူဒါန်းခဲ့သည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိခဲ့သော်လည်း ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးတို့မှာ လွတ်လပ်ရေး၏အရသာကို ခံစားမသွားခဲ့ရပေ။ လွတ်လပ်ရေးရရှိရန်လပိုင်းအလိုတွင် ကျဆုံးရသဖြင့် လွန်စွာနှမြောဖွယ်ကောင်းလှသည်။ ပြည်သူအပေါင်းတို့ကလည်း ကျဆုံးလေပြီးသောခေါင်းဆောင်ကြီးများကို မည်သို့မျှမမေ့နိုင်ပါ။ ထို့ကြောင့် ဇူလိုင် ၁၉ ရက်ကို အာဇာနည်နေ့အဖြစ်သတ်မှတ်ကာ အကြိုဟောပြောပွဲများ၊ လွမ်းသူ့ပန်းခွေချခြင်းများ၊ နိုင်ငံတော်အလံကို တစ်ဝက်လွှင့်ထူကာ အာဇာနည်နေ့အလေးပြုအခမ်းအနားများ ကျင်းပလာခဲ့သည်မှာ ယနေ့ထက်တိုင်ပင်ဖြစ်ပေသည်။ ထိုဆောင်ရွက်ချက်များမှာ အာဇာနည်ခေါင်းဆောင်ကြီးများကို ကြည်ညိုလေးစားကြောင်း၊ အောက်မေ့သတိရကြောင်း ပြသခြင်းဖြစ်ပေသည်။ သို့သော် ထိုသို့ပြသရုံဖြင့် တာဝန်ကျေမည်လော။ ပြည်သူပြည်သားတိုင်း စဉ်းစားရန်လိုသည်။ ဗိုလ်ချုပ်အောင်ဆန်းတို့ ချမှတ်ခဲ့သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းသာယာသည့်တိုင်းပြည်တည်ဆောက်ရေးတို့ကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကာ ဗိုလ်ချုပ်တို့အရယူပေးခဲ့သောလွတ်လပ်ရေးကြီးကို ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါတော့သည်။

**ကိုးကား**

**– ဒေါက်တာမောင်မောင်၏နိုင်ငံတော်လုပ်ကြံမှု။**

## မကွေးမြို့နယ် သဖန်းဆိပ်ကျေးရွာ၌ စက်ရေတွင်းတူးဖော်နေမှု စစ်ဆေး

**မကွေး ဇူလိုင် ၁၅**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိစေရန် ရည်ရွယ်၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် သဖန်းဆိပ်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီး၊ မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိသဥ္ဇာဖူးနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ သဖန်းဆိပ်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မကွေးမြို့နယ် သဖန်းဆိပ်ကျေးရွာ၌ အကျယ် လေးလက်မ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်းနှင့် ပါဝါမီတာတပ်ဆင်ခြင်းလုပ်ငန်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၆ ဒသမ ၅၀၉ သန်းဖြင့် တင်ဒါအောင်မြင်သည့် Chindwin Strategy ကုမ္ပဏီက ယခုနှစ် ဇွန်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပါက သဖန်းဆိပ်ကျေးရွာရှိ အိမ်ခြေ ၂၈၅ အိမ်၊ လူ ၁၁၉၁ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်တို့အတွက် နွေရာသီကာလ သောက်သုံးရေရှားပါးသည့်ပြဿနာများမရှိတော့ဘဲ နှစ်ပတ်လည်ရေဖူလုံစွာသုံးစွဲနိုင်ခြင်း စသည့် အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်ကြောင်း မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီးက ပြောပြ၍ သိရသည်။

**ကိုလှိုင်**

# စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာသက်ရောက်မှုများ

**မေဇင်ထွန်း**

စီးပွားရေးတိုးတက်မှုဟူသည်မှာ ကုန်ထုတ်လုပ်မှုနှင့် ပို့ကုန်များတိုးမြင့်လာခြင်းကိုဆိုလိုသည်။ ထိုသို့ ပြည်တွင်းကုန်ထုတ်လုပ်မှု၊ စားသုံးမှုတိုးလာသည်နှင့်အမျှ ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုများ ပိုမိုဖြစ်လာနိုင်သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများကိုဆိုရမည်ဆိုလျှင် စီးပွားရေးတိုးတက်မှုကြောင့် ပြန်လည်ပြည့်ဖြိုးမြဲမဟုတ်သော အရင်းအမြစ်များ သုံးစွဲမှုတိုးမြင့်လာခြင်း၊ လေထုညစ်ညမ်းမှုအဆင့်များ ပိုမိုမြင့်မားလာခြင်း၊ ကမ္ဘာကြီးပိုမိုပူနွေးလာခြင်းနှင့် ပတ်ဝန်းကျင်တွင်နေထိုင်ရာနေရာများ ပိုမိုဆုံးရှုံးနိုင်မှုမြင့်မားခြင်းတို့ ပါဝင်သည်။ သို့သော်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပုံစံအားလုံးသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသည်မဟုတ်ပေ။ အချို့သော စီးပွားရေးတိုးတက်မှုများသည် စစ်မှန်သောဝင်ငွေများ မြင့်တက်လာခြင်းနှင့်အတူ လူတစ်ဦးချင်းစီ၏ သဘာဝပတ်ဝန်းကျင်အရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်မှုနှင့် လေထုညစ်ညမ်းမှု၏ဆိုးကျိုးများကို လျော့ပါးသက်သာစေသည့် လုပ်ဆောင်နိုင်သောစွမ်းရည်များလည်း မြင့်မားလာသည်။

နည်းပညာမြင့်မားမှုနှင့်အတူ စီးပွားရေးလုပ်ငန်းများတိုးတက်လာပြီး လေထုညစ်ညမ်းမှုနည်းပါးစေသော ကုန်ထုတ်လုပ်မှုများလည်းရှိလာသည်။ ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှုန်းကြောင့် သစ်တောများသည် စိုက်ပျိုးရေးနှင့် ထင်းလိုအပ်ချက်ကဲ့သို့သော ကိစ္စရပ်များတွင် အသုံးပြုသဖြင့် သဘာဝအရင်းအမြစ် သစ်တောများ ဖြစ်တည်မှုကျဆင်းကာ သစ်တောပြုန်းတီးမှုများကို ဖြစ်စေသည်။ ထို့ပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ရေနံ၊ ကျောက်မီးသွေး၊ ဓာတ်ငွေ့အရင်းအမြစ်များကို ကျဆင်းစေခြင်း၊ ငါးအလွန်အကျွံဖမ်းဆီးခြင်းကြောင့် ငါးမျိုးစိတ်များ ဆုံးရှုံးခြင်း၊ မျိုးသုဉ်းမှုများဖြစ်ပေါ်လာခြင်း၊ ထိုသို့ သဘာဝအရင်းအမြစ်များ ပျက်စီးခြင်းသည် တိရစ္ဆာန်များနှင့် သစ်ပင်များကို မျိုးသုဉ်းခြင်းသို့ ဦးတည်စေသည်။

ရုပ်ကြွင်းလောင်စာများ တိုးမြှင့်သုံးစွဲခြင်းသည် လေထုအရည်အသွေးကို ညှိုးဖျင်းစေသော ကာဗွန်ညစ်ညမ်းမှုများကဲ့သို့ ပြဿနာများကို ဖြစ်ပေါ်စေနိုင်သည်။ ရုပ်ကြွင်းလောင်စာများ လောင်ကျွမ်းခြင်း၏ အဆိုးဆုံးပြဿနာတချို့ကို လေထုသန့်ရှင်းမှု (Clean Air Acts) မှ လျော့ပါးစေပြီး မြို့လယ်ခေါင်များတွင် ကျောက်မီးသွေးလောင်ကျွမ်းမှုများ၊ ကာဗွန်ဒိုင်အောက်ဆိုက်ထွက်ရှိမှုများကို ကန့်သတ်ခဲ့သည်။ စီးပွားရေးတိုးတက်မှုသည် အချို့သော လေထုညစ်ညမ်းမှုအမျိုးအစားကို လျှော့ချနိုင်သည်ကို တွေ့ရသော်လည်း လေထုညစ်ညမ်းမှုကို အဓိကဖြစ်စေသော မီးခိုးမြူများသည် ယနေ့ခေတ်တွင် သိသာထင်ရှားသောအန္တရာယ်တစ်ခုဖြစ်လာသည်။ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုတိုးမြင့်လာခြင်း၏ သက်ရောက်မှုများသည် ကမ္ဘာကြီးကို ပိုမိုပူနွေးလာစေပြီး ရာသီဥတု

အပြောင်းအလဲများကို ဖြစ်ပေါ်စေသည်ဟု သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။

ဤအခြင်းအရာအားလုံးသည် စီးပွားရေးတိုးတက်မှု၏ အနာဂတ်မျိုးဆက်သစ်များအတွက် ရေရှည်ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကိုဖြစ်ပေါ်စေပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာကုန်ကျစရိတ်များကို တိုးမြင့်လာစေသည်။ ထိုသို့ သဘာဝအတိုင်းဖြစ်ပေါ်နေသော လေ၊ မြေ၊ ရေထုတို့သည် စီးပွားရေးတိုးတက်မှုကြောင့် တဖြည်းဖြည်းညစ်ညမ်းလာပြီး ကျန်းမာရေးပြဿနာများကိုဖြစ်စေကာ ကုန်းမြေနှင့်ပင်လယ်များ၏ ကုန်ထုတ်စွမ်းအားကို ထိခိုက်စေနိုင်သည်။ စက်မှုလုပ်ငန်းများ တိုးတက်လာခြင်း၏သက်ရောက်မှုများကြောင့် ကမ္ဘာကြီးပူနွေးလာမှုသည် ပင်လယ်ရေမျက်



နှာပြင်မြင့်တက်လာခြင်းနှင့် မတည်ငြိမ်သောရာသီဥတုပုံစံများကိုဖြစ်ပေါ်စေပြီး သိသိသာသာ စီးပွားရေးကုန်ကျစရိတ်များကို ဖြစ်ပေါ်စေနိုင်သည်။ ထိုသို့ ဖြစ်ပေါ်လာသော ကမ္ဘာကြီးပူနွေးလာခြင်းနှင့် မတည်ငြိမ်သောရာသီဥတုများသည် လူသားတို့အတွက် စိုးရိမ်ဖွယ်ရာဖြစ်လာသည်။ ထို့ပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကြောင့် သစ်တောပြုန်းတီးမှုများ ပိုမိုများပြားလာပြီး မြေဆီလွှာကိုပျက်စီးစေကာ မြေဆီလွှာတိုက်စားခြင်းများကို ဖြစ်ပေါ်စေသည်။ ထို့ပြင် မိုးခေါင်ရေရှားဖြစ်နိုင်ခြေကိုလည်း ပိုများလာစေသည်။ စီးပွားရေးတိုးတက်မှုသည် အရင်းအမြစ်များ ဆုံးရှုံးခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းတို့ကို ဦးတည်စေသည်။ ထိုသည်ကပင် စီးပွားရေးအတွက် အနာဂတ်ဂေဟစနစ်များ၏စွမ်းဆောင်ရည်ကို ထိခိုက်စေနိုင်သည်။ ထိုသည်ကို ဆုံးရှုံးသွားသော၊ မျိုးသုဉ်းသွားသော ဇီဝစုံမျိုးကွဲများကို လေ့လာခြင်းဖြင့် သိရှိနိုင်သည်။

ထို့ပြင် စီးပွားရေးတိုးတက်မှုသည် ရေရှည်တွင် အညစ်အကြေးနှင့် အဆိပ်အတောက်များကို ဖန်တီးပေးပြီး ဆိုးကျိုးသက်ရောက်မှုများကို ဖြစ်လာစေနိုင်သည်။ ဥပမာအားဖြင့် စီးပွားရေးတိုးတက်မှုသည် ပလတ်စတစ်အသုံးပြုမှုကို တိုးမြင့်လာစေပြီး ပလတ်စတစ်ဆိုသောအရာသည် စွန့်ပစ်လိုက်သောအခါ အလွယ်တကူဖြင့် ပြိုပျက်သွားခြင်းမရှိသောကြောင့် ပင်လယ်နှင့်သဘာဝပတ်ဝန်းကျင်တွင် ပလတ်စတစ်များ တိုးလာနေသည်။ ထိုအရာများက မြင်နိုင်သော အရွယ်အစားမှသည် မမြင်နိုင်သောအရွယ်အစားထိ ရှိသဖြင့် အဏ္ဏဝါသတ္တဝါများနှင့် တောရိုင်းတိရစ္ဆာန်များကို ထိခိုက်စေနိုင်သည်။

ယခင်က လူသားတို့သည် စက်မှုလုပ်ငန်းများအတွက် ညစ်ညမ်းမှုဖြစ်စေသော ကျောက်မီးသွေး၊ ထင်းများကို အသုံးပြုလေ့ရှိသည်။ သို့သော် နည်းပညာများ တိုးတက်လာသောအခါ ရုပ်ကြွင်းလောင်စာများသုံးလာကြသည်။ မည်သို့ဆိုစေကာမူ လေထုညစ်ညမ်းမှုဖြစ်ပေါ်နေဆဲပင်ဖြစ်သည့်အတွက်ကြောင့် လေထုညစ်ညမ်းမှုကိုဖြစ်စေသော ရုပ်ကြွင်းလောင်စာများအသုံးပြုမှုကို ကန့်သတ်သည့် သန့်စင်သော နည်းပညာများကို ရှာဖွေလာကြသည်။

သို့သော်လည်း နိုင်ငံတစ်နိုင်ငံတွင် လေထုညစ်ညမ်းမှုလျှော့ချခြင်းသည် အခြားနိုင်ငံတစ်နိုင်ငံသို့ လေထုညစ်ညမ်းမှုကို တိုးစေခြင်းပင်ဖြစ်သည်။ ဆိုလိုသည်မှာ မိမိနိုင်ငံမှလေထုညစ်ညမ်းမှုလျော့ကျအောင် ထုတ်လုပ်ခြင်းကိုလျှော့ချလိုက်သော်လည်း ပြင်ပမှ တင်သွင်းခြင်းကြောင့် တင်သွင်းသည့်နိုင်ငံတွင် လေထုညစ်ညမ်းမှုကိုဖြစ်စေသည်။ ဥပမာ- ဖွံ့ဖြိုးဆဲနိုင်ငံများမှ ကျောက်မီးသွေးကို တင်သွင်းကာ အခြားနေရာများတွင် ပြန်လည်အသုံးပြုခြင်းမျိုးကဲ့သို့ဖြစ်သည်။ ပတ်ဝန်းကျင်ဆိုင်ရာမူဝါဒများသည် လတ်တလောတွင် အကျပ်အတည်းပြဿနာများကို ကိုင်တွယ်ဖြေရှင်းလေ့ရှိသော်လည်း အနာဂတ်မျိုးဆက်သစ်များတွင် ပိုမိုကြီးမားသောပြဿနာများကို ဖြစ်လာစေနိုင်သည်။

ထို့ကြောင့် စီးပွားရေးတိုးတက်မှုသည် သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေသည့်အကြောင်းအရာမဖြစ်စေရေးအတွက် စတင်လုပ်ဆောင်ရမည်ဖြစ်သည်။ စီးပွားရေးကြောင့် သဘာဝတရားကြီးပျက်စီးမှုကို ကိုင်တွယ်ဖြေရှင်းရန် စီးပွားရေးလုပ်ငန်းရှင်များကို တွန်းအားပေးဆောင်ရွက်ကာ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းသွားကြရမည်ဖြစ်သည်။ လူသားများ၏လုပ်ရပ်များကြောင့် ထိခိုက်ခဲ့ရသော ပတ်ဝန်းကျင်ကို လူသားများက ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည်။ သဘာဝအရင်းအမြစ်များကို ဆုံးရှုံးသွားပါက ထုတ်ကုန်များ၊ စားသောက်ကုန်များ၏ ဈေးနှုန်းများ အဆမတန်မြင့်တက်လာမည်ဖြစ်သည်။ ထိုမှတစ်ဆင့် အစားအစာရှားပါးမှု၊ သောက်သုံးရေရှားပါးမှုများဖြစ်လာနိုင်သည်။

သဘာဝပတ်ဝန်းကျင်မပျက်စီးဘဲ စီးပွားရေးတိုးတက်မှုသည် ဖြစ်လာနိုင်ဖွယ်မရှိသည့်အတွက် စီးပွားရေးတိုးတက်လာမှုကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကို လျှော့ချနိုင်သမျှ လျှော့ချကြရမည်မှာ လူသားအားလုံး၏ တာဝန်ပင်ဖြစ်သည်။ ထို့ကြောင့်လည်း အချို့သော ဂေဟဗေဒပညာရှင်များက စီးပွားရေးတိုးတက်မှုသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသည်ဟု ဆိုကြခြင်းဖြစ်သည်။

ထို့အတွက် ဆောက်လုပ်ရေးလုပ်ငန်းများတွင် ယခင်ကအသုံးပြုခဲ့သည့် ပြန်လည်ပြည့်ဖြိုးမြဲမဟုတ်သော စွမ်းအင်များနေရာတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို အစားထိုးအသုံးပြုလာကြသည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များသည် ရုပ်ကြွင်းလောင်စာများဖြစ်သော ကျောက်မီးသွေးကဲ့သို့ အရာများထက် စွမ်းအင်ကို ပိုမိုထုတ်ပေးနိုင်သည့်အပြင် ကုန်ကျစရိတ်ပိုင်းတွင်လည်း ပိုမိုဈေးသက်သာလာသဖြင့် ၂၀၁၇ ခုနှစ်မှစတင်၍ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို အစားထိုးအသုံးပြုလာသည်။ ထိုသို့ အစားထိုး အသုံးပြုမှုကြောင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် ရုပ်ကြွင်းလောင်စာများအသုံးပြုမှုသည် ၂၀၁၅ ခုနှစ်တွင် ၈၄ ရာခိုင်နှုန်း၊ ၂၀၁၇ ခုနှစ်တွင် ၃၉ ရာခိုင်နှုန်း ကျဆင်းသွားခဲ့သည်။

ထို့ပြင် ဓာတ်ဆီသုံးကားများနေရာတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ လျှပ်စစ်စွမ်းအင်ဖြင့် လည်ပတ်သည့်ကားများဖြင့် အစားထိုးနိုင်သည်။ ထိုသို့ထုတ်လုပ်နိုင်မှုသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုကိုလည်း လျှော့ချပေးနိုင်သည်။ ထို့ကြောင့် စီးပွားရေးတိုးတက်မှု၊ စွမ်းအင်သုံးစွဲမှုနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှုတို့ကြားတွင် ဆက်နွယ်မှုများရှိသဖြင့် စီးပွားရေးတိုးတက်လာရန်ကိုသာ ဦးစားပေးမစဉ်းစားဘဲ ပတ်ဝန်းကျင်ထိခိုက်မှုကိုလည်း ထည့်သွင်းစဉ်းစားကာ အနာဂတ်တွင် ဂေဟစနစ်နှင့် လိုက်လျောညီထွေရှိသော စီးပွားရေးဖွံ့ဖြိုးမှုများကိုသာ လုပ်ဆောင်သင့်ကြောင်း ရေးသားအပ်ပါသည်။

**ကိုးကား**

- **Environmental impact of economic growth**

# နတ်တလင်းမြို့နယ် ဖလံပင်ရွာသစ်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**နတ်တလင်း ဇူလိုင် ၁၅**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက ဖလံပင်ရွာသစ်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် စီမံကိန်းလုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ထွန်းက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်းကော်မတီဝင်များ၏တာဝန်ဝတ္တရားများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင်ပါရှိသော ကျေးရွာသူ၊ ကျေးရွာသားများလိုက်နာရမည့် တာဝန်များနှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိက စီမံကိန်းလုပ်ငန်းကော်မတီဝင်များ ရွေးချယ်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၊ ရပ်မိရပ်ဖများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြသည်။

နတ်တလင်းမြို့နယ်တွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ကို ကျေးရွာတစ်ရွာလျှင် စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာလူထုထည့်ဝင်ငွေများဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ထွန်းက ပြောပြ၍ သိရသည်။

**သုတ**

# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

## မိတ်ဆွေတန်ဖိုး

သားသားမီးမီးတို့ရေ ဦးဦး ဒီတစ်ပတ် ပြောပြမဲ့ ပုံပြင်လေးကတော့ "မိတ်ဆွေတန်ဖိုး"လို့ အမည်ရတယ်ကွယ်။

ဟိုးရှေးရှေးတုန်းက တောနက်ကြီးထဲက မြစ်ကမ်းပါးဘေးမှာ ရှင်သန်ကြီးထွားနေတဲ့ သစ်ပင်ကြီးနှစ်ပင်ရှိသတဲ့ကွယ်။ တစ်ပင်က သရက်ပင်ဖြစ်ပြီး တစ်ပင်က ပိန္နဲပင်ဖြစ်သတဲ့။ အပင်နှစ်ပင်စလုံးဟာ ကွေးကောက်မှုမရှိဘဲ အပင်ဖြောင့်ဖြောင့်တွေပေါ့ကွယ်။ အကိုင်းအခက်တွေ များသလောက် အရွက်တွေကလဲ များသတဲ့။ ဒါကြောင့် သစ်ပင်နှစ်ပင်စလုံးဟာ အရိပ်ကောင်းပြီး အလွန်အေးချမ်းတာပေါ့။ ဒါပေမဲ့ ပိန္နဲပင်က အလွန်တစ်ကိုယ်ကောင်းဆန်သတဲ့။ သူ့အရိပ်အောက်ရောက်လာတဲ့ တိရစ္ဆာန်လေးတွေ နားခိုလို့မရအောင် သစ်ကိုင်းတွေချိုးချ၊ သစ်ရွက်တွေ ခြွေချနဲ့ ခြောက်လှန့်ပြီး မောင်းထုတ်သတဲ့။ ဒါကြောင့် ပိန္နဲပင်ကြီးဟာ မြစ်ကမ်းဘေးမှာ အဖော်မပါ တစ်ပင်တည်းနေရတာပေါ့။ ဒီလိုနေရတာကို ပိန္နဲပင်က သဘောကျတယ်သတဲ့ကွယ်။

သရက်ပင်ကြီးကျတော့ ပိန္နဲပင်နဲ့ မတူဘူးကွယ်။ သရက်ပင်ကြီးအောက်ကို တိရစ္ဆာန်လေးတွေ လာရင် သရက်ပင်ကြီးက သရက်သီးတွေကို ချကျွေးသတဲ့။ ငှက်ကလေးတွေလာရင်လဲ အသီးတွေကို ကြိုက်သလောက်စားခွင့်ပြုသတဲ့။ ဒါကြောင့် သရက်ပင်ကြီးကို တိရစ္ဆာန်လေးတွေက ချစ်ကြသတဲ့။ သရက်ပင်ကြီးဟာ ကျေးငှက်ကလေးတွေရဲ့ အသံတွေနဲ့ အေးချမ်းနေသတဲ့ကွယ်။ သရက်ပင်ကြီးရဲ့ ထူးခြားချက်က သူ့ဆီကိုလာတဲ့သူမှန်သမျှ ရန်မဖြစ်ရဘူးဆိုတဲ့ အမိန့်ကို ထုတ်ထားသတဲ့။ ဒါကြောင့် သမင်နဲ့ကျား၊ မြွေနဲ့ဖား၊ ဥသြနဲ့ ကျီးကန်း စတဲ့တိရစ္ဆာန်လေးတွေဟာ သရက်ပင်ကြီးရဲ့ အဆုံးအမအောက်မှာ ချစ်ချစ်ခင်ခင်နေကြတယ်ကွယ်။ သရက်ပင်ကြီးရဲ့ စကားကိုလဲ နားထောင်ကြသတဲ့။

တစ်နေ့မှာတော့ ပျားကောင်တွေဟာ အသိုက်လုပ်ဖို့ ပိန္နဲပင်ဆီကိုလာကြသတဲ့ကွယ်။ ပိန္နဲပင်ဆီကို ရောက်ရင်ပဲ အကိုင်းတစ်ခုမှာ အသိုက်ဖွဲ့ကြသတဲ့။ အဲဒီအချိန်မှာ ပိန္နဲပင်ကြီးက-

"ဟေ့ကောင် ပျားတွေ မင်းတို့ ပျားရည်တွေဟာ ငါ့ရဲ့ အပင်ကို ညစ်ပတ်စေတယ် မလာကြနဲ့ အသိုက်မဖွဲ့ကြနဲ့"လို့ပြောပြီး သစ်ရွက်တွေ ခြွေချတာ ခြောက်လှန့်တယ်ကွယ်။ ပျားကောင်တွေလဲ သေမှာစိုးရိမ်တဲ့အတွက် ပိန္နဲပင်နဲ့ဝေးရာကို ပြေးသွားတာပေါ့။ အဲဒီလိုပြေးရင်း ပျားတွေဟာ စိမ်းစိုပြီး အရိပ်ကောင်းတဲ့ သရက်ပင်ကြီးကို မြင်သွားတာပေါ့။ ဒါကြောင့်




သရက်ပင်ကြီးဆီကို ပျံဝဲသွားကြသတဲ့။ သရက်ပင်အနား ရောက်တဲ့အခါ ပျားတွေရဲ့ ခေါင်းဆောင်ဖြစ်သူက-

"သရက်ပင်ကြီး ခင်ဗျာ၊ သရက်ပင်ကြီးရဲ့ အကိုင်းမှာ အသိုက်ဆောက်ချင်လို့ နေခွင့်ပေးပါလား"လို့ တောင်းဆိုသတဲ့။ အဲဒီအခါ သရက်ပင်ကြီးက-

"မင်းတို့ စိတ်ကြိုက်နေကြပါ"လို့ ပြောလိုက်သတဲ့ကွယ်။ ဒါနဲ့ ပျားခေါင်းဆောင်က စကားထပ်ဆိုတယ်ကွယ်။

"သရက်ပင်ကြီးရဲ့ အကိုင်းအမြစ်တွေမှာ ပျားရည်ကျရင်ကော ခွင့်ပြုမှာလား သရက်ပင်ကြီး"လို့ မေးတဲ့အခါ သရက်ပင်ကြီးက-

"ခွင့်ပြုပါတယ်ကွာ မင်းတို့ပျားရည်ကြောင့် ငါ့ရဲ့ သရက်သီးတွေ ပိုချိုတာပေါ့"လို့ ယဉ်ကျေးစွာ ပြန်ပြောသတဲ့။ အဲဒါနဲ့ ပျားတွေဟာ သရက်ပင်ကြီးဆီမှာ အေးအေးချမ်းချမ်း နေထိုင်ကြသတဲ့ကွယ်။

တစ်နေ့မှာတော့ လှေသမားတွေဟာ လှေစပ်ဖို့အတွက် သစ်ပင်ဖြောင့်ဖြောင့်၊ လုံးပတ်ကြီးကြီး အပင်တွေကို လိုက်ရှာသတဲ့ကွယ်။ အဲဒီအချိန်မှာ မြစ်ဘေးမှာ ရှင်သန်ကြီးထွားနေတဲ့ ပိန္နဲပင်နဲ့သရက်ပင်ကို မြင်သွားသတဲ့။ အဲဒါနဲ့ လှေသမားတွေဟာ သရက်ပင်ဆီကို အရင်သွားပြီး ဓားတွေနဲ့ခုတ်ဖို့ ပြင်ဆင်ကြသတဲ့။ လှေသမားတွေရဲ့ အခြေအနေကို ပျားခေါင်းဆောင်ကြီးမြင်တဲ့အခါ-

"ပျားအပေါင်းတို့ ငါတို့ရဲ့ မိတ်ဆွေ သရက်ပင်ကြီးကို လှေသမားတွေ ခုတ်ယူတော့မယ် မင်းတို့အစွမ်းရှိသမျှ ကာကွယ်ကြလော့"လို့ ပြောသတဲ့ကွယ်။ ပျားခေါင်းဆောင်ကြီး ပြောလိုက်ရင်ပဲ ပျားတွေဟာ လှေသမားတွေကို ပျားဆိပ်နဲ့တုပ်ကြသတဲ့။ ဒါပေမဲ့ လှေသမားတွေက မီးဖိုလုပ်ပြီး မီးခိုးငွေ့တွေလွှတ်တော့ ပျားတွေဟာ လှေသမားတွေကို မတုပ်နိုင်တော့ဘူးကွယ်။ ကျေးငှက်လေးတွေလဲ အသံမျိုးစုံ အော်ကြတာပေါ့။ ပိန္နဲပင်ကြီးကတော့ သရက်ပင်ရဲ့အဖြစ်ကိုကြည့်ပြီး တွေးနေသတဲ့။

"ကောင်းတယ် လာတဲ့သူတွေကို လက်ခံထားအုံး မင်းသရက်ပင်ကြီးမရှိမှ ငါလဲ နားအေးပြီး စိတ်ချမ်းချမ်းသာသာနေရမယ် ဟား. . . ဟား"

ပိန္နဲပင်ကြီးဟာ သရက်ပင်ရဲ့အဖြစ်ကိုကြည့်ပြီး ပြုံးနေသတဲ့ကွယ်။ ကျေးငှက်တွေရဲ့ အော်သံကြောင့် သရက်ပင်ကြီးရဲ့ မိတ်ဆွေတွေဖြစ်တဲ့ ကျားတွေ၊ ကျားသစ်တွေ၊ မြေခွေးတွေ၊ ဆင်ကြီးတွေ သရက်ပင်ကြီးဆီကို ပြေးလာသတဲ့ကွယ်။ လှေသမားတွေလဲ ကျားတွေ၊ ဆင်တွေကို မြင်တဲ့အခါ ကြောက်လန့်ပြီး ပြေးကုန်တာပေါ့။ သရက်ပင်ကြီးဟာ မိတ်ကောင်းဆွေကောင်း အကူအညီနဲ့ အသက်ဘေးကနေ လွတ်မြောက်သွားသတဲ့ကွယ်။

လှေသမားတွေဟာ သရက်ပင်ကြီးကို ခုတ်လို့မရတဲ့အခါ ပိန္နဲပင်ကြီးဆီသွားကြတယ်ကွယ်။ ပိန္နဲပင်အနားရောက်တော့ ပုဆိန်တွေ၊ ဓားတွေနဲ့ ပိန္နဲပင်ကို ခုတ်ကြသတဲ့။ ပိန္နဲပင်ကြီးဟာ အလွန်နာကျင်ခံစားရပြီး "ကယ်ပါ ကယ်ပါ"လို့ အော်နေသတဲ့။ ပိန္နဲပင်ကြီး ဘယ်လိုအော်အော် ဘယ်သူမှ လာရောက်ပြီးမကယ်ဘူးတဲ့။ နောက် ဆုံးမိတ်ဆွေမရှိဘဲ တစ်ယောက်တည်းနေချင်တဲ့ ပိန္နဲပင်ကြီးဟာ သစ်ခုတ်သမားတွေရဲ့ ဓားချက်တွေအောက်မှာ အသက်ဆုံးရှုံးသွားသတဲ့ကွယ်။ ပုံပြင်လေးကတော့ ဒါပါပဲကွယ်။

သားသားမီးမီးတို့လဲ"မိတ်ဆွေတန်ဖိုး" ပုံပြင်ထဲက "သရက်ပင်ကြီး"လို မိတ်ဆွေ သူငယ်ချင်းတွေ အများကြီးထားကြပါ၊ မိတ်ဆွေတန်ဖိုးကို သိရှိနားလည်ကြပါလို့ ဦးဦးက မှာလိုက်ပါတယ်ကွယ်။

**မောင်ပုည(ဟသ်ာတမြေ)**

## စာဖတ်ကြစို့

♦ အားလပ်ရက်မှာ တို့တစ်တွေ
စာကြည့်တိုက်ကို သွားစို့လေ။

♦ စာအုပ်လေးတွေ ရွေးလို့ငှား
ဗဟုသုတ ရှာဖွေပွား။

♦ ရှိသေလေးစား ဖတ်ရှုမှာ
စာအုပ်ဆိုတာ ရတနာ။

♦ ယဉ်ကျေးလိမ္မာ ရှိစေရေး
ဘဝအောင်မြင် ပြည့်စုံရေး
စာဖတ်ကြစို့လေး။ ။




**ကန်မြဲ ရချမ်းဝေ**

## နတ်ပန်းချီ

♦ တောင်ကုန်းတောင်တန်း စမ်းချောင်းငယ်
မြစ်ကြီးခွန်အားကြွယ်။

♦ တိမ်ရောင်စုံခြယ် တောပန်းပွင့်
အလှပန်းတင့်။

♦ တေးသီကျူးရင့် ကျေးငှက်စုံ
စိမ်းလဲ့မြိုင်ရဂုံ။

♦ ဂုဏ်ယူဖွယ်ရာ အလှတရား
တို့တိုင်းရွှေပြည် ရှုခင်းများ
ထည်ဝါလို့ခံ့ညား။ ။

**ရှာန်လေး(ပညာရေး)**



# တောင်ငူမြို့နယ် ခပေါင်းတိန်ကျေးရွာတွင် ဂျပန်နိုင်ငံသို့ ရုံးပတီသီးများတင်ပို့ရန် ရုံးပတီပင်စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေ



**ပဲခူး ဇူလိုင် ၁၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ခပေါင်းတိန်ကျေးရွာတွင် ဂျပန်နိုင်ငံသို့ ရုံးပတီသီးများတင်ပို့ရောင်းချရန်အတွက် ရုံးပတီပင်စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေကြောင်း ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၏ ဇူလိုင် ၁၄ ရက် သတင်းများအရ သိရသည်။

မြန်မာနိုင်ငံမှ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်များကို ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများသို့ တင်ပို့ရောင်းချပေးလျက်ရှိရာ ယခုအခါ ရုံးပတီသီးများကို ဂျပန်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် စတင်စိုက်ပျိုးနေပြီဖြစ်ကြောင်း သိရသည်။

ခပေါင်းတိန်ကျေးရွာတွင် ရုံးပတီပင်စိုက်ပျိုးရေးလုပ်ငန်းများကို Nilar Forzen Foods Co., Ltd (NFF)ကုမ္ပဏီက ခပေါင်းတိန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ကိုင်ဆောင်ရွက်သော တောင်သူများနှင့်အကျိုးတူ ပူးပေါင်းစိုက်ပျိုးနေကြောင်း၊ Nilar Forzen Foods Co., Ltd(NFF) ကုမ္ပဏီအနေဖြင့် ဒေသခံတောင်သူများ ရုံးပတီပင်စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် ရုံးပတီမျိုးစေ့နှင့် သွင်းအားစုများကို အကြွေးစနစ်ဖြင့်ထုတ်ပေးပြီး စိုက်ပျိုးနည်းများကိုလည်း သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရုံးပတီပင်စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်သည့်တောင်သူများအတွက်လိုအပ်သည်များကို ကူညီပေးနိုင်ရန်အတွက် စိုက်ပျိုးရေးပညာရှင်နှစ်ဦးကိုလည်း ကျေးရွာတွင်ထားရှိမည်ဖြစ်ပြီး ရုံးပတီပင်များ စိုက်ပျိုးရန်အတွက် ထုတ်ပေးထားသော မျိုးစေ့ဖိုးနှင့် သွင်းအားစုဖိုးများကို ရုံးပတီသီးပေါ်ချိန်တွင် အရစ်ကျ ခုနှိမ်သွားမည်ဖြစ်သည်။

NFFကုမ္ပဏီကသတ်မှတ်ချက်နှင့်ကိုက်ညီသည့် ခြောက်စင်တီမီတာမှ ကိုးစင်တီမီတာရှိ ရုံးပတီသီးများကို တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၊ ကိုးစင်တီမီတာမှ ၁၃ စင်တီမီတာရှိ ရုံးပတီသီးများကို တစ်ပိဿာလျှင် ငွေကျပ် ၇၀၀ စာချုပ်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

NFF သည် အဆိုပါခပေါင်းတိန်ကျေးရွာတွင် ရုံးပတီပင်များ စိုက်ပျိုးရန်အတွက် စိုက်ပျိုးမြေဧက ၆၀ ခန့်စာချုပ်ချုပ်ဆို၍ စိုက်ပျိုးသွားမည်ဖြစ်ပြီး လက်ရှိတွင် ရုံးပတီပင်စိုက်ပျိုးသည့်တောင်သူ ၂၄ ဦးက စိုက်ပျိုးမြေ ၁၆ ဒသမ ၇၅ ဧကတွင် စတင်စိုက်ပျိုးနေပြီဖြစ်ကြောင်း သိရသည်။

**ချမ်းချမ်း**

# နမ့်စန်မြို့နယ် အမှတ်(၆)ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်း

**နမ့်စန် ဇူလိုင် ၁၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဆောင်ရွက်မည့် အမှတ်(၆)ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၁၄ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ နမ့်စန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခွန်ဇော်မျိုးထွန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းကမ်းသတ်မှတ်ချက်များ၊ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကျေးရွာပြည်သူလူထုက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရမည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် နမ့်စန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဝါဝါမောင်က ကော်မတီဝင်များ ရွေးချယ်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့် ကော်မတီဝင်များ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသောရပ်မိရပ်ဖများ၊ ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

နမ့်စန်မြို့နယ် အမှတ်(၆) ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ကျေးရွာ၏ ပဓာနလိုအပ်ချက်များကိုဖော်ထုတ်ပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နမ့်စန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခွန်ဇော်မျိုးထွန်းထံမှ သိရသည်။

**သံသာ**

စာအုပ်စာပေ လူ့မိတ်ဆွေ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၇-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၀၀ | ၂၁၅၀ | ၂၁၄၅ | ၂၁၀၀ | ၂၁၅၀ | ၂၁၇၅ | ၂၁၆၀ | ၂၁၃၅ | ၂၂၃၅ | ၂၂၅၀ | ၂၁၄၀ | ၂၁၅၀ | ၂၁၈၅ | ၂၁၉၀ | ၂၁၉၀ | ၂၄၂၀ | ၂၈၂၀ |
| 95 Ron | ၂၂၂၀ | ၂၂၆၅ | ၂၂၆၅ | ၂၂၁၅ | ၂၂၆၅ | ၂၂၉၀ | ၂၂၇၅ | ၂၂၅၀ | ၂၃၅၀ | ၂၃၆၅ | ၂၂၅၅ | ၂၂၇၅ | ၂၃၀၅ | ၂၃၀၅ | ၂၃၀၅ | ၂၅၃၅ | ၂၉၂၀ |
| HSD (500 ppm) | ၂၀၉၀ | ၂၁၄၀ | ၂၁၃၅ | ၂၁၀၀ | ၂၁၃၅ | ၂၁၆၀ | ၂၁၅၅ | ၂၁၂၅ | ၂၂၄၅ | ၂၂၄၀ | ၂၁၃၀ | ၂၁၄၀ | ၂၁၇၅ | ၂၁၇၅ | ၂၁၈၀ | ၂၄၁၀ | ၂၉၂၀ |
| HSD (50 ppm) | ၂၁၇၀ | ၂၂၂၀ | ၂၂၁၅ | ၂၁၈၀ | ၂၂၁၅ | ၂၂၄၀ | ၂၂၃၅ | ၂၂၀၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၁၀ | ၂၂၂၀ | ၂၂၅၅ | ၂၂၅၅ | ၂၂၆၀ | ၂၄၉၀ | ၂၉၈၀ |
| HSD (10 ppm) | ၂၁၇၀ | ၂၂၂၀ | ၂၂၁၅ | ၂၁၈၀ | ၂၂၁၅ | ၂၂၄၀ | ၂၂၃၅ | ၂၂၀၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၁၀ | ၂၂၂၀ | ၂၂၅၅ | ၂၂၅၅ | ၂၂၆၀ | ၂၄၉၀ | ၂၉၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၉၆ | ၂၀၇၀ |
| 95 Ron | ၂၁၀၈ | ၂၁၈၄ |
| HSD (500 ppm) | ၁၉၈၈ | ၂၀၅၇ |
| HSD (50 ppm) | ၂၀၆၂ | ၂၁၃၃ |
| HSD (10 ppm) | ၂၀၆၂ | ၂၁၃၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင် Exhibition Vanue Award ရရှိခဲ့သော

" မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင် "

ရတနာပုံ ခန်းမ






ရရှိနိုင်သောဝန်ဆောင်မှုများ
ဗိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊
အစည်းအဝေးများ၊ရှင်ပြု ရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊
မင်္ဂလာဆောင်ပွဲများ၊မွေးနေ့ပွဲများ၊အထိမ်းအမှတ်ညစာစားပွဲများ၊
ဈေးရောင်းပွဲတော်များ၊အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊
အငြိမ့်ပွဲ၊ ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊
အလှဓာတ်ပုံရိုက်ကူးခြင်းများအတွက် ခန်းမများ ငှားရမ်းခြင်းနှင့်
ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရန်လိပ်စာ
၇၈ လမ်း နှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ။
ဖုန်း - ၀၉ ၆၉၅၀၀၈၆၈၀၊ ၀၉ ၆၆၇၈၉၉၉၉၃၊ ၀၉ ၆၆၇၈၉၉၉၉၂၊ ၀၂ ၄၀၃၀၄၃၈၊ ၀၂ ၄၀၃၀၄၃၉။




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၀၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

**ပျောက်ဆုံးကြောင်း**

မန္တလေး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ နယ်မြေ(၁)နေ ဦးခင်မောင်တင့် (၉/မခန(နိုင်)၁၈၉၂၆၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (MC-446658) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၆၆၂၇၅၁၉၁

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ရဲသူရိန်မြင့်မြတ် (ဘ) ဦးသက်ထိုက်စိုး၊ မှတ်ပုံတင်အမှတ် ၉/ခမစ(နိုင်)၀၈၂၃၀၁၊ ချမ်းမြသာစည်မြို့နယ်နေသူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-809546) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၄၆၄၄၆၃၆၃

**ပျောက်ဆုံးကြောင်း**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ သံလျှက်မော်အနောက်နေ မမျိုးမျိုးထွေး (ဘ) ဦးကျော်ရှိန် (၉/မဟမ(နိုင်)၀၂၈၂၉၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-666414) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။၀၉-၂၀၅၃၁၄၄

**ပျောက်ဆုံးကြောင်း**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ သံလျှက်မော်အနောက်နေ ဒေါ်ခင်စောဝင်း (ဘ) ဦးညွန့်အောင် (၉/မနတ(နိုင်)၀၄၀၃၄၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-666411) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။၀၉-၂၀၅၃၁၄၄

**ပျောက်ဆုံးကြောင်း**

ကန်မြို့နယ်နေ မောင်ဇင်မောင်သိန်း (ဘ) ဦးသိန်းစံ (၅/ကနန(နိုင်)၁၆၇ ၉၆၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (A-233517) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၇၃၈၈၀၆၈၇

**ပျောက်ဆုံးကြောင်း**

ကန်မြို့နယ်နေ မောင်နိုင်ဇော်ထွန်း (ဘ) ဦးခိုး (၅/ကနန(နိုင်)၀၇၉၃၄၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (M-846773) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၂၀၇၄၆၅၇၁

**ပျောက်ဆုံးကြောင်း**

ပြင်ဦးလွင်မြို့နေ မောင်မင်းသန့်ဇင် (ဘ)ဦးဇင်မင်းအောင် (၉/ပဥလ(နိုင်) ၀၅၈၂၄၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (MH-185303) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၆၅၂၇၀၄၃၁

စာအုပ်စာပေ
လူ့မိတ်ဆွေ

ကြိုတင်ကာကွယ်
မီးအန္တရာယ်

ရန်သူ
မီးဘေး
တားဆီးရေး
မနေး
ဆောင်ရွက်ကြ

ခြင်ဆေးခွေ
သုံးလျှင်
သတိယှဉ်
အောက်တွင်
ခံခွက်
မမေ့နှင့်

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

❖ နိုင်ငံတော်တွင် မည်သည့်နိုင်ငံရေးစနစ်၊ မည်သည့်အစိုးရ ဦးဆောင်သည်ဖြစ်စေ တပ်မတော်အနေဖြင့် တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ဆက်လက်ထိန်းသိမ်းသွားရမည်ဖြစ်...

❖ တပ်မတော်အနေဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူလူထုအကျိုးအတွက် ကာကွယ်စောင့်ရှောက်သူ (Guardian)အဖြစ် ယင်းတာဝန်များကို ထမ်းဆောင်သွားမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်၏ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၄) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်) ၂-၁၂-၂၀၂၂

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

# အာဆီယံအမျိုးသမီးယူ-၁၉ ပြိုင်ပွဲတွင် အင်ဒိုနီးရှားအသင်းကို အနိုင်ရရှိပြီး မြန်မာအသင်း တတိယဆုဆွတ်ခူး



**ရန်ကုန် ဇူလိုင် ၁၅**

အင်ဒိုနီးရှားနိုင်ငံ ပလမ်ဘန်းမြို့၌ ကျင်းပလျက်ရှိသည့် ၂၀၂၃ အာဆီယံအမျိုးသမီးယူ-၁၉ပြိုင်ပွဲ တတိယလုပွဲစဉ်အဖြစ် ယနေ့မြန်မာစံတော်ချိန် ညနေ ၃နာရီက မြန်မာယူ-၁၉ အမျိုးသမီးအသင်းနှင့် အင်ဒိုနီးရှားယူ-၁၉အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာယူ-၁၉ အမျိုးသမီးအသင်းက ပင်နယ်တီအဆုံးအဖြတ်ဖြင့် အင်ဒိုနီးရှားယူ-၁၉အမျိုးသမီးအသင်းကို အနိုင်ရရှိခဲ့ပြီး တတိယဆုဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး အပြန်အလှန် တိုက်စစ်ဆင်မှုများဖြင့် ဖိအားပေးကစားခဲ့ကြပြီး ပွဲချိန် မိနစ် ၃၀ တွင် ယှဉ်လွန်းအိမ်က မြန်မာအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် မြန်မာယူ-၁၉အမျိုးသမီးအသင်းက

**စာမျက်နှာ ၁၈ ကော်လံ ၁** ❖

**အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်**

စာမျက်နှာ - ၂၀

**ယခုဘဏ္ဍာနှစ် ဇွန်လကုန်ထိ မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်က ယခင်ဘဏ္ဍာနှစ်ကာလတူထက် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၁၆၇ ဒသမ ၀၈၇ သန်းဖိုး ပိုမိုဆောင်ရွက်နိုင်ခဲ့**

စာမျက်နှာ - ၂၇

**ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်**

စာမျက်နှာ - ၁၉



မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

OUR SERVICES

Current Deposit Account
Savings Deposit Account
Fixed Deposit Account
Call Deposit Account
Scholarship Funding Services

Loans , Overdraftand Hire Purchase System
Gift Cheque Services and Payment Order Services
Safe Deposit Locker
ATM / POS Services / MPU Debit Card / Credit Card
Mobile Banking and Internet Banking Services

MPU
"စိတ်ချရတာ မြဝတီဘဏ်"
Phone No: (01) 2301367, 2301368, 2301452, 2301378